# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇြပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၁၁ ရက်၊ သောကြာနေ့။ 15, Friday July 2016 (၈၆၂၃)


**ခန္ဓာကိုယ်ကား ပျက်စီးခြင်းသာ**

ဖြစ်မှားလိုသောစိတ်ဖြင့် ပြုခဲ့သောမကောင်းမှုကံ၊ ကြည်လင်သန့်ရှင်းသော စိတ်ဖြင့်ပြုခဲ့သော ကောင်းမှုကံတို့ကြောင့် ဖြစ်ပျက်ခံစားကြရသည်သာဖြစ်၏။ မည်သည့်တန်ခိုးရှင်၊ ဖန်ဆင်းရှင်ကမျှ ဖြစ်စေသတည်းဟု စီမံညွှန်ကြားထားခြင်းကြောင့် မဟုတ်။ ခန္ဓာကိုယ်ကား ပျက်စီးခြင်းသာရှိ၏။

စိတ္တဝဂ်(ဓမ္မပဒ-၄၁)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအထူးစီးပွားရေးဇုန် ကြည့်ရှုလေ့လာ

**အင်ချွန်း ဇူလိုင် ၁၄**

မွန်ဂိုလီးယားနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၁၁)ကြိမ်မြောက် အာရှ-ဥရောပထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ကိုရီးယားသမ္မတနိုင်ငံ၏ စီးပွားရေးအချက်အချာကျသော အင်ချွန်းအထူးစီးပွားရေးဇုန်ကို ယနေ့ နံနက်ပိုင်းတွင် ဝင်ရောက်လေ့လာသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် အင်ချွန်းအထူးစီးပွားရေးဇုန်ရှိ ဆုံးဒိုအပြည်ပြည်ဆိုင်ရာစီးပွားရေးမြို့တော် ၃၃ ထပ်မြင့် ဆုံးဒိုဂျီတာဝါ(G-Tower)ကို ကြည့်ရှုလေ့လာသည်။

အမြင့် ပေ ၄၉၀ ရှိ ဆုံးဒိုဂျီတာဝါ(G-Tower)ကို ၂၀၁၀ ပြည့်နှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ဂျီတာဝါ၏ ၂၉ ထပ်တွင် ပန်းခြံငယ်တစ်ခုနှင့် ၃၃ ထပ်တွင် ဆုံးဒိုအပြည်ပြည်ဆိုင်ရာမြို့တော်၏ လွတ်လပ်သောစီးပွားရေးဇုန်တို့ကို ထည့်သွင်းတည်ဆောက်ထားပြီး တာဝါအပေါ်ဆုံးထပ်မှနေ၍ အင်ချွန်းတံတားနှင့် အင်ချွန်းအထူးစီးပွားရေးဇုန်အတွင်းရှိ ဆုံးဒိုမြို့သစ်တို့ကို ကြည့်ရှုနိုင်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဆုံးဒိုဂျီတာဝါအတွင်းရှိ ကမ္ဘာပေါ်၏ အကြီးဆုံး မြို့ပြပေါင်းစပ်မှုစင်တာတစ်ခုဖြစ်သည့် ယူစီးတီးစင်တာသို့ ရောက်ရှိရာ တာဝန်ရှိသူများက ဆုံးဒိုစီးပွားရေးမြို့တော်နှင့် စီးတီးစင်တာ တည်ဆောက်ရခြင်းကို ရှင်းလင်းပြောကြားသည်။

ဆုံးဒိုအပြည်ပြည်ဆိုင်ရာစီးပွားရေးမြို့တော်ကို ကိုရီးယားသမ္မတနိုင်ငံ၏ လူဦးရေထူထပ်သောမြို့များထဲတွင် ပါဝင်သည့် အင်ချွန်းမြို့၏ မြေဧရိယာ ၂၀ မီလီယံစတုရန်းပေပေါ်တွင် အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံအကုန်အကျခံကာ ၂၀၀၅ ခုနှစ်၌ စတင်တည်ဆောက်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဆုံးဒိုစီးပွားရေးမြို့တော်တို့ကို ဆက်သွယ်ပေးသည့် ကမ္ဘာ့သတ္တမမြောက်အရှည်ဆုံး အင်ချွန်းတံတားနှင့်အတူ ဖွင့်လှစ်နိုင်ခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**☆



အင်ချွန်းအထူးစီးပွားရေးဇုန်ရှိ ဆုံးဒိုဂျီတာဝါ၌ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကြည့်ရှုလေ့လာစဉ်။ (ဇေသူရ-သတင်းစဉ်)

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး လက်တွေ့လုပ်ဆောင်ချက်များဖြင့် သက်သေပြရန်လို



ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၁၄**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လက်တွေ့လုပ်ဆောင်ချက်များဖြင့် သက်သေပြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ရှိရှိ လုပ်ဆောင်နေရခြင်းဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပါဝင်သူများ၏ ယုံကြည်မှု၊ ဒေသခံပြည်သူများ၏ ယုံကြည်မှု၊ နိုင်ငံသူနိုင်ငံသားများ၏ ယုံကြည်မှုနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ယုံကြည်မှုရရှိရန် လိုအပ်ကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များအပေါ်ကြုံတွေ့လာရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးတင်ပြ အကြံပြုကြစေလိုကြောင်း ပြောကြားသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✱


ခြင်အန္တရာယ်ကို ကြိုတင်ကာကွယ်ပါ...

MR.SCREEN (မစ်စတာ စခရင်)

Barrier Free Folding Screen (လျှောက်လှမ်းမဲ့ ဘာဂျာခြင်လုံဇကာ)

Side-Roll (ဘေးလိပ် - ခြင်လုံဇကာ)

DIY(ကိုယ်တိုင်တပ်ဆင်နိုင်သည်) Magnetic Screen (သံလိုက်ခြင်လုံဇကာ)

SEIKI SCREEN SYSTEMS (Japan နည်းပညာ) ဘာဂျာခြင်လုံဇကာ

Roll-Up (အပေါ်လိပ် - ခြင်လုံဇကာ)

အမှတ်(၀၀၁-ဓ/မြောက်)၊ လေးထောင့်ကန်လမ်းမကြီး၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်(ILBC မျက်စောင်းထိုး)၊ ရန်ကုန်။ 01-400434, 09 45130 9011, 09 45130 9012

## ကြေးမုံ

# တွေးခေါ်မြော်မြင်နိုင်သည့်သမိုင်းအခြေခံ

လူသားတို့သည် မိမိတို့၏ သမိုင်းတစ်လျှောက်လုံးတွင် မိမိတို့၏ လူမှုအဖွဲ့အစည်း၊ လူ့ဘောင်လောကတို့ကို အမျိုးမျိုးအဖုံဖုံဖွဲ့စည်းခဲ့ ကြ၊ တည်ဆောက်ခဲ့ကြသည်။ ထိုသို့ဖွဲ့စည်းတည်ဆောက်ခဲ့ကြရာတွင် အနာဂတ်အတွက် ကောင်းမွေ၊ ဆိုးမွေတို့ကျန်ရစ်ခဲ့သည်။ ယနေ့ကောင်းမွေ၊ ဆိုးမွေတို့ကို သိမ်းဆည်းမှတ်တမ်းပြုထားလျှင် အနာဂတ်အကျိုးပြု သမိုင်းဖြစ်လာသည်။ သမိုင်းအမွေကောင်းတို့ကို အနာဂတ်သို့ဆက်လက်သယ်ဆောင်ကာ ကောင်းသထက်ကောင်းအောင် ဆက်လက်ဖန်တီးတည်ဆောက်ကြသည်။ သမိုင်းအမွေဆိုးတို့ကို အနာဂတ်တွင် သင်ခန်းစာယူကာ ချေဖျက်ကြရသည်။ စင်စစ်သမိုင်းဟူသည်မှာ နိုင်ငံရေးဖြစ်စဉ်ဖြစ်၍ ပြီးဆုံးခြင်းမရှိနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် လူ့ဘောင်လောက၌ သံသရာလည်နေသောကြောင့်ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်အတိုင်း အတိတ်နှင့်ပစ္စုပ္ပန်၊ ပစ္စုပ္ပန်နှင့်အနာဂတ်အကြောင်းနှင့် အကျိုးဆက်စပ်၍ ရှည်လျားသော သမိုင်းကြောင်းခရီးကို မရပ်မနားတစ်သွားတည်းသွားနေရသည်။ ဤကဲ့သို့ အကြောင်းတရား၊ အကျိုးတရားများ စဉ်ဆက်မပြတ်ဖြစ်ပေါ်နေခြင်းသည်ပင် သမိုင်းဖြစ်သည်။ ကျွန်ုပ်တို့လူ့ဘောင်လောက၏ အကြောင်းတရား၊ အကျိုးတရားတို့ကို သိမြင်လိုလျှင် သမိုင်းကြောင်းကို လေ့လာကြရမည်ဖြစ်သည်။

ကျွန်ုပ်တို့မသိမီလိုက်သော သမိုင်းဖြစ်ရပ်တစ်ခုအပေါ် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါးနှင့် နေရာဒေသတို့ကိုအခြေခံ၍ စနစ်တကျချဉ်းကပ်လေ့လာသုံးသပ်ပြီး ကြောင်းကျိုးဆီလျော်သော အဖြေထုတ်မှု၊ ကောက်ချက်ပြုမှုနည်းလမ်းတို့ကို သမိုင်းသင်ခန်းစာများမှရသည်။ ထိုသမိုင်းကြောင်းတို့သည် ကျွန်ုပ်တို့အတွက် အကျိုးရလဒ်ကောင်းများရရှိသည်သာမက လူ့ဘောင်လောက ပြောင်းလဲတိုးတက်ရေးအတွက်ပါ လက်ဆင့်ကမ်း ပို့ဆောင်ပေးနိုင်သည့် အနှစ်သာရများရှိပေသည်။

ထိုမျှတန်ဖိုးကြီးမားသော သမိုင်းဆိုင်ရာများကို လူအများစိတ်ဝင်စားကြသည်။ လေ့လာလိုက်စားကြသည်။ သမိုင်းဆိုင်ရာတို့ကို စာအုပ်စာတမ်းများအပြင် ကျောင်းသင်ဘာသာရပ်အဖြစ် မြန်မာနိုင်ငံတွင်သာမက နိုင်ငံတကာတွင်ပါပြဋ္ဌာန်းသတ်မှတ်ပြီး တက္ကသိုလ်တွင် ဘာသာရပ်တစ်ခုအနေဖြင့်သင်ကြားပို့ချပေးနေသည်။ သမိုင်းဘာသာရပ်ဖြင့် ထူးချွန်ထက်မြက်သောပုဂ္ဂိုလ်များ၊ တိုင်းပြည်ခေါင်းဆောင်များလည်း ပေါ်ထွက်ခဲ့သည်။

ထိုသို့သောအခြေအနေ၌ ယခုနှစ်တက္ကသိုလ်ဝင်ခွင့်တွင် ရန်ကုန်တက္ကသိုလ်၏ ဘာသာရပ်သင်ဝင်ခွင့်များထဲမှ သမိုင်းဘာသာရပ်၏ဝင်ခွင့်ကို အမှတ်လျှော့ချခေါ်ယူမည်ဖြစ်ကြောင်း ကြားသိလိုက်ရသည်။ ယခုနှစ်တက္ကသိုလ်ဝင်ခွင့်ခေါ်ယူရာတွင် ယမန်နှစ်ကထက်အမှတ်အနည်းငယ်လျှော့ချခေါ်ယူခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့ သို့လျှော့ချခေါ်ယူလိုက်ခြင်းမှာ သမိုင်းဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ စိတ်ဝင်စားစွာလျှောက်ထားလာမှု နည်းပါးလာနေပြီး အချို့နှစ်များတွင် တက်ရောက်မည့်သူပင်မရှိသောကြောင့် ယခုကဲ့သို့ လျှော့ချခေါ်ယူခြင်းဖြစ်ကြောင်းသိရသဖြင့် များစွာဝမ်းနည်းမိပေသည်။

ရန်ကုန်တက္ကသိုလ်တွင် ဝိဇ္ဇာဘာသာတွဲ၌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဒဿနိကဗေဒ၊ ပထဝီ၊ စိတ်ပညာ၊ ဥပဒေပညာ၊ မနုဿဗေဒ၊ နိုင်ငံတကာဆက်ဆံရေး၊ ရှေးဟောင်းသုတေသန စသည့်ဘာသာရပ်များနှင့် သိပ္ပံဘာသာတွဲတွင် သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ ကုန်ထုတ်ဓာတုဗေဒ၊ ကွန်ပျူတာသိပ္ပံ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ စသည့်ဘာသာတွဲပေါင်း ၂၀ ကျော်ရှိသည်။ ထိုဘာသာတွဲများကို ကျောင်းသားများရွေးချယ်ရာ၌ မိမိတို့၏ရရှိသည့်အမှတ်အပေါ် မူတည်ပြီး ဝါသနာပါ၍ဖြစ်စေ၊ အလုပ်အကိုင်အခွင့်အလမ်းအတွက်ဖြစ်စေ ရွေးချယ်သင်ယူကြသည်။

ရန်ကုန်တက္ကသိုလ်တွင် ယမန်နှစ်စာသင်နှစ်က သမိုင်းဘာသာရပ်ကို လျှောက်ထားသူ ကျောင်းသားတစ်ဦးသာရှိကြောင်း အံ့ဩဖွယ်သိရှိရသည်။ ထို့နောက် အဆိုပါကျောင်းသားမှာ ကျောင်းမဖွင့်ခင်ကတည်းက အခြားကျောင်းသို့ပြောင်းရွှေ့သွားခဲ့သဖြင့် အဆိုပါစာသင်နှစ်တွင် သမိုင်းဘာသာရပ်၌ တက်ရောက်မည့် ကျောင်းသား တစ်ဦးတစ်ယောက်မျှမရှိဘဲ သမိုင်းစာသင်နှစ်တစ်နှစ်ပျောက်ဆုံးခဲ့ရသည်။

ဝါသနာအရင်းခံဖြင့်လေ့လာသင်ယူလိုသောကျောင်းသားများအနေဖြင့် သမိုင်းဘာသာရပ်ကို မရွေးချယ်လိုကြသည့် ယခုကဲ့သို့ဖြစ်ရပ်မျိုးကြုံတွေ့ရသောအခါ ကျောင်းသား ကျောင်းသူများ၏ ယုံကြည်ချက်၊ ခံယူချက်တို့အပေါ် စောကြောဖွယ်ဖြစ်လာသည်။ အမှန်တကယ်တွင် သမိုင်းဘာသာရပ်ဟူသည်မှာ အတိတ်ကဖြစ်ပျက်ခဲ့သော ထူးခြားသည့် အကြောင်းအရာများကို ထုတ်နုတ်ဆန်းစစ်ကာ အနာဂတ်တွင် ပိုမိုကောင်းမွန်သော အတွေးအမြင်များ၊ လုပ်နည်းကိုင်နည်းများကို ရရှိနိုင်သောဘာသာရပ်ဖြစ်သဖြင့် အထူးလေ့လာလိုက်စားသင့်သော ဘာသာရပ်ကောင်းတစ်ခုပင်ဖြစ်ပါကြောင်း။ ။

# စုံညီခုံရုံးက ရွေးကောက်ပွဲအယူခံမှုအမှတ် (၄)၊ (၅) နှင့် (၆) တို့အား ဩဂုတ် ၃ ရက် အပြီးသတ်အမိန့်ချမှတ်မည်

**နေပြည်တော် ဇူလိုင် ၁၄**

ရှမ်းပြည်နယ် ပြည်သူ့လွှတ်တော် ဟိုပန်မြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးယောဟန် ("ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ)မှ ဟိုပန်မြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျင်ဝမ်း ("ဝ"ဒီမိုကရက်တစ်ပါတီ) အပေါ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၇၊ ၆၈ နှင့် နည်းဥပဒေ ၈၇ တို့အရ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်က ကန့်ကွက်လွှာ တင်သွင်းခဲ့ရာ ၂၀၁၆ ခုနှစ် မေလ ၃၁ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့် ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် ရွေးကောက်ပွဲ ခုံအဖွဲ့ (၁) က ရှမ်းပြည်နယ် ဟိုပန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် လျှောက်ထားခံရသူ ဦးကျင်ဝမ်းအား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်း ဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးယောဟန်၏ ကန့်ကွက်လွှာကို စရိတ်နှင့်တကွ ပယ်လိုက်သည့် စီရင်ချက်(အမိန့်)ကို ချမှတ်ခဲ့ခြင်းအပေါ် ဦးယောဟန်က ဇွန် ၈ ရက်တွင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၄ (က)အရ အယူခံမှုလျှောက်ထားတင်ပြလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့ပြီးဖြစ်သည်။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀၁ အရ ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအမှတ် (၄/၂၀၁၆)ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအားလုံး ခုံရုံးအဖွဲ့ဝင်များအဖြစ်ပါဝင်သည့် စုံညီခုံရုံးရှေ့မှောက်တွင် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၀ အရ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ကိုယ်စားဆောင်ရွက်စေရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သင့်လျော်သော ဥပဒေအရာရှိအဆင့်(၁)ထက်မနိမ့်သည့် ပုဂ္ဂိုလ်အား ရုံးတော်သဟာယအဖြစ် ဖိတ်ကြားလျက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၉၉ အရ တင်သွင်းလာသည့် ရွေးကောက်ပွဲအယူခံမှု အမှတ် (၄/၂၀၁၆)ကို ဇူလိုင် ၁၃ ရက်တွင် နှစ်ဖက်လျှောက်လဲချက်များနှင့် ရုံးတော်သဟာယ၏ ဥပဒေအကြံဉာဏ်ပေးချက်များကို ကြားနာပြီးနောက် ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီတွင် ယင်းအယူခံမှုအတွက် အပြီးသတ်အမိန့်ချမှတ်မည်ဖြစ်ကြောင်း သိရသည်။


ရှမ်းပြည်နယ် ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးစောဖီးလစ် ("ဝ"အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ)မှ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးခွန်ထွန်းလူ(ခ)ဦးဒီကီ ("ဝ" ဒီမိုကရက်တစ်ပါတီ) အပေါ် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၇၊ ၆၈နှင့် နည်းဥပဒေ ၈၇ တို့အရ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၃ ရက်က ကန့်ကွက်လွှာတင်သွင်းလာရာ ၂၀၁၆ ခုနှစ် မေ ၃၁ ရက်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့် ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် ရွေးကောက်ပွဲ ခုံအဖွဲ့ (၁) က ရှမ်းပြည်နယ် ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် လျှောက်ထားခံရသူ ဦးခွန်ထွန်းလူ (ခ) ဦးဒီကီအား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်း ဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးစောဖီးလစ်၏ ကန့်ကွက်လွှာကို စရိတ်နှင့်တကွ ပယ်လိုက်သည့်စီရင်ချက်(အမိန့်) ချမှတ်ခဲ့ခြင်းအပေါ် ဦးစောဖီးလစ်က ၂၀၁၆ ခုနှစ် ဇွန် ၈ ရက်တွင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄(က) နှင့် နည်းဥပဒေပုဒ်မ ၉၉ အရ အယူခံမှုလျှောက်ထားတင်ပြလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့ပြီးဖြစ်သည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၁၀၁ အရ ရွေးကောက်ပွဲ ကန့်ကွက်လွှာအယူခံမှု အမှတ် (၅/၂၀၁၆) ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအားလုံး ခုံရုံးအဖွဲ့ဝင်များအဖြစ်ပါဝင်သည့် စုံညီခုံရုံးရှေ့မှောက်တွင် ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၀ အရ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ကိုယ်စားဆောင်ရွက်စေရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သင့်လျော်သော ဥပဒေအရာရှိအဆင့် (၁) ထက်မနိမ့်သည့် ပုဂ္ဂိုလ်အား ရုံးတော်သဟာယအဖြစ် ဖိတ်ကြားလျက် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄ (က)နှင့် နည်းဥပဒေ ၉၉ အရ တင်သွင်းလာသည့် ရွေးကောက်ပွဲ အယူခံမှုအမှတ် (၅/၂၀၁၆) ကို ဇူလိုင် ၁၃ ရက်တွင် နှစ်ဖက်လျှောက်လဲချက်များနှင့် ရုံးတော်သဟာယ၏ ဥပဒေအကြံဉာဏ်ပေးချက်များကို ကြားနာပြီးနောက် ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီတွင် ယင်းအယူခံမှုအတွက် အပြီးသတ်အမိန့်ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

ရှမ်းပြည်နယ် ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးဆမ်ဆောင်းကား ("ဝ" အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ)မှ ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရန်ကျော် ("ဝ" ဒီမိုကရက်တစ်ပါတီ)အပေါ် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၇၊ ၆၈ နှင့် နည်းဥပဒေ ၈၇ တို့အရ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်က ကန့်ကွက်လွှာတင်သွင်းလာရာ ၂၀၁၆ ခုနှစ် မေလ ၃၁ ရက်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့် ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့ (၁)က ရှမ်းပြည်နယ် ဟိုပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)တွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် လျှောက်ထားခံရသူ ဦးရန်ကျော်အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်း ဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးဆမ်ဆောင်းကား၏ ကန့်ကွက်လွှာကို စရိတ်နှင့်တကွ ပယ်လိုက်သည့် စီရင်ချက်(အမိန့်)ချမှတ်ခဲ့ခြင်းအပေါ် ဦးဆမ်ဆောင်းကားက ဇွန် ၈ ရက်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၄ (က) နှင့် နည်းဥပဒေ ၉၉ တို့အရ အယူခံမှုလျှောက်ထားတင်ပြလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့ပြီးဖြစ်သည်။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၁၀၁ အရ ရွေးကောက်ပွဲ ကန့်ကွက်လွှာအယူခံမှု အမှတ် (၆/၂၀၁၆) ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအားလုံး ခုံရုံးအဖွဲ့ဝင်များအဖြစ်ပါဝင်သည့် စုံညီခုံရုံးရှေ့မှောက်တွင် ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၀ အရ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ကိုယ်စားဆောင်ရွက်စေရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ သင့်လျော်သော ဥပဒေအရာရှိအဆင့် (၁) ထက်မနိမ့်သည့် ပုဂ္ဂိုလ်အား ရုံးတော်သဟာယအဖြစ် ဖိတ်ကြားလျက် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၄ (က) နှင့် နည်းဥပဒေ ၉၉ အရ တင်သွင်းလာသည့် ရွေးကောက်ပွဲအယူခံမှုအမှတ် (၆/၂၀၁၆)ကို ဇူလိုင် ၁၃ ရက်တွင် နှစ်ဖက်လျှောက်လဲချက်များနှင့် ရုံးတော်သဟာယ၏ ဥပဒေအကြံဉာဏ်ပေးချက်များကို ကြားနာပြီးနောက် ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီတွင် ယင်းအယူခံမှုအတွက် အပြီးသတ်အမိန့်ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



ဇူလိုင် ၁၄ ရက်က ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ အမှတ် (၂၅) ရပ်ကွက်အတွင်းရှိ ရွှေနှင်းဆီလမ်း၊ အောင်ရတနာလမ်းနှင့် အခြားလမ်းတို့တွင် လမ်းသွားလမ်းလာ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မိုးထဲလေထဲတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာ ပန်းဥယျာဉ်မှ ဝန်ထမ်းများ၊ ရပ်မိရပ်ဖများ စုပေါင်း၍ သစ်ပင်ခုတ်ခြင်း၊ အမှိုက်များရှင်းလင်းခြင်း ဆောင်ရွက်ကြစဉ်။

**ခင်မောင်ဝင်း(ကြေးမုံ)**

## လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဟောပြော

**ဆင်ပေါင်ဝဲ ဇူလိုင် ၁၄**

လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၃ ရက်က ကိုးပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ သံလွင်ခန်းမ၌ ကျင်းပရာ သရက်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းမြင့်မြင့်အေးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဒေါ်ပြုံးသီရိဝေက လူမှောင်ခို၊ လူကုန်ကူးမှုနှင့်ပတ်သက်၍ ဥပဒေအကြောင်းအရာများနှင့် မြို့မရဲစခန်းမှူး ဒု-ရဲမှူး အေးကိုကိုက လူကုန်ကူးမှုနည်းလမ်းများကို ဟောပြောခဲ့သည်။ **(မျိုးမျိုး)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝင်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ ရက် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၃ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၃၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၃၃၅၅

☆ **ရှေ့ဖုံးမှ**

ဆုံးဒိုစီးပွားရေးမြို့သည် ကိုရီးယားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့ပြဒေသဖွံ့ဖြိုးတိုးတက်မှုတို့တွင် စံနမူနာထားသည့် မြို့တော်တစ်ခုဖြစ်ပြီး ကိုရီးယားနိုင်ငံနှင့် အာရှဒေသ၏ အဓိကမြို့များဖြစ်သော ရှန်ဟိုင်း၊ ဟောင်ကောင်နှင့် တိုကျိုမြို့တို့ကို အဓိကဆက်သွယ်ပေးရာ မြို့တစ်မြို့လည်းဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စင်တာအတွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများသာမက လူသားများနေထိုင်သက်မွေးမှုလုပ်ငန်းများတွင် ခေတ်မီနည်းပညာများဖြင့် ယာဉ်အသွားအလာထိန်းချုပ်မှုနည်းစနစ်များ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအမံများနှင့် လေထုညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် အကောင်အထည်ဖော်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် တောင်ကိုရီးယားနိုင်ငံအတွက် ၁၉၅၀ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ရဲဝံ့ပြောင်မြောက်စွာဖြင့် ကမ်းတက်တိုက်ပွဲဝင်ခဲ့သည့် အမေရိကန်ဗိုလ်ချုပ်ကြီး ဒေါက်ဂလပ်မက်အာသာ ဦးဆောင်သော တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုသည့် အင်ချွန်းကမ်းတက်စစ်ဆင်ရေး အမှတ်တရခန်းမ (Memorial Hall for Inchwon Landing Operation) အတွင်းရှိ ကိုရီးယားစစ်ပွဲကာလ သရုပ်ဖော်ပန်းချီကားများ၊ အင်ချွန်းတိုက်ပွဲ၌ နှစ်ဖက်ကိုရီးယားတပ်ဖွဲ့များ အသုံးပြုခဲ့သည့် လက်နက်စနစ်များ၊ ယူနီဖောင်းများ၊ ချပ်ဝတ်တန်ဆာများ ပါဝင်သော ဗီဒီယိုမှတ်တမ်းများကို ကြည့်ရှုလေ့လာသည်။

အင်ချွန်းကမ်းတက် စစ်ဆင်ရေးအမှတ်တရခန်းမကို ၁၉၈၄ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ကိုရီးယားစစ်ပွဲကာလအတွင်း တောင်ကိုရီးယားတပ်ဖွဲ့များဘက်မှ ဝင်ရောက်တိုက်ခိုက်ပေးသည့် နိုင်ငံပေါင်း ၁၆ နိုင်ငံ၏ အလံများကို လွှင့်ထူဂုဏ်ပြုထားသည့်အပြင် စစ်ပွဲကာလအတွင်း အသုံးပြုခဲ့သည့် တင့်ကားများနှင့် လက်နက်စနစ်များကို ပြသထားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် အဖွဲ့ဝင်များအား မြန်မာသံအမတ်ကြီး သူရဦးသက်ဦးမောင်က ဆုံးဒိုအထူးစီးပွားရေးမြို့တော်ရှိ ကိုရီးယားရိုးရာစားသောက်ဆိုင်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းခဲ့သည်။

မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာရာ မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့ ဂျင်ဂျစ်ခန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ရောက်ရှိကြသည်။

**(သတင်းစဉ်)**

## လူတန်းစေ့စေ့ နေနိုင်ဖို့

ကျွန်တော်တို့ ပြောကောင်းရုံကလေးအတွက် ကြိုးပမ်းနေကြတာမဟုတ်ဘူး။ ခပ်တိုတိုပြောရင် လူတန်းစေ့စေ့နေနိုင်အောင်လုပ်ပေးဖို့ လွတ်လပ်ရေးအတွက် ကြိုးပမ်းနေကြတာ၊ အဲဒီတော့ လွတ်လပ်ပြီးတဲ့နောက် လူတန်းစေ့စေ့နေနိုင်ဖို့ အလုပ်တွေကိုမလုပ်ရဘဲ ကဖျက်ယဖျက်သမားတွေရဲ့ နှောင့်ယှက်မှုတွေကို တုံ့ပြန်နေရတာနဲ့သာ အချိန်ကုန်နေကြရမယ်ဆိုရင် လွတ်လပ်ရေးရတာဟာ အဓိပ္ပာယ်ကို ရှိမှာမဟုတ်ဘူး။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ ရေဒီယိုအသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**





နိုင်ငံတော်သမ္မတ ဦးထင်ကျော် အင်ချွန်းကမ်းတက်စစ်ဆင်ရေးအတွင်း အသုံးပြုခဲ့သည့် ကမ်းတက်ယာဉ်အား ကြည့်ရှုလေ့လာစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)



ဆုံးဒိုအပြည်ပြည်ဆိုင်ရာ စီးပွားရေးမြို့တော်အား တွေ့မြင်ရစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

❖ **မြန်မာဆန်မှ**

ဦးအောင်မြင့်က "သင်္ကြန်ကာလကနေ အခုထိ ပြည်တွင်းဆန်ဈေးကအတက်၊ အကျသိပ်မရှိဘူး။ ဈေးငြိမ်နေတယ်။ ဒီနှစ်ကတော့ ပြည်ပဆန်တင်ပို့မှုလျော့ကျသွားနိုင်တယ်"ဟု ပြောသည်။

ယခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီလများအတွင်းက ဥရောပနှင့် အီးယူနိုင်ငံများသို့ ပင်လယ်ရေကြောင်းမှ တင်ပို့နေသည့် ဆန်ဈေးကွက်တွင် ၂၅ မှတ်တန် ဆန်ကြမ်းတစ်တန်လျှင် ဒေါ်လာ ၃၆၀ ဈေးနှုန်းရှိရာမှ လက်ရှိတွင် ၂၅ မှတ်တန် ဆန်ကြမ်းတစ်တန်လျှင် ဒေါ်လာ ၃၃၀ အထိဈေးကျဆင်းသွားကြောင်း ၎င်းက ဆိုသည်။

ဦးအောင်မြင့်က "မြန်မာနိုင်ငံကပို့ကုန်တွေကို တရုတ်အစိုးရက ဖမ်းဆီးတာရော၊ ဒေါ်လာဈေးကျဆင်းသွားတာရောကြောင့် ပြည်ပအရောင်းအဝယ်သိပ်မရှိတော့ ပြည်တွင်းဆန်ဈေးမှာပါ အတက်၊ အကျ သိပ်မရှိတာပါ။ မနှစ်ကတော့ ရေကြီးရေလျှံမှုတွေဖြစ်လို့ ပြည်တွင်းဆန်ဈေးတွေ ခဏတော့တက်လိုက်သေးတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့သည့် ဆန် ၇၀ ရာခိုင်နှုန်းခန့်သည် တရုတ်သို့ မူဆယ်မှတစ်ဆင့် တင်ပို့နေခြင်းဖြစ်ပြီး အာဖရိက၊ ဥရောပနိုင်ငံများနှင့် အာဆီယံနိုင်ငံအချို့ကို ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ရေကြောင်းမှ တင်ပို့နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့နေသည့် ဆန်အမျိုးအစားများမှာ ဧယာ/ဧည့်မထဆန်အကျိုးအကြေ ဆန်ကွဲ ၂၅ မှတ်တန်များကို တင်ပို့နေခြင်းဖြစ်ပြီး လက်ရှိ ပြည်တွင်းဆန်ဈေးကွက်တွင် အဆိုပါဧည့်မထဆန်ကွဲတစ်အိတ်လျှင် ကျပ် ၁၇၀၀၀ မှ ၁၇၅၀၀ ထိ ဈေးနှုန်းရှိကြောင်း AMIA ၏ ဈေးနှုန်းများအရ သိရသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIA) ၏ နေ့စဉ်ဈေးကွက်လေ့လာချက်များအရ ဧပြီလအတွင်းက ပြည်တွင်းဆန်ဈေးကွက်တွင် ဆန်ချောအမျိုးအစားဖြစ်သည့် ပေါ်ဆန်းဆန်သစ်များ တစ်အိတ်လျှင် ကျပ် ၃၃၀၀၀၊ ၄၄၀၀၀ ဝန်းကျင်မှ လက်ရှိတွင် တစ်အိတ်လျှင် ၃၁၀၀၀၊ ၄၂၀၀၀ ဖြင့် ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်။

အလားတူ ဧပြီလအတွင်းက ဆန်ကြမ်းအမျိုးအစားဖြစ်သည့် ဧည့်မထဆန် ၅ မှတ်တန် တစ်အိတ်လျှင် ကျပ် ၂၃၀၀၀ မှ လက်ရှိတွင် ကျပ် ၂၀၅၀၀ မှ ၂၃၅၀၀ အတွင်း အရောင်းအဝယ်ဖြစ်နေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၄ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၂ သန်းနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၈ သန်း တင်ပို့နိုင်ခဲ့ပြီး ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၁ ဒသမ ၄ သန်းခန့်သာတင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

**ဖြိုးလွင်အောင်(AMIA)၊ ဓာတ်ပုံ(AMIA)**

## ချင်းတွင်းမြစ်ရေ အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၄**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ၂ ပေခွဲခန့်၊ ကလေးဝမြို့တွင် ၁ ပေခန့်၊ မင်းကင်းမြို့တွင် ၁ ပေခွဲခန့်နှင့် မုံရွာမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်များအောက် ပြန်လည်ကျဆင်းနိုင်သည်။ အဆိုပါမြစ်ရေသည် ကနီမြို့တွင် ၃ ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ၁ ပေခွဲခန့်ကျဆင်းကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

**(ကြေးမုံ)**

# ပြည်သူ၊ အစိုးရ၊ လွှတ်တော်နှင့် တပ်မတော် ပူးပေါင်းဆောင်ရွက်ပါက ရခိုင်ပြည်နယ် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်

နေပြည်တော် ဇူလိုင် ၁၄

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့ညနေ ၅ နာရီခွဲတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ်ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်ပြီး ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။**



တွေ့ဆုံပွဲတွင် ဒုတိယသမ္မတက သဘာဝဘေးအန္တရာယ်ဟူသည် ရှောင်လွှဲ၍ မရနိုင်သော်လည်း အကောင်းဆုံးဖြစ်အောင် ရင်ဆိုင်ကျော်လွှားရမည်ဖြစ်ကြောင်း၊ ဘေးဒုက္ခ၊ အန္တရာယ်၊ အခက်အခဲများနှင့် တွေ့ကြုံရသည့်အချိန်တွင် အဓိကအချက်မှာ စိတ်ဓာတ်ခိုင်မာရေးပင်ဖြစ်ကြောင်း၊ ယခုဒေသသည် ရေဘေးနှင့် မုန်တိုင်းဘေးအန္တရာယ်များကို မကြာခဏ ကြုံတွေ့နေကျဖြစ်၍ အတွေ့အကြုံ ရင့်ကျက်နေကြပြီဖြစ်သကဲ့သို့ တွေ့ကြုံလာသမျှ အခက်အခဲများကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်ဖြတ်လာခဲ့ကြသူများ ဖြစ်သည်ကိုလည်း သိရှိထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးဖြစ်လျှင်ဖြစ်ချင်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များစုစည်းပြီး ရင်ဆိုင်ကြရစမြဲဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့်လည်း အမြန်ဆုံးလာရောက်၍ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ယခု ပြည်ထောင်စုအဆင့်၊ နိုင်ငံတော်အဆင့် မိမိကိုယ်တိုင်လာရောက်၍ အားပေးခြင်းဖြစ်ကြောင်း၊ လိုအပ်သည်များကို အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ရခိုင်ပြည်နယ်သည် ထူးခြားသော ပထဝီသဘောသဘာဝရှိသည့်အလျောက် ရှုပ်ထွေးသော နောက်ခံအခြေအနေများလည်း ရှိကြောင်း၊ သို့သော် ရခိုင်ပြည်နယ်သည် ပင်လယ်ကမ်းရိုးတန်းနှင့် ထိစပ်နေပြီး စီးပွားရေးအခြေခံကောင်းများ တည်ရှိနေသော ပြည်နယ်ဖြစ်ကြောင်း၊ ရေမြေအနေအထားအရ အခြေခံအဆောက်အအုံပြည့်စုံမှု နည်းပါးနေခဲ့ရသည်ကိုလည်း မိမိတို့ အလေးထားဆောင်ရွက်ပေးရန် ကြိုးစားလျက်ရှိကြောင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားသော စီးပွားရေးအခွင့်အလမ်းများ မြင့်မားလာစေရန် ဆပ်ကော်မတီအသီးသီးက ပြည်နယ်အစိုးရနှင့် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများ တိုးတက်မြင့်မားလာရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မကြာတော့သည့်အချိန်တွင် ရခိုင်ပြည်နယ်အတွင်း စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များ ပေါ်ထွက်လာစေရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်း၍ ဘက်စုံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်နယ်ရှိ ဒေသခံပြည်သူများအနေဖြင့် အလုပ်ကို ကြိုးစားပမ်းစား လုပ်ကိုင်ကြပြီး ပေါ်ထွန်းလာသည့် အခွင့်အလမ်းများကို အမိအရရယူဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားလိုကြောင်း ဒုတိယသမ္မတက ဆက်လက်ပြောကြားသည်။

ဒုတိယသမ္မတက တစ်ဖက်တွင်လည်း စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ရည်မှန်း၍ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နေပါကြောင်း၊ မကြာသေးမီကပင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်၍ ဖွဲ့စည်းခဲ့ကြောင်း၊ ထိုစင်တာ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် ရခိုင်ပြည်အရေးကိစ္စလည်း ပါဝင်နေကြောင်း၊ နိုင်ငံရေးပြဿနာများကို ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ အနာဂတ်ကို မိမိတို့ ပြည်သူများကပင် တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် အောင်မြင်ရေးမှာ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု အဓိကကျကြောင်း၊ ပြည်သူလူထုကို ရှေးရှုသော အစိုးရဖြစ်ရေး မျှော်မှန်းဆောင်ရွက်နေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မုန်တိုင်းမကျရောက်မီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ပြည်နယ်အစိုးရနှင့်ပူးပေါင်းပြီး ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ဖွံ့ဖြိုးမှုနောက်ကျသည့် ရခိုင်ဒေသကို ဝန်ကြီးဌာနအသီးသီး ပူးပေါင်းပြီးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းရေးပင်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင် ဥက္ကဋ္ဌတာဝန်ယူပြီး ဆောင်ရွက်ပေးနေပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်နေချိန်တွင် ရခိုင်ပြည်သူများ ပါဝင်ရန်လိုအပ်ပါကြောင်း၊ ယခုလို သဘာဝဘေး ကျရောက်ချိန်တွင် တပ်မတော်အနေဖြင့် ထောက်ပံ့ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်၍ တပ်မတော်၏ အခန်းကဏ္ဍမှာလည်း အရေးကြီးပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးက ရေကြီးမှုဖြစ်ပွားလျက်ရှိသည့် နယ်မြေဒေသအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးက ၂၀၁၆ ခုနှစ်အတွင်း ရခိုင်ပြည်နယ်၏ သဘာဝဘေးဖြစ်စဉ်များ၊ လတ်တလောရေကြီးမှုဖြစ်ပွားလျက်ရှိသည့် ဒေသများမှ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများထောက်ပံ့ပေးနေမှု၊ အစိုးရမဟုတ်သည့်အဖွဲ့များမှ ထောက်ပံ့ရေးပစ္စည်းများ ထောက်ပံ့ပေးနေမှု၊ ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ ကျေးရွာများရေဝင်ရောက်မှု၊ လမ်း၊ တံတားများ ပျက်စီးမှု၊ ပြန်လည်ထူထောင်ရေး လိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၃၆၀၊ ကျောက်ဖြူဘိုးဘွားရိပ်သာစကြံလမ်းအတွက် ငွေကျပ် ၂၇၃ ဒသမ ၆ သိန်း၊ ရခိုင်ပြည်နယ်အတွင်းဆိုင်ကလုန်း Shelter ခြောက်လုံး ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၆၀၀၀ ကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်းဦးက ပေါက်တောမြို့နယ် IDP စခန်းများတွင် သောက်သုံးရေရရှိရေးအတွက် ငွေကျပ် ၄၃၄ သိန်းကိုလည်းကောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဆေးပစ္စည်းများကိုလည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ရေဘေးသင့်ဒေသများနှင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးမည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် သဘာဝဘေးအန္တရာယ်များ ကျရောက်နိုင်သည့်အတွက် စီမံကိန်းများဆောင်ရွက်ရာတွင် ရေတိုရေရှည် ကြိုတင်မျှော်မှန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဦးဆောင်ပြီး အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ၊ အစိုးရ၊ လွှတ်တော်နှင့် တပ်မတော် ပူးပေါင်းဆောင်ရွက်ပါက အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုတွေ့ဆုံပွဲမှ တင်ပြချက်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဦးစားပေးစီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

# ဒေသခံများ စိုးရိမ်ပူပန်မှုဖြစ်နေရသည့် မြေပြိုဆည် ကျိုးပေါက်သွားခဲ့ကြောင်း ဆည်မြောင်းဦးစီးဌာနက အတည်ပြုပြောကြား



**ကလေး ဇူလိုင် ၁၄**

ကလေးမြို့နှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံများ စိုးရိမ်ပူပန်မှုဖြစ်နေရသည့် ချင်းပြည်နယ် တွန်းဇံမြို့နယ်အတွင်း သဘာဝအတိုင်း ဖြစ်ပေါ်နေသည့် မြေပြိုဆည်သည် ဇူလိုင် ၃ ရက်က ကျိုးပေါက်သွားခဲ့ကြောင်း ဆည်မြောင်းဦးစီးဌာနက ယနေ့ညနေပိုင်းတွင် မြန်မာ့သတင်းစဉ်သို့ အတည်ပြု ပြောကြားသည်။

"မြေပြိုဆည် ကျိုးပေါက်သွားတဲ့အတွက် အန္တရာယ်မရှိတော့ဘူး။ ဇူလိုင် ၃ ရက်ကတည်းက ပေါက်သွားတာ။ ဒီနေ့မှ သိရတာ။ တပ်မတော်သားတွေရယ်၊ ရဲတပ်ဖွဲ့ဝင်တွေရယ်၊ မီးသတ်တပ်ဖွဲ့ဝင်တွေရယ်၊ ဆည်မြောင်းကဝန်ထမ်းတွေရယ် ဒီနေ့သွားကြည့်တာ။ ဆည်မြောင်းက ပေးထားတဲ့လမ်းကြောင်းအတိုင်း မြေပြိုဆည်ပေါက်သွားတာ" ဟု ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမော်မော်နိုင်က ပြောသည်။

မြေပြိုဆည်သည် ဆည်မြောင်းဦးစီးဌာနမှ တူးဖော်ပေးထားသော ရေလမ်းကြောင်းအတိုင်း ကျိုးပေါက်သွားခြင်းဖြစ်ပြီး ကျိုးပေါက်မှုမှာ အကျယ် ပေ ၅၀၀ ခန့်ဖြစ်၍ မြေပြိုဆည်အတွင်း ရေအနည်းငယ်သာ ကျန်ရှိတော့ကြောင်း သိရသည်။

ကလေးမြို့ ဒေသခံတစ်ဦးဖြစ်သူ ကိုကျော်သက်ဝင်းက "မြေပြိုဆည်ပေါက်သွားတဲ့သတင်းကြောင့် ဒေသခံတွေရဲ့ စိုးရိမ်မှုက လျော့ကျသွားတယ်"ဟုပြောသည်။

ဇူလိုင် ၃ ရက်က အဆိုပါမြေပြိုဆည် ကျိုးပေါက်မှုကြောင့် တွီလီချောင်းမှတစ်ဆင့် မိုးရေများသည် ရေအလုံးအရင်းဖြင့် နုန်းတားဆည်အား ဖြတ်ကျော်ပြီး ရာဇဂြိုဟ်ဆည်အတွင်း ဝင်ရောက်လာကာ နံနက် ၁၀ နာရီ ၄၅ မိနစ် တိုင်းတာချက်အရ အမြင့်ဆုံးရေမှတ် ၆၅၁ ဒသမ ၅ အထိရောက်ရှိခဲ့ပြီး ရာဇဂြိုဟ်ဆည်အထက်တွင်ရှိသည့် နုန်းတားဆည်များ ပျက်စီးမှုအချို့ရှိခဲ့ကြောင်း ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

**သတင်း-မင်းသစ်(သတင်းစဉ်)**
**ဓာတ်ပုံ-ဆည်မြောင်း**

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမအစည်းအဝေး ဒုတိယနေ့ကျင်းပ



**ရန်ကုန် ဇူလိုင် ၁၄**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်က ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏိကာဘိဝံသက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဖွဲ့ဝင်ဆရာတော်များက ဝေဖန်ဆွေးနွေးတော်မူကြသည်။ ထို့နောက် ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ဆက်လက်၍ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာ၊ ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာ ဆောင်ရွက်ချက်များကို အဖွဲ့ဝင်ဆရာတော်များက ပြန်လည်ရှင်းလင်းလျှောက်ထားတော်မူကြပြီး စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏိကာဘိဝံသက အတည်ပြုချက်ရယူသည်။

ထို့နောက် အစည်းအဝေးသို့ကြွရောက်တော်မူလာကြသည့် ဆရာတော်များအားလုံးက ဇယန္တောဗောဓိယာမူလေ အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူပြီး သာဓုသုံးကြိမ်ခေါ်ဆိုကာ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၄**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏အကြံပေး Ambassador Kristie Kenney နှင့် သံအမတ်ကြီး H.E.Mr. Scot Marciel တို့အား ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် ကျေးရွာစာကြည့်တိုက်များအား Community Center များအဖြစ် ပြောင်းလဲနိုင်ရေး ပြင်ဆင်နေမှု၊ ယခင်မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း(ယခုစာပေဗိမာန်)အား အဆင့်မြှင့်တင်ဆောင်ရွက်နေမှု၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို နိုင်ငံပိုင်မီဒီယာမှ ပြည်သူ့ဝန်ဆောင်မှုမီဒီယာသို့ ပြောင်းလဲနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေမှုနှင့် Access to Information အတွက် ဝန်ကြီးဌာနအသီးသီးတွင် ပြောရေးဆိုခွင့်ရှိသူများခန့်ထား၍ လေ့ကျင့်ဆောင်ရွက်ပေးနေမှုများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပြီး စာကြည့်တိုက်များ အဆင့်မြှင့်တင်မှုနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို အများပြည်သူဝန်ဆောင်မှု မီဒီယာအဖြစ် ပြောင်းလဲမှုလုပ်ငန်းစဉ်များ ကူညီဆောင်ရွက်နိုင်ရေးကိုလည်း ညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ဇူလိုင် ၁၉ ရက် (အာဇာနည်နေ့)၊ ဇူလိုင် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဗိုလ်ချုပ်ပြတိုက်သို့ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်

**နေပြည်တော် ဇူလိုင် ၁၄**
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ဗိုလ်ချုပ်အောင်ဆန်းနေထိုင်ခဲ့သည့် နေအိမ်များဖြစ်သော ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်နှင့် နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်တို့ကို ထိန်းသိမ်းလျက်ရှိပြီး အများပြည်သူများလေ့လာကြည့်ရှုနိုင်ရန် ခင်းကျင်းပြသလျက်ရှိသည်။ ထို့အတူ ဇူလိုင် ၁၉ ရက်တွင်ကျရောက်မည့် အာဇာနည်နေ့တွင် အထက်ပါနေအိမ်ပြတိုက်တို့ကို အများပြည်သူများ အခမဲ့လေ့လာကြည့်ရှုနိုင်ရန် နှစ်စဉ်ခွင့်ပြုပြသခဲ့သည်။

ယခု ၂၀၁၆ ခုနှစ်တွင် အာဇာနည်နေ့ဖြစ်သည့် ဇူလိုင် ၁၉ ရက်အပြင် ဇူလိုင် ၂၀ ရက်နှင့် ၂၁ ရက်အထိ အများပြည်သူများ အခမဲ့ လေ့လာကြည့်ရှုနိုင်ရေးအတွက် ရက်တိုးမြှင့်ခွင့်ပြုပြသသွားမည်ဖြစ်ကြောင်း သိရှိရပြီး ဗိုလ်ချုပ်နေထိုင်လှုပ်ရှားသွားလာခဲ့သည့် အမှတ်တရ ရှားပါးဓာတ်ပုံမှတ်တမ်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ လက်ရေးမူများကို စိတ်ဝင်စားဖွယ် ခင်းကျင်းပြသနိုင်ရေး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ရာသီအလိုက် စိုက်ပျိုးစရိတ် ချေးငွေများ အချိန်မီ အချိန်ကိုက် တောင်သူများသို့ ထုတ်ချေးပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၄**
တောင်သူများအား စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးရာတွင် ဘဏ်ချေးငွေစာချုပ် (ကဘ-၈)ပါ စည်းကမ်းချက်များနှင့် ချေးငွေညွှန်ကြားစာပါ ငွေချေးစည်းကမ်းသတ်မှတ်ချက်များအရ တောင်သူများက ၎င်းတို့၏ဆန္ဒအရ ဖွဲ့စည်းထားသော တောင်သူသုံးဦးအဖွဲ့အလိုက် ထုတ်ချေးသည့်စနစ်ဖြင့် ချေးငွေထုတ်ချေးပေးခြင်းဖြစ်ပြီး အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေအတွက် တောင်သူများထံမှ ရွှေ့ပြောင်းနိုင်သော/မရွှေ့ပြောင်းနိုင်သော အာမခံပစ္စည်းရယူခြင်း လုံးဝမရှိပါကြောင်း၊ အကြွေးမကျေသည့် တောင်သူရှိသောကျေးရွာအုပ်စုတစ်ခုလုံးအား ထပ်မံထုတ်ချေးခြင်းမပြုဆိုသည်မှာ လုံးဝမဟုတ်မှန်ပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အရာရှိတစ်ဦးထံ ဆက်သွယ်မေးမြန်းမှုအရ သိရသည်။

ဧရာဝတီတိုင်း ဒေသကြီးတွင် ယခင်နှစ်က တောင်သူဦးရေ ၃၅၁၆၉၅ ဦးအား ၂၀၁၅ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၂၃၂ ဒသမ ၄၆ ဘီလီယံ ထုတ်ချေးပေးခဲ့ရာ ၂၀၁၆ ခုနှစ် ဧပြီ ၁၅ ရက်တွင်ပေးဆပ်ရန် နောက်ဆုံးကာလပြည့်မြောက်ပြီဖြစ်သော်လည်း ယနေ့အထိ တောင်သူများပေးဆပ်ရန် ကျန်ငွေမှာကျပ် ၁၇ ဒသမ ၁၉ ဘီလီယံဖြစ်သဖြင့် ချေးငွေများအပြေအကြေ ပြန်လည်ရရှိရေးအတွက် ဆက်လက်ကြိုးပမ်းကောက်ခံနေဆဲဖြစ်ကြောင်း။

ထိုကဲ့သို့ ကြွေးကျန်များကျန်ရှိသော်လည်း ကြွေးကျေပြီးသည့် တောင်သူများအဖွဲ့ကို ၂၀၁၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ တိုင်းဒေသကြီးအတွင်း ငွေချေးသည့် ကျေးရွာအုပ်စု ၁၉၃၇ အုပ်စုအနက် ဇူလိုင် ၁၂ ရက်တွင် ၁၀၃၈ အုပ်စုကို ထုတ်ချေးပြီးဖြစ်ကြောင်း၊ ယနေ့အထိ တောင်သူ ၁၆၁၀၆၃ ဦးကို ချေးငွေကျပ် ၁၆၀ ဒသမ ၉၅ ဘီလီယံ ထုတ်ချေးပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသည့် ကျေးရွာများကိုလည်း ချေးငွေထုတ်ချေးကာလအတွင်း ပြီးစီးအောင် ထုတ်ချေးသွားမည် ဖြစ်ကြောင်း အဆိုပါ ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောပြသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် အကြွေးမကျေသော တောင်သူရှိသည့် ကျေးရွာအုပ်စုတစ်ခုလုံးအား ချေးငွေထုတ်မပေးခြင်းမျိုး လုံးဝမရှိပါကြောင်းနှင့် နိုင်ငံတစ်ဝန်းလုံးရှိ တောင်သူများသို့ ရာသီအလိုက် စိုက်ပျိုးစရိတ် ချေးငွေများ အချိန်မီ အချိန်ကိုက် ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## အသိပေးကြေညာချက်

အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက် ကြည့်ရှုလေ့လာမည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ဝင်ရောက်ခွင့်မပြုကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်-

- ❖ ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ❖ ကင်မရာအမျိုးမျိုး
- ❖ လက်ကိုင်ဖုန်းအမျိုးမျိုး
- ❖ ဗီနိုင်းစအမျိုးမျိုး
- ❖ ပုလင်း/ဘူးအမျိုးမျိုး
- ❖ အလံအမျိုးမျိုး
- ❖ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် သံပိုက်/ကော်ပိုက်များ
- ❖ လက်ကိုင်အိတ်အမျိုးမျိုး

၂၀၁၆ ခုနှစ်၊ (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

## သတင်းမီဒီယာဥပဒေနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေဆွေးနွေးပွဲ မန္တလေး၌ကျင်းပ



**မန္တလေး ဇူလိုင် ၁၄**
သတင်းမီဒီယာဥပဒေနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ မန္တလေးမြို့ ဟိုတယ်မန္တလေးမင်္ဂလာခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သတင်းမီဒီယာအဖွဲ့အစည်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဦးချစ်ဝင်းမောင် (MJU)၊ မယဉ်ရတနာသိန်း (Article 19)၊ ဦးဟန်ညွန့်(ဥပဒေ)၊ ဦးတိုးဇော်လတ် (DVB) တို့က ဦးဆောင်ကာ ပါဝင်သော ဥပဒေအချက်များ၊ အားသာချက်၊ အားနည်းချက်များကို သုံးသပ်ဆွေးနွေးပြီး နယ်အသီးသီးမှ တက်ရောက်လာသော သတင်းမီဒီယာများက ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် သတင်းမီဒီယာကဏ္ဍအသီးသီးတွင် လက်ရှိကြုံတွေ့နေရသော အခွင့်အလမ်းများ၊ အခက်အခဲများနှင့် သတင်းမီဒီယာဥပဒေနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေပါအချက်အလက်များကို တက်ရောက်လာသူများက အဖွဲ့လိုက်ခွဲ၍ ဆွေးနွေးကြသည်။

သတင်းမီဒီယာဥပဒေကို ၂၀၁၄ ခုနှစ် မတ် ၁၄ ရက်၊ သတင်းမီဒီယာနည်းဥပဒေများကို ၂၀၁၅ ခုနှစ် ဇွန် ၁၇ ရက်နှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ၂၀၁၅ ခုနှစ် ဩဂုတ် ၂၈ ရက်က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**(၀၀၂)**

# သမီးများကပြောပြသည့် အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်အကြောင်း

**သတင်းဆောင်းပါး-မင်းသစ်(သတင်းစဉ်)၊ဇော်ကြီး(ပဏ္ဍိတ)**
**ဓာတ်ပုံ - ဇော်မင်းလတ်**



"စည်းလုံးမှုရှိရင် ပင်လယ်ထဲကရေကို ခပ်ထုတ်နိုင်တယ်လို့ ပါပါအမြဲပြောလေ့ရှိတဲ့စကားကို အခုထိမှတ်မိနေသေးတယ်။ ဘယ်တော့မှလည်းမေ့သွားမှာ မဟုတ်ဘူး"ဟု အာဇာနည်ခေါင်းဆောင် မန်းဘခိုင်၏ သမီးဖြစ်သူ အသက် (၇၇)နှစ်အရွယ်ရှိပြီဖြစ်သည့် အလယ်တန်းပြကျောင်းဆရာမ(ငြိမ်း) နန့်ခင်ဌေးရီခိုင်က ပြောသည်။

သမီးဖြစ်သူ နန့်ခင်ဌေးရီခိုင်သည် သားသမီးမြေးများနှင့်အတူ အာဇာနည် ခေါင်းဆောင်ကြီး မန်းဘခိုင်နေထိုင်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နှင့် ၁၅ မိုင်အကွာရှိ ယုန်တလင်းရွာတွင် လက်ရှိနေထိုင်လျက်ရှိသည်။

၂၀၁၅ ခုနှစ် မတ်လ(၂၇)ရက်နေ့က ယုန်တလင်းရွာအဝင် ရွာထိပ်တွင် အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ ပုံတူအမှတ်တရရုပ်တုကို သမီး၊ မြေးများက ထုလုပ်ပြီး တည်ထားခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် သခင်ဘဝတွင် ဇလွန်မြို့၌ နယ်ချဲ့တော်လှန်ရေးတရားဟောကြားမှုဖြင့် အင်္ဂလိပ်အစိုးရက ဆုငွေငါးကျပ်ဖြင့် ဖမ်းဝရမ်းထုတ်ထားချိန်တွင် ယုန်တလင်းရွာရှိ မန်းဘခိုင်၏နေအိမ်၌ ခေတ္တပုန်းအောင်းနေခဲ့ကြောင်း ထိုအချိန်က အသက်(၇)နှစ်အရွယ်သာရှိသေးသည့် နန့်ခင်ဌေးရီခိုင်က ပြောသည်။

ဆက်လက်၍ မန်းဘခိုင်၏သမီး နန့်ခင်ဌေးရီခိုင်က "ပါပါ့သူငယ်ချင်း ရာဇဝတ်ဝန်ထောက်ဇနီး မေရီလှကျော်က ဘခိုင်ရေ သခင်အောင်ဆန်းကို နင်တာဝန်ယူပြီး ရန်ကုန်ကို ပြန်ပို့ပေးပါဆိုပြီး အိမ်ခေါ်လာတယ်။ အိမ်မှာ သုံးရက်လောက် သခင်အောင်ဆန်းနေသွားခဲ့တယ်။ နေ့အချိန်ဆိုရင် သခင်အောင်ဆန်းကို ယောက်ျားရေချိုးခန်းထဲမှာ စားစရာ၊ ဖတ်စရာ စာအုပ်တွေနဲ့ ထားတယ်။ ညမိုးချုပ်မှ အိမ်အပေါ်ထပ်မှာ ပါပါနဲ့ ဗိုလ်ချုပ်တို့ စကားပြောတယ်။ သုံးရက်မြောက်တဲ့နေ့မှာပဲ ပါပါက ရွာကနေ ဟင်္သာတကို ငှက်ပျောကားနဲ့ ဗိုလ်ချုပ်ကို ဝှက်ပြီးခေါ်သွားတယ်။ ဟင်္သာတကနေပြီးမှ ပေါင်းမိုးလှေကြီးနဲ့ ငှက်ပျောခိုင်တွေကြားမှာ ဗိုလ်ချုပ်ကိုဝှက်ပြီး ရန်ကုန်ကို ပြန်ပို့ပေးတယ်"ဟု ပြောသည်။

မန်းဘခိုင်သည် နိုင်ငံရေးလောကထဲမဝင်မီ ရွာတွင်နေထိုင်စဉ်ကာလတွင် တစ်ဖက်က ငှက်ပျောခြံလုပ်ငန်းကို လုပ်ကိုင်နေကာ တစ်ဖက်တွင်လည်း ကရင်စာပေပြန့်ပွားရေးအတွက် ကရင်လူငယ်များအား ကရင်စာသင်ကြားပေးခဲ့ပြီး ရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဗိုလ်ချုပ်အောင်ဆန်း အင်္ဂလိပ်ကိုတော်လှန်ဖို့အတွက် ဂျပန်ကို ထွက်သွားပြီး ပြန်လာတဲ့အချိန် ပါပါနဲ့ ဗိုလ်ချုပ်အဆက်အသွယ်ရပြီး ပါပါက အဲ့ဒီအချိန်ကစပြီး နိုင်ငံရေးလောကထဲဝင်သွားတာ။ ပါပါက ရန်ကုန်မှာ နိုင်ငံရေးလုပ်နေတော့ အမေနဲ့ညီအစ်ကိုမောင်နှမတွေက ရွာမှာကျန်ခဲ့တယ်။ အဲ့ဒီအချိန် ပါပါက ရွာပြန်လာလိုက်၊ ရန်ကုန်ပြန်သွားလိုက်ပေါ့"ဟု နန့်ခင်ဌေးရီခိုင်က ပြောသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးရရှိရန် တိုက်ပွဲဝင်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးထားဆောင်ရွက်ခဲ့ရာ ကရင်-ဗမာ ချစ်ကြည်ရေးအတွက်လည်း မန်းဘခိုင်အပါအဝင် ကရင်တိုင်းရင်းသားခေါင်းဆောင်များကို အားထားခဲ့သည်။

ဆက်လက်၍ နန့်ခင်ဌေးရီခိုင်က "ပါပါက ကရင်လူငယ်များ အစည်းအရုံး ဥက္ကဋ္ဌလည်း လုပ်ခဲ့တယ်။ အထူးသဖြင့် ကရင် ဗမာချစ်ကြည်ရေးကို ပိုအားစိုက်လုပ်ခဲ့တယ်။ ကရင် ဗမာချစ်ကြည်ရေးအတွက် ဗိုလ်ချုပ်ကလည်း ပါပါကို အားထားခဲ့တယ်"။

"ပါပါဆုံးတဲ့အချိန် အမိုးတို့က ယုန်တလင်းရွာမှာပဲ ရှိနေသေးတာ၊ ပါပါကျဆုံးတော့ ရန်ကုန်မှာရှိတဲ့ ဆွေမျိုးတွေက အကြောင်းကြားတဲ့အတွက် မိသားစုအကုန်လုံး လိုက်သွားကြတယ်။ အဲ့ဒီအချိန်က အမိုးအသက်က (၇)နှစ်ပဲရှိသေးတာ"ဟု ပြောသည်။

မန်းဘခိုင်ကွယ်လွန်ချိန်တွင် ၎င်းနှင့်ပတ်သက်သည့် အသုံးအဆောင်ပစ္စည်းများ ကျန်ရစ်ခဲ့သော်လည်း ယုန်တလင်းရွာမီးလောင်ချိန်တွင် အဆိုပါပစ္စည်းများ မီးထဲပါသွားခဲ့ကြောင်း၊ အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ သားသမီးများထဲတွင် နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့သူများရှိသလို ခြံလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများရှိကြောင်း နန့်ခင်ဌေးရီခိုင်၏ ပြောပြချက်အရ သိရသည်။

ထို့အတူ ရန်ကုန်တွင်နေထိုင်သည့် မန်းဘခိုင်၏ သမီးဖြစ်သူ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) ဒေါ်မြင့်မြင့်ခိုင်က "ဖေဖေကျဆုံးသွားတဲ့ အချိန်ကစပြီး မေမေက နေ့စဉ် အာဇာနည်ဗိမာန်ကို ပန်းခွေသွားချတယ်။ မေမေရှိတုန်းက နေ့တိုင်းအိမ်မှာ ပန်းခွေလုပ်ရတော့ အိမ်မှာနေတဲ့သူတွေတောင် အစဉ်အဆက် ပန်းခွေလုပ်တတ်လာတယ်။ အရင်တုန်းကဆို အာဇာနည်ကုန်းမှာ အစောင့်ရဲဘော်လောက်ပဲရှိတယ်။ နေ့စဉ်ပန်းခွေတစ်ခွေသွားချနေကျဆိုတော့ အစောင့်ရဲဘော်လေးတွေနဲ့တောင် ရင်းနှီးနေတယ်"ဟု ပြောသည်။

ယခင်က ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးခဲ့ရသည့် အာဇာနည်ခေါင်းဆောင်ကြီးများ ဂူသွင်းမြှုပ်နှံထားရာ အာဇာနည်ဗိမာန်တွင် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်ကို တစ်ဂူချင်းစီအလိုက် ဝန်ကြီးဌာန အမည်၊ မွေးဖွားသည့်ခုနှစ်များကို ဓာတ်ပုံနှင့်တကွ အသီးသီးထားရှိသော်လည်း ဖောက်ခွဲခံရပြီးနောက်ပိုင်း ပြောင်းလဲပြင်ဆင်လိုက်ရာ ဗိမာန်ကြီးကလွဲ၍ နောက်လူများသိရှိမှတ်သားရန် မကျန်တော့ကြောင်း မန်းဘခိုင်၏ သမီးဖြစ်သူ ဒေါ်မြင့်မြင့်ခိုင်က ပြောသည်။

"ဖေဖေသက်ရှိထင်ရှားရှိစဉ်အချိန်က တတ်နိုင်သမျှ မှန်မှန်ကန်ကန်လုပ်ကြဖို့ အမြဲပြောလေ့ရှိသလို အလုပ်လုပ်ရင်လည်း ဂရုတစိုက်လုပ်လေ့ရှိတယ်လို့ မေမေကပြောတယ်။ ဖေဖေ့ကို နမူနာယူပြီး ကြိုးစားဖို့အမြဲဆုံးမခဲ့တယ်"ဟု ဒေါ်မြင့်မြင့်ခိုင်က ပြောသည်။ ။



အာဇာနည်ခေါင်းဆောင် မန်းဘခိုင်၏သမီး နန့်ခင်ဌေးရီခိုင် အလယ်တန်းပြ (ငြိမ်း)။



အာဇာနည်ခေါင်းဆောင် မန်းဘခိုင်၏သမီး ဒေါ်မြင့်မြင့်ခိုင်။

## အထက်ချင်းတွင်းသွားအမြန်ရေယာဉ်များ ပြေးဆွဲခွင့် သုံးရက်ထပ်မံရပ်နား မုံရွာဆိပ်ကမ်းတွင် ကုန်တင်အမြန်ရေယာဉ်များ ကုန်အပြည့်ဖြင့် စောင့်ဆိုင်း



**မုံရွာ ဇူလိုင် ၁၄**

ချင်းတွင်းမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက် မြို့ရွာများ၏ စိုးရိမ်ရေအမှတ်အထက်သို့ မြင့်တက်နေမှုကြောင့် မလိုလားအပ်သော ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပွားစေရေးအတွက် မုံရွာမြို့နယ် ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ ဇူလိုင် ၁၁ ရက်မှ စတင်ပြီး ခရီးစဉ်ပြေးဆွဲခြင်းကို ပထမအကြိမ် ယာယီရပ်နားခဲ့ရာ ထပ်မံပြီး ဇူလိုင် ၁၄ ရက်မှ စတင်ပြီး ၁၆ ရက်အထိ သုံးရက် ထပ်မံတိုးမြှင့်သတ်မှတ်လိုက်သည့်အတွက် မုံရွာဆိပ်ကမ်းတွင် ချင်းတွင်းမြစ်အထက်ပိုင်းသို့ တင်ပို့မည့်ကုန်စည်များ တင်ဆောင်ထားသည့် ကုန်တင်အမြန်ရေယာဉ်များ ထွက်ခွာနိုင်ခြင်းမရှိဘဲ ရေအခြေအနေကြောင့် ကုန်အပြည့်ဖြင့် စောင့်ဆိုင်းနေရကြောင်း သိရသည်။

ကုန်တင်အမြန်ရေယာဉ် မောင်းနှင်သူတစ်ဦးကလည်း "ကျွန်တော်တို့ အထက်ချင်းတွင်းဒေသကို ကုန်တွေတင်ပြီး ဆန်တက်ဖို့ ပစ္စည်းတွေတင်ပြီး စောင့်နေရတာ ဒီနေ့ဆို လေးရက်ရှိနေပြီ။ တချို့ ပုပ်သိုးပျက်စီးနိုင်တဲ့ ကုန်စည်တွေဆို လာတင်ရင်တောင်မှ လက်မခံရဲဘူး။ အထက်ပိုင်းမြို့တွေ၊ ရွာတွေမှာက အတော်များများ စိုးရိမ်ရေမှတ်ကျော်ပြီး ရေကြီးနေတော့ မလိုလားအပ်တဲ့အန္တရာယ်တွေမဖြစ်အောင် ရေယာဉ်တွေ ပြေးဆွဲခွင့်ကို သက်ဆိုင်ရာက ယာယီပိတ်ပေးထားတာပါ။ စိတ်ချရတဲ့ရက်မှာ ပြန်လည်ပြေးဆွဲခွင့်ပြုမယ်လို့ သိရပါတယ်။ သက်ဆိုင်ရာက ခွင့်ပြုရင် ပုံမှန်ပြန်လည်ပြေးဆွဲဖို့အတွက် ကုန်အပြည့်နဲ့ စောင့်နေပါတယ်"ဟု ပြောသည်။

အလားတူ ချင်းတွင်းဆိပ်ကမ်း ကုန်တင်၊ ကုန်ချ လုပ်သားများအဖွဲ့မှ လုပ်သားတစ်ဦးကလည်း "လူစီးနဲ့ ကုန်တင်ရေယာဉ်တွေ ပြေးဆွဲခွင့်တွေ ယာယီရပ်နားထားတော့ ကျွန်တော်တို့လုပ်သားအဖွဲ့တွေမှာ အတင်၊ အချ အလုပ်အပ်တဲ့သူ နည်းသွားတယ်။ တချို့ မော်တော်တွေကတော့ လမ်းကြောင်းပွင့်ရင် ထွက်ခွာဖို့ ကုန်တွေကြိုတင်ကြသလို တချို့တွေကျတော့လည်း ကုန်မတင်သေးဘဲ စောင့်ဆိုင်းနေတဲ့ သူတွေရှိတယ်။ ပုံမှန်ဆိုရင် နေ့စဉ် အဝင်၊ အထွက်နဲ့ဆိုတော့ အလုပ်အပ်တဲ့သူများပါတယ်။ ရေယာဉ်ခရီးစဉ်တွေ ယာယီရပ်နားထားတော့ အလုပ်အပ်သူတွေ အနည်းငယ် လျော့နည်းသွားတော့ ဝင်ငွေပါ လျော့နည်းသွားတယ်"ဟု ဆိုသည်။

အဆိုပါ ချင်းတွင်းမြစ်ရေ မြင့်တက်လာမှုကြောင့် မုံရွာဆိပ်ကမ်းမှ အထက်ချင်းတွင်းဒေသသို့ နေ့စဉ်ပုံမှန်ပြေးဆွဲလျက်ရှိသည့် ခရီးသည်တင်နှင့် ကုန်တင်အမြန် ရေယာဉ် အသင်းအားလုံး ဇူလိုင် ၁၁ ရက်မှ ဇူလိုင် ၁၃ ရက်အထိ ပထမအကြိမ် ယာယီရပ်နားထားခဲ့ပြီး ယခု ဒုတိယအကြိမ်အဖြစ် ဇူလိုင် ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက် ထပ်မံတိုးမြှင့်ထားကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## ကျန်းမာရေးအသိပညာပေး ဟောပြော

**ကျောက်မဲ ဇူလိုင် ၁၄**

ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၁၂ ရက်က ကျောက်မဲမြို့ အထက (၂) ပတ္တမြားခန်းမ၌ ကျင်းပရာ ကျောက်မဲခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်က ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောပွဲမှရရှိသော ကျန်းမာရေးအသိများဖြင့် မိမိ၏ကျန်းမာရေးကို ဂရုပြုစောင့်ရှောက်တတ်စေရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင် ဒေါ်ခင်စန်းရီက ငှက်ဖျားရောဂါမဖြစ်အောင် ကာကွယ်နည်းများ ဖုံး၊ သွန်၊ လဲ၊ စစ် စနစ်များ၊ ဒေါ်သန်းသန်းရီက တီဘီရောဂါအကြောင်း အသိပညာပေး ဟောပြောကြသည်။

ထို့နောက် မြို့နယ်အမျိုးသမီးကျန်းမာရေး ဥက္ကဋ္ဌ ဒေါ်ဇီဝါထွန်းက ခြင်မပေါက်ပွားစေရန်နှင့် ခြင်ကိုက်မခံရအောင် ဖုံး၊ သွန်၊ ခတ်၊ စစ်၊ လောင်း၊ ထောင်၊ လဲ၊ ဖွင့်၊ မြုပ်၊ မှုတ် လုပ်ငန်းစဉ်များကို တစ်ခုချင်းအလိုက် ရှင်းလင်းပြောကြားသည်။ **မလတ်(ကျောက်မဲ)**

# မိမိအတွက် တိုင်းပြည်နှင့် လူမျိုး မနစ်နာစေရ၊ တိုင်းပြည်နှင့်လူမျိုးအတွက် မိမိသာ အနစ်နာခံပါ

## ဆုနှင်းလဲ့၊ ဓာတ်ပုံ-ငွေးအောင်(ကြေးမုံ)



**သခင်သိန်းဖေ(ဝါးခယ်မ)၊ နိုင်ငံ့ဂုဏ်ရည် ပထမအဆင့်**

လာမည့်ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားအတွက် နိုင်ငံတော်က အာဇာနည်ဗိမာန်ကို ယခင်မူလ လက်ရာအတိုင်း ပြင်ဆင်ဆောင်ရွက်နေသည်။ ပြီးခဲ့သည့် အစိုးရလက်ထက်မှ စတင်ကာ အာဇာနည်နေ့အခမ်းအနားကို နိုင်ငံတော်အဆင့် ပြန်လည်ကျင်းပ ပေးခဲ့ပြီး ဒုတိယသမ္မတအဆင့် တက်ရောက်ခဲ့သည်။ ဟိုတစ်ချိန်က ဝန်ကြီး အဆင့်၊ မြို့တော်ဝန်အဆင့်သာ တက်ရောက်ခဲ့သည့် အာဇာနည်နေ့ အခမ်းအနားများသည် ပြည်သူလူထုနှင့် အလှမ်းကွာဝေးခဲ့သည်။ သမိုင်း ကြောင်းအဖြစ်မှန် ကောင်းကောင်းမသိခဲ့ရှာသော ကလေးသူငယ်များအနေ ဖြင့် အာဇာနည်နေ့ကို အဆိုတော်နှင့် လွဲမှားသည်အထိ အမှတ်မှားခဲ့သည်မှာ ဝမ်းနည်းစရာပင်ဖြစ်ပါသည်။

တိုင်းပြည်အကျိုးအတွက် ကိုယ်ကျိုးမဖက်ခဲ့ဘဲ စွန့်လွှတ်အနစ်နာခံ ဆောင်ရွက်ခဲ့ပြီး လွတ်လပ်ရေးကို မရရအောင် ရယူပေးခဲ့သည့် အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကိုယ်ကျိုးမဖက်ဘဲ တိုင်းပြည်တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ခဲ့ သည့် စိတ်ဓာတ်၊ လုပ်ရပ်များနှင့်ခံယူချက်များ၊ ၎င်းတို့၏ ကြိုးပမ်းအားထုတ်ခဲ့မှု များကို နောင်လာနောက်သား မျိုးဆက်သစ်လူငယ်များ အတုယူလေးစား အားကျမှုများဖြစ်ပေါ်ကာ ခေါင်းဆောင်ကြီးများကဲ့သို့ပင် တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်ကြရန်မှာ သမိုင်းဖြစ်ရပ်အမှန်ကို သိရှိရန် လိုအပ်ပါမည်။ ထို့ကြောင့် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် မှတ်တိုင်စိုက်ထူနိုင်ခဲ့သူ၊ ကိုယ်ကျိုးမဖက် တိုင်းပြည်အကျိုးအတွက် အတူတကွဆောင်ရွက်ခဲ့ပြီး မြန်မာ့ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဖော်ဆောင်ရာတို့တွင် အသက်အရွယ်ကို ပဓာနမထား ပါဝင်ဆောင်ရွက်ခဲ့သည့် ယခုလက်ရှိ သက်ရှိထင်ရှားဖြစ်သူ သခင်သိန်းဖေ (ဝါးခယ်မ)နှင့် သွားရောက်တွေ့ဆုံကာ မှတ်တမ်းတင်ဖြစ်ခဲ့သည်။



သခင်သိန်းဖေ(ဝါးခယ်မ)နှင့် မိသားစုဝင်များကို တွေ့ရစဉ်။

သခင်သိန်းဖေ(ဝါးခယ်မ)သည် ပြီးခဲ့သည့် ဇွန်လ ၉ ရက်နေ့တွင် အသက် (၁၀၀) ပြည့်ခဲ့ပြီဖြစ်ပါသည်။ အသက် (၁၀၀)ကျော်တိုင် ကြံ့ခိုင်ကျန်းမာစွာ နေထိုင်လျက်ရှိပြီး ဖြတ်သန်းမှုတစ်လျှောက်တွင် တိုင်းပြည်အတွက် တစ်တပ် တစ်အား ပါဝင်ဆောင်ရွက်ခဲ့သူဖြစ်သည်။ အသက်တစ်ရာကျော်ဆိုသော ဇရာကြောင့် ယခင်ကကဲ့သို့ စကားများများပြောဆိုခြင်းမရှိတော့သော်လည်း ပြောဆိုနိုင်သည့်အချိန်တွင် ငယ်စဉ် လွတ်လပ်ရေးကြိုးပမ်းမှုမှတ်တမ်းမှတ် ရာများကို လုံးဝမလွဲ ပြောဆိုနိုင်သည်ဟု သခင်သိန်းဖေ(ဝါးခယ်မ)၏ သားသမီးများက ဆိုသည်။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်၍ ပြောကြားထားမှုများစွာပင်ရှိ၏။ ဗိုလ်ချုပ်နှင့် အသက်မတိမ်းမယိမ်းဖြစ်ပြီး လွတ်လပ်ရေးကြိုးပမ်းအားထုတ်မှုများတွင် အတူလက်တွဲဆောင်ရွက်ခဲ့သည်မို့ ယနေ့သက်ရှိ နိုင်ငံရေးရာဇဝင်ဟုဆိုရမည့် သခင်သိန်းဖေ(ဝါးခယ်မ)၏ ဗိုလ်ချုပ်နှင့်ပတ်သက်သည့် အမှတ်ရစရာများသည် အဖိုးတန်လှသည်။

“နိုင်ငံရေးလုပ်မယ်ဆိုရင်ကိုယ်ကျိုးမကြည့်ပါနဲ့”၊ “နောင်လာနောက်သား ကောင်းစားဖို့ရာ တို့ကိုယ်ကျိုးလုံးလုံးမပါ လမ်းစဉ်ကို နိုင်ငံရေးသမားတိုင်း လိုက်နာကျင့်သုံးပါ” ဟုဆိုသော သခင်သိန်းဖေ(ဝါးခယ်မ)၏ နိုင်ငံရေး ခံယူချက်များသည် မှတ်သားစရာများပင်ဖြစ်သည်။ ထိုမှတ်သားစရာများကို သခင်သိန်းဖေ၏ သားသမီးများဖြစ်သော ဦးဇော်သိန်း(ဆန်နီ)၊ ဦးမော်သိန်း (ဘန်နီ)၊ ဒေါ်ထားထားအေးတို့က လက်ဆင့်ကမ်းသယ်ဆောင်ကာ မှတ်တမ်း တင် ပြန်လည်ပြောပြကြသည်။

“အခုကတော့ ကျန်းမာတယ်။ အစားစားနိုင်တယ်။ စကားသိပ်မပြောနိုင် ဘူး။ ဟိုအရင်ကဆို ငယ်ငယ်ကအကြောင်းတွေ တစ်ခုမလွဲဘဲ အတိအကျ ပြောနိုင်တယ်။ ပြောရင်လည်း ဆက်တိုက်ပြောတယ်။ အသက် (၉၆)နှစ် နောက်ပိုင်းမှ အသက်ကလည်းကြီးလာတော့ လက်ရှိကာလကိုမေ့ပြီး ငယ်ငယ်က အကြောင်းတွေကိုပဲ အကုန်မှတ်မိနေတာ။ မိမိအတွက် တိုင်းပြည်နှင့် လူမျိုးမနစ်နာစေရ။ တိုင်းပြည်နှင့်လူမျိုးအတွက် မိမိသာအနစ်နာခံပါဆိုတဲ့ စကားကို (၄၅)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဆိုပြီး သားသမီး တွေကို မေတ္တာလက်ဆောင်ပေးခဲ့ပါတယ်” ဟု သခင်သိန်းဖေ(ဝါးခယ်မ)၏ သားလတ်ဖြစ်သူ ဦးဇော်သိန်း(ဆန်နီ)က ဖခင်ဖြစ်သူ သခင်သိန်းဖေနှင့် ပတ်သက်၍ ရှင်းပြသည်။

“သခင်လို့ပြောလိုက်ရင် မြန်မာပြည်ကြီး နယ်ချဲ့ကိုလိုနီလက်အောက် ကနေ လွတ်မြောက်ဖို့ လွတ်လပ်ရေးတိုက်ပွဲမှာ ရှေ့တန်းကနေ တိုက်ခဲ့တဲ့ တို့ဗမာအစည်းအရုံးဆိုတဲ့ နိုင်ငံရေးအဖွဲ့အစည်းကြီးကို ပြေးမြင်တတ်ကြပါ တယ်။ အဲလိုမြင်ယောင်မှုနဲ့အတူ သခင်တွေဆိုရင် လေးစားတဲ့စိတ်၊ အားကျတဲ့စိတ်၊ သူတို့လိုနိုင်ငံအတွက် စွန့်လွှတ်စွန့်စားလိုတဲ့စိတ်၊ အလုပ် လုပ်ချင်စိတ်တွေ အလိုလိုပေါ်ပေါက်လာတော့တာပဲ” ဟု သခင်သိန်းဖေ (ဝါးခယ်မ)၏ အသက် (၁၀၀)ပြည့် မွေးနေ့အထိမ်းအမှတ် သက်ရှိရာဇဝင် ပြုစုရာတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မွေးနေ့ဆုတောင်းပို့သမှုနှင့်အတူ အမှတ်တရ ထည့်သွင်းရေးသားခဲ့သည်။

သခင်သိန်းဖေ(ဝါးခယ်မ)သည် ဗိုလ်ချုပ်အောင်ဆန်းကို တို့ဗမာအစည်း အရုံးခေါင်းဆောင်ဘဝ၊ သခင်အောင်ဆန်းဘဝတွင်ပင် တွေ့မြင်ဆက်ဆံခဲ့ဖူး သူဖြစ်သည်။ ၂၀၁၅ ဗိုလ်ချုပ်အောင်ဆန်း ရာပြည့်ပွဲကို တစ်နိုင်ငံလုံးတွင် ကျင်းပခဲ့သည်။ သို့သော် ထိုသို့ပွဲတော်များကျင်းပခဲ့သော်လည်း ဗိုလ်ချုပ်အောင်ဆန်းကို သက်ရှိထင်ရှားမမီလိုက်၊ မသိလိုက်သူများနှင့် သိမီလိုက်သူများရှိစေကာမူ ထဲထဲဝင်ဝင်ပေါင်းသင်းခဲ့သူက ရှားပါးသွားပြီ ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းကို သိမီလိုက်ပြီး ပြောနိုင်သူအနည်းငယ်တွင် သခင်သိန်းဖေ (ဝါးခယ်မ)လည်း အပါအဝင်ဖြစ်သည်။

၁၉၃၈ခုနှစ် ဝန်းကျင်က ဗိုလ်ချုပ်အောင်ဆန်းသည် တို့ဗမာအစည်းအရုံး တွင် သခင်ဖြစ်ကတည်းက ရုံးအိပ်ရုံးစားအဖြစ်သာ နေတော့သည်။ တစ်ခါက သခင်သိန်းဖေ(ဝါးခယ်မ)သည် ဌာနချုပ်သို့လာရင်း သခင်အောင်ဆန်းနှင့် တွေ့သည်။ သခင်အောင်ဆန်းက မောင်ဂိုမာရီလမ်း (ယခုဗိုလ်ချုပ်အောင် ဆန်းလမ်း) ပလေဒီယံ ရုပ်ရှင်ရုံက ရုပ်ရှင်ကြည့်ချင်သည်ဟု ဆိုသဖြင့် သခင်သိန်းဖေက ဒကာခံ၍ လိုက်ပြသည်။ ထိုခေတ်က တစ်ကျပ်တန်းက ကြည့်ရန် လက်မှတ်ဝယ်ဖို့ပြန်သောအခါ သခင်အောင်ဆန်းက ငါးမူးတန်းက ကြည့်မည်ဟု ဆိုသည်။ အနီးကပ်ကြည့်ရတော့ အရုပ်အကြီးကြီးမြင်ရတာပေါ့ ဟုလည်း ဆိုလိုက်သေးသည်။ ထမင်းမစားရသေးတော့ ထမင်းကျွေးမည် ဆိုတော့လည်း ဗယာကြော်သုပ်နှစ်ပွဲကလည်း ဗိုက်ပြည့်ပါသည်ဟုဆိုကာ ဗယာကြော်သုပ်စားကာ တင်းတိမ်သူဖြစ်သည်။ ငွေအကုန်အကျ နည်းစေချင် သော စေတနာ၊ နောက်ပြီး ရုပ်ရှင်ကြည့်နေကျဖြစ်သောနေရာ၊ သခင်နိုင်ငံ ရေးသမားဖြစ်သောကြောင့် လူထုနှင့်အတူနေရခြင်းမှာ အသားကျနေသော ကြောင့်လည်းဖြစ်ပေလိမ့်မည်ဟု သခင်သိန်းဖေက ဗိုလ်ချုပ်အောင်ဆန်းနှင့် ပတ်သက်၍ ၎င်း၏ဘဝမှတ်တမ်းစာတွင် ဖော်ပြထားသည်။

အလားတူပင် တစ်ခါကလည်း ဗိုလ်ချုပ်အောင်ဆန်းက စီးကရက် သောက်ချင်သည်ဆိုသောကြောင့် သခင်သိန်းဖေက စီးကရက်တစ်ဘူး သောက်စေချင်သည့်စေတနာဖြင့် ဝယ်တိုက်သည်။ ဗိုလ်ချုပ်အောင်ဆန်းက မူ တစ်ဘူးလုံး မလိုပါဘူး။ သုံးလိပ်ပဲယူမယ်ဟုဆိုကာ ထိုဆေးလိပ်သုံးလိပ် ကိုလည်း အနီးမှာရှိသူကို တစ်ယောက်တစ်လိပ်ဝေပေးပြီး စီးကရက်တစ်လိပ် ကိုပင်သောက်ခဲ့သည်ကို သခင်သိန်းဖေက အမှတ်တရရှိနေဆဲပင်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း စီးကရက်သောက်သည့်ပုံသည် မရှိသလောက်ရှားပါး ခဲ့ပြီး ဆင်းရဲချို့တဲ့ကာ ခြိုးခြံချွေတာနေထိုင်တတ်သော ခေါင်းဆောင်အတွက် စီးကရက်တစ်ဘူး ဝယ်တိုက်သော်လည်း ထိုစီးကရက်တစ်ဘူးမျှကိုပင် မဖြုန်းတီး၊ မယူဆောင်ဘဲ တစ်လိပ်သာယူသောက်ခဲ့ပုံမှာ ဗိုလ်ချုပ်၏ တင်းတိမ် ရောင့်ရဲတတ်သော စိတ်ဓာတ်ပင်ဖြစ်သည်ဟု မှတ်ချက်ပြုခဲ့သည်။

မြန်မာ့လွတ်လပ်ရေးအတွက် ကိုယ်ကျိုးစွန့်ကာ ဆောင်ရွက်ခဲ့ကြသည့် သမိုင်းမှတ်တိုင်များမှာ သမိုင်းတွင်ရစ်ခဲ့သည့် မှတ်တမ်းများပင်ဖြစ်သည်။ ကိုယ်ကျိုးစွန့် ဆောင်ရွက်ခဲ့သည့် သခင်အောင်ဆန်း၊ သခင်သိန်းဖေ (ဝါးခယ်မ)တို့ ခံယူထားသည်မှာ နောင်လာနောက်သားကောင်းစားဖို့ရာ တို့ ကိုယ်ကျိုးလုံးလုံးမပါ လမ်းစဉ်ကို နိုင်ငံရေးသမားတိုင်း လိုက်နာကျင့်သုံးပါ ဆိုသည့် တို့ဗမာသီချင်းမှ စာသားလေးအတိုင်းပင်ဖြစ်ပြီး ကိုယ်တိုင်လည်း လိုက်နာကျင့်သုံးကြသလို သားသမီး၊ မြေးမြစ်မျိုးဆက်သစ်များကိုလည်း ထို အတိုင်း လက်ဆင့်ကမ်း အမွေပေးအပ်ခဲ့ကြသည်မှာ တိုင်းပြည်ကောင်းစားဖို့ ကိုယ်ကျိုးစွန့် အနစ်နာခံဖို့ပင်ဖြစ်သည်။ တိုင်းပြည်လွတ်လပ်ရေးအတွက် ဘုံရန်သူနယ်ချဲ့ကို ညီညီညွတ်ညွတ် အတူလက်တွဲတွန်းလှန်ခဲ့ကြသည်။ လွတ်လပ်ရေးအတွက် ပင်လုံညီလာခံကြီးကို ကျင်းပခဲ့ပြီး အနာဂတ် မြန်မာနိုင်ငံတော် စီမံကိန်းကြီးများအတွက် ကြိုးပမ်းဆောင်ရွက်နေစဉ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများ ရက်စက်စွာလုပ်ကြံခံခဲ့ ရသည်။ အကယ်၍ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများ လုပ်ကြံမခံရပါက တိုင်းပြည်၏ ကံကြမ္မာ တစ်မျိုးတစ်မည်ပြောင်းလဲမည်မှာ ဧကန်အမှန်ပင်ဖြစ်ပါသော်လည်း မြန်မာနိုင်ငံတော်ကြီးအတွက် အစားထိုးမရသည့် ဆုံးရှုံးမှုကြီးတစ်ခုဖြစ်ခဲ့သလို သင်ခန်းစာယူစရာလည်း ဖြစ်သည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ (၆၉)နှစ်တိုင်ခဲ့ပြီဖြစ် သလို မြန်မာနိုင်ငံသည်လည်း အဆိုးရွားဆုံးအခြေအနေမှ ရုန်းထွက်နိုင်သည် မှာလည်း မကြာသေးပေ။ နိုင်ငံတကာအလယ်တွင် နောက်ကျကျန်ရစ်ခဲ့သည့် နှစ်ပေါင်းများစွာအတွက် မတူကွဲပြားမှုများရှိသော်လည်း ဘုံရည်မှန်းချက်ဖြစ် သည့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီစံနှုန်းများအတွက် ပြိုင်တူတွန်း ၍ကြိုးစားရမည့်အချိန်အခါပင်ဖြစ်သည်ဟု ဝါရင့်နိုင်ငံရေးသမားကြီးများက သုံးသပ်လေသည်။ သခင်သိန်းဖေသည်လည်း ထိုအထဲတွင်ပါဝင်ပြီး အသက် အရွယ်ကြီးရင့်သည်အထိ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်ခဲ့ သည်။ တိုင်းပြည်တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သူများရှေ့တွင် မားမားမတ်မတ်ရပ်တည်ခဲ့သည်။ ထို့ကြောင့်လည်း နှစ်စဉ် နိုင်ငံတော်၏ အထိမ်းအမှတ်အခမ်းအနားများကို သခင်သိန်းဖေ(ဝါးခယ်မ)၏ နေအိမ်တွင် ကျင်းပရင်း ဝါရင့်နိုင်ငံရေးသမားများ၊ မျိုးဆက်သစ် နိုင်ငံရေးသမားများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် အမြဲဆုံတွေ့ကာ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ လ ၂၀ ရက်နေ့ ၎င်း၏နေအိမ်တွင် ကျင်းပခဲ့သည့် နိုင်ငံရေး သက်ကြီးဝါရင့် ပူဇော်ပွဲမှ ဒေါ်အောင်ဆန်းစုကြည်အား ဒုတိယပင်လုံကျင်းပဖော်ဆောင်ပေး ရန်နှင့် ဦးဆောင်ပေးရန်တောင်းဆိုခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည်က ဒုတိယပင်လုံဟုခေါ်မည့်အစား (၂၁)ရာစု ပင်လုံညီလာခံအမည် ပြောင်းလဲခေါ် ဆိုရန်ပြောကြားခဲ့ပြီး အားလုံးဝိုင်းလုပ်ဆောင်ပါမှ အောင်မြင်မည်ဟု ဆိုခဲ့သည်။

ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ပြီးချိန်ဖြစ်သော်လည်း ယနေ့အချိန်အခါတွင်မူ အစိုးရသစ် တစ်ရပ်၏ ဦးဆောင်မှုနှင့်အတူ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်ထောင်စု ငြိမ်းချမ်းရေးအတွက် သခင်သိန်းဖေ(ဝါးခယ်မ) အိမ်တွင် သန္ဓေတည်ခဲ့သည့် (၂၁) ရာစု ပင်လုံညီလာခံကြီး မကြာမီ ကျင်းပနိုင်တော့မည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ကာ ပင်လုံညီလာခံကြီးကျင်းပခဲ့ပြီး တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုပြယုဂ်ဖြစ်ခဲ့သည့် ပင်လုံညီလာခံမှ လွတ်လပ်ရေးကြီးရရှိခဲ့သလို (၂၁) ရာစုပင်လုံညီလာခံမှ ပြည်ထောင်စုငြိမ်းချမ်းရေး နှင့် စည်းကမ်းပြည့်ဝသည့် ခေတ်မီဒီမိုကရေစီနိုင်ငံတော်ကြီး ထူထောင်နိုင်ရေးကို ခေတ်သစ်မျိုးဆက်သစ်များ ဆက်လက်အကောင်အထည်ဖော်နိုင်မည်ဆိုပါက တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်အလုပ်လုပ်ရင်း မသမာသူတို့ကြောင့် ကျဆုံးခဲ့ရ သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအတွက် ဂုဏ်ပြုခြင်းတစ်မျိုးလည်း ဖြစ်ပေလိမ့်မည်။ ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသည့် ရဲဘော်များအားလုံး၊ ပြည်ထောင်စု ဖွား တိုင်းရင်းသားများအားလုံး လိုလားနေသည့် ငြိမ်းချမ်းရေးခရီးကို လျှောက်လှမ်းရာတွင် ခေတ်အဆက်ဆက် သမိုင်းတာဝန်ကျေပွန်ခဲ့သည့် သူများအားလုံးကို ဂုဏ်ယူ၊ ဂုဏ်ပြုရမည်ဖြစ်သလို တိုင်းပြည်အတွက် ဆုံးရှုံး နစ်နာမှုကြီးသော ဇူလိုင် ၁၉ အာဇာနည်နေ့ကဲ့သို့သော နေ့ရက်များ ထပ်မံ မကြုံတွေ့စေရန် လိုအပ်သည်ဟု စိုးရိမ်မှုများလည်း ရှိနေကြသည်။ အတိတ်က သင်ခန်းစာယူသင့်သည်များကိုယူကာ အနာဂတ်နိုင်ငံတော်အတွက် အားလုံး အတူလက်တွဲဝိုင်းဝန်းလုပ်ဆောင်မှသာ အောင်မြင်နိုင်မည်ဟု ဝါရင့်နိုင်ငံရေး သမားကြီးများက သုံးသပ်သည်။ ခေတ်သစ်လူငယ်များအတွက် အတုယူစရာ၊ လေ့လာမှတ်သားစရာ၊ လိုက်နာကျင့်သုံးစရာဖြစ်သည့် တစ်ချိန်က နိုင်ငံရေး သမားကြီးများ၏ ခံယူချက်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင် ကြီးများ၏ ကိုယ်ကျိုးစွန့်ဆောင်ရွက်ချက်များကို လက်ဆင့်ကမ်းယူဆောင်သွား ရမည်မှာ မျိုးဆက်သစ်တို့၏ တာဝန်ပင်ဖြစ်သည်။ ။

# အပြန်အလှန်ယုံကြည်မှုမှ တည်ငြိမ်အေးချမ်းမှု၊ ထိုမှတစ်ဆင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်မည်

အမေး၊ အရေး – မော်စီ၊ မင်းမင်းဇော်
ဓာတ်ပုံ – ကိုညီ

**ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စနစ်တကျ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးနှင့် အချိန်တိုအတွင်း သိသာထင်ရှားသည့် အောင်မြင်မှုများရရှိရေးအတွက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌ၊ အဖွဲ့ဝင် ၂၂ ဦး ဖြင့်ဖွဲ့စည်းပြီး ဗဟိုကော်မတီအောက်တွင်လည်း လုပ်ငန်းကော်မတီလေးခုကို ထပ်မံဖွဲ့စည်းကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။**


ဦးညီပု


ဦးသိန်းဆွေ


ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်

အဆိုပါဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီ အဖွဲ့ဝင်များကို ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**ဦးညီပု**
**ရခိုင်ပြည်နယ် ဝန်ကြီးချုပ်**

**မေး။ ။ ဝန်ကြီးချုပ်ခင်ဗျား၊ ဒီနေ့ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယအကြိမ်မြောက်ကျင်းပတယ်လို့ သိရပါတယ်။ ဒီအစည်းအဝေးမှာ ဘယ်အကြောင်းအရာတွေကို အဓိကထားဆွေးနွေးပြီးတော့ ဘယ်လိုဆုံးဖြတ်ချက်တွေ ရခဲ့ပါသလဲ။**

ဖြေ။ ။ သဘောတူညီချက်တွေ တော်တော်များများ ရှိပါတယ်။ ဆုံးဖြတ်ချက်မှာ အထူးသဖြင့်တော့ ကျွန်တော်တို့ ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုနဲ့တိုးတက်မှု၊ အကောင်အထည်ဖော်ရေးကို အရှိန်အဟုန်မြှင့်ပြီးတော့ ဆောင်ရွက်သွားဖို့ပါ။ ကျွန်တော့်ဘက်အပိုင်းမှာတော့ ကျွန်တော်က တည်ငြိမ်မှုနဲ့ ဖွံ့ဖြိုးရေးကို အဓိကထားပြီး ဆွေးနွေးပါတယ်။ ကျန်တဲ့ ဗဟိုကော်မတီဝင်တွေကလည်း သူ့ကဏ္ဍအလိုက် ပြည်ထဲရေးတို့၊ နယ်စပ်ရေးရာတို့၊ လူဝင်မှုကြီးကြပ်ရေးတို့ကလည်း သူ့ကဏ္ဍနဲ့သူတော့ အားလုံးပြည့်ပြည့်စုံစုံ ဆွေးနွေးကြပါတယ်။ လတ်တလောကတော့ ကျွန်တော်တို့ ပြည်နယ်မှာ တည်ငြိမ်မှုရှိနေတယ်လို့ ပြောလို့ရပါတယ်။ ဒါတွေကို ကျွန်တော်တို့ဘက်က ဆွေးနွေးတယ်။ နောက်တစ်ခုက ကျွန်တော်တို့ဒေသမှာ ဘယ်လိုအခြေခံအဆောက်အအုံတွေရှိတယ်။ ဘယ်လိုလုပ်ငန်းတွေကို အကောင်အထည်ဖော်သွားမယ်၊ ဘာတွေကို ပူးပေါင်းဆောင်ရွက်သွားရင် အောင်မြင်မှုတွေရနိုင်မယ်၊ အောင်မြင်လာတာနဲ့အမျှ ဖွံ့ဖြိုးမှုလည်းပဲ တစ်ပြိုင်နက်ဖြစ်လာမယ်ဆိုတဲ့ အကြောင်းအရာတွေကို ဆွေးနွေးဖြစ်ပါတယ်။

ဒီအပေါ်မှာ ဆွေးနွေးညှိနှိုင်းပြီးတော့ စောစောကပြောတဲ့ သဘောတူညီချက်တွေ၊ ဆုံးဖြတ်ချက်တွေ ထွက်ပေါ်လာတာပါ။ သဘောတူညီချက်ကလည်း ဒီဒေသဖွံ့ဖြိုးရေးကိစ္စတွေကို ဆက်ပြီးတော့ အကောင်အထည်ဖော်သွားမယ်။ တစ်ဖက်ကလည်း နိုင်ငံသားကတ်၊ နိုင်ငံသားဖြစ်ရေးကိစ္စတွေနဲ့ပတ်သက်ပြီး ဆက်လက်စိစစ်တဲ့လုပ်ငန်းတွေကို ဆက်ပြီးဆောင်ရွက်သွားမယ်။ အဲ့ဒီအပေါ်မှာ ဒီဥပဒေနဲ့ကိုက်ညီတဲ့ အနေအထားတွေရှိခဲ့ရင် ဒီအခွင့်အရေးတွေကို အပြည့်အဝပေးနိုင်အောင်၊ နိုင်ငံသားဖြစ်ခွင့်ရရှိအောင်လုပ်သွားဖို့ ဒါတွေဆုံးဖြတ်ပါတယ်။ ဥပမာဆိုရင် ကျွန်တော်တို့ ဒီသုံးခေါက်ချိုးကတ် နဂိုကတည်းကရထားတဲ့ လူမျိုးတွေဟာ ဆက်ပြီးတော့ နိုင်ငံသားဖြစ်ခွင့်နဲ့ နိုင်ငံသားကတ်ရရှိအောင် ဆောင်ရွက်ပေးသွားဖို့၊ နောက်အဲ့ဒီလို နိုင်ငံသားဖြစ်ခွင့်ရထားတဲ့ လူတွေဟာ လွတ်လွတ်လပ်လပ်သွားလာနိုင်အောင် ဆောင်ရွက်ပေးဖို့၊ သူတို့အတွက် ကျန်းမာရေး၊ ပညာရေးကိစ္စတွေမှာလည်းပဲ ပြည့်ပြည့်ဝဝရနိုင်အောင် ဆောင်ရွက်ပေးဖို့ နောက်တစ်ခါ အထူးသဖြင့် အမျိုးသမီးတွေ၊ လူငယ်ကဏ္ဍတွေကိုလည်း မြှင့်တင်ပြီးတော့ ဆောင်ရွက်သွားဖို့ဆိုတဲ့ သဘောတူညီချက်တွေ၊ ဆုံးဖြတ်ချက်တွေ ချမှတ်ခဲ့ပါတယ်။

**မေး။ ။ ဒီကနေ့ ကြားသိနေရတာကတော့ NVC နဲ့ ပတ်သက်လို့ ပြည်သူတွေ နားလည်သဘောပေါက်မှုတွေ အားနည်းနေတယ်လို့ သိရပါတယ်။ NVC ရဲ့ အဓိပ္ပာယ်နဲ့ ရည်ရွယ်ချက်ကို ရှင်းပြပေးပါ။**

ဖြေ။ ။ NVC ရဲ့ ရည်ရွယ်ချက်ကိုက နိုင်ငံသားစိစစ်တဲ့ လုပ်ငန်းပါပဲ။ နိုင်ငံသားဖြစ်ခွင့် စိစစ်တဲ့လုပ်ငန်းဆိုတော့ ဒီကတ်ကနေအခြေခံပြီးတော့ နောက်ပိုင်းမှာ နိုင်ငံသားတစ်ယောက်ဖြစ်ခွင့်ရှိရင်လည်း နိုင်ငံသားဖြစ်ခွင့်ရနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်ပါပဲ။

**မေး။ ။ ဗဟိုကော်မတီနဲ့ အောက်ခြေအထိ ချိတ်ဆက်မှုရှိရှိနဲ့ ဒီလုပ်ငန်းတွေ အရှိန်အဟုန်ကောင်းကောင်းနဲ့ လုပ်နိုင်အောင် ဝန်ကြီးချုပ်တို့အနေနဲ့ ဘယ်လိုစီစဉ်ဆောင်ရွက်သွားမလဲဆိုတာလည်း ပြောပြပေးပါ။**

ဖြေ။ ။ ဒါကို အရှိန်မြှင့်ဆောင်ရွက်မယ်ဆိုတဲ့ အခါကျတော့ ဗဟိုနဲ့ ကျွန်တော်တို့အောက်ခြေ ပြည်နယ်နဲ့ကပိုပြီးတော့ ထိစပ်မှုတွေရှိအောင်၊ ပူးပေါင်းဆောင်ရွက်နိုင်အောင် ဆုံးဖြတ်ပြီး သဘောတူပြီးတော့ လုပ်ထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါကဆက်လုပ်သွားမှာပါ။

**မေး။ ။ ဗဟိုကော်မတီအနေနဲ့ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်မှုတွေထဲက တိုးတက်မှုနဲ့ လက်တွေ့ပြလို့ရတဲ့ ရလဒ်တွေရှိရင်လည်း ပြောပြပေးပါ။**

ဖြေ။ ။ အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါ ပြည်ထောင်စုဝန်ကြီးတွေ ကိုယ်တိုင်လာတဲ့အခါမှာ ဒေသလိုအပ်ချက်တွေကို တတ်နိုင်သမျှ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကအစ တောင်းဆိုချက်တွေကို ဖြည့်ဆည်းပြီး ဆောင်ရွက်ပေးတဲ့အတွက် ပြည်သူတွေက လိုလိုလားလားနဲ့ ဒီအပေါ်မှာ ကျေနပ်မှုတွေရှိပါတယ်။ နောက်လည်းပဲ ဒီလိုဆက်လုပ်မယ်လို့ ပြောလည်းပြောထားတယ်။ လုပ်လည်းလုပ်မှာဖြစ်တဲ့အတွက် ပြည်သူတွေကတော့ ဒီအပေါ်မှာ လိုလားမှုတွေ၊ ကျေနပ်မှုတွေ ပိုဖြစ်လာမှာပါ။

**မေး။ ။ ဝန်ကြီးချုပ်အနေနဲ့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေတဲ့ လုပ်ငန်းနဲ့ပတ်သက်လို့ ပြည်သူကို ရှင်းပြချင်တာ၊ ပြောပြချင်တာရှိလည်း ပြောပြပေးပါ။**

ဖြေ။ ။ ပြည်သူကို ပြောချင်တာကတော့ ကျွန်တော်တို့ တာဝန်ယူတဲ့ကာလကလည်း သိပ်ပြီးတော့မကြာသေးပါဘူး။ မကြာသေးပေမယ့်လည်း ကျွန်တော်တို့ အစွမ်းကုန်လုပ်ဆောင်နေတယ်။ လုပ်ဆောင်နေတဲ့အတွက်ကြောင့်လည်း တည်ငြိမ်မှုတွေရလာသလို၊ ဖွံ့ဖြိုးမှုလုပ်ငန်းတွေလည်း တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နေတာ ဖြစ်တဲ့အတွက် ပြည်သူတွေအနေနဲ့ ဒီအပေါ်မှာ ယုံယုံကြည်ကြည်နဲ့ ကျွန်တော်တို့ဆောင်ရွက်မှုအပေါ်မှာလည်းပဲ နားလည်သဘောပေါက်ပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်လို့ ပြောကြားလိုပါတယ်။

**ဦးသိန်းဆွေ**
**ပြည်ထောင်စုဝန်ကြီး**

**မေး။ ။ ဒီနေ့ကျင်းပခဲ့တဲ့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေးမှာ ဘယ်လိုဆုံးဖြတ်ချက်တွေ ချမှတ်ခဲ့ကြတယ်ဆိုတာ သိပါရစေ။**

ဖြေ။ ။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးကို ဒီနေ့မနက် ၁၀ နာရီမှာ နိုင်ငံတော်သမ္မတအိမ်တော်အစည်းအဝေးခန်းမမှာ ကျင်းပခဲ့ပါတယ်။ ခရီးလွန်နေတဲ့ ကော်မတီဝင်တွေကလွဲလို့ ကျန်တဲ့ ဗဟိုကော်မတီဝင်တွေအားလုံး တက်ရောက်ကြပါတယ်။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမယ့် လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ယခင်အစည်းအဝေးမှာ ချမှတ်ခဲ့တဲ့လုပ်ငန်းတွေကို ဘယ်လောက်အထိ ဆောင်ရွက်ပြီးပြီ၊ ဘယ်လောက်အထိ ဆောင်ရွက်ဖို့ကျန်သေးတယ်ဆိုတာတွေနဲ့ ရှေ့ဆက်လက်ဆောင်ရွက်သွားရမယ့် လုပ်ငန်းတွေနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်တွေ ချမှတ်ခဲ့ကြတယ်။ အဲ့ဒီဆုံးဖြတ်ချက်တွေကတော့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနဲ့ လုပ်ငန်းစဉ်တွေ ဆောင်ရွက်ရာမှာ ဗဟိုကော်မတီနဲ့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ယခုထက် ပိုမိုချိတ်ဆက်ဆောင်ရွက်သွားဖို့။

NV Card ထုတ်ပေးရခြင်းရဲ့ ရည်ရွယ်ချက်၊ အဓိပ္ပာယ်၊ သဘောသဘာဝတွေ အများပြည်သူ သိရှိနားလည်သဘောပေါက်စေရေး ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းသွားဖို့။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေမှာ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍ မြှင့်တင်ဆောင်ရွက်ပေးဖို့။

အမျိုးသားမှတ်ပုံတင်ကတ်ပြား (သုံးခေါက်ချိုး) ကိုင်ဆောင်သူတွေကို NV Cardလဲလှယ်ဖို့မလိုဘဲ လုပ်ထုံးလုပ်နည်းနဲ့အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ စိစစ်ထုတ်ပေးသွားဖို့။

NV Card ရရှိပြီးတဲ့သူတွေကို မြို့တွင်း၊ ရွာတွင်း လွတ်လပ်စွာ သွားလာခွင့်ပြုနိုင်ဖို့အတွက် အချို့နေရာတွေမှာ စမ်းသပ်ဆောင်ရွက်သွားဖို့။

NV Card ထုတ်ပေးရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် ကော်မတီတွေ ပိုမိုအောင်မြင်အောင် ဆောင်ရွက်သွားဖို့။

နိုင်ငံသားစိစစ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ပြည်နယ်/မြို့နယ်အဆင့် နိုင်ငံသား (သို့မဟုတ်) နိုင်ငံသားပြုခွင့်ရသူဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့တွေက မြန်မြန်ဆန်ဆန်စိစစ်ပြီး ဗဟိုအဖွဲ့ကို တင်ပြသွားဖို့။

နိုင်ငံသားစိစစ်ရေးကတ် ရရှိထားတဲ့ ကမန်လူမျိုးတွေ လွတ်လပ်စွာသွားလာခွင့်ပြုဖို့။

ရခိုင်ပြည်နယ်မှာရှိတဲ့ အမျိုးသမီးတွေအတွက် ကျန်းမာရေးဆောင်ရွက်မှုတွေနဲ့ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေ (SME) ဝင်ငွေတိုးတက်စေရေး လုပ်ငန်းတွေ အလေးထားထူထောင်ဆောင်ရွက်ပေးဖို့။

ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ဒေသခံတွေရဲ့ ကျန်းမာရေးအတွက် သွားလာနိုင်ရေးကိစ္စတွေမှာ ပိုမိုသိသာထင်ရှားစွာ ဆောင်ရွက်ပေးရေးနဲ့ လုံခြုံရေး ပိုမိုဆောင်ရွက်ပေးဖို့။

ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ ကလေးတွေအတွက် မွေးစာရင်းတွေ (Birth Certificate) စိစစ်ထုတ်ပေးနိုင်ရေး လုပ်ငန်းကော်မတီတစ်ရပ်ဖွဲ့စည်းပြီး မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားဖို့။

ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်မှုခံခဲ့ရတဲ့ နှစ်ဖက်လူ့အဖွဲ့အစည်းကို ကူညီထောက်ပံ့မှု ဆောင်ရွက်ပေးဖို့နဲ့ ပြည်ထောင်စုဝန်ကြီးတွေရဲ့ ရခိုင်ပြည်နယ် ခရီးစဉ်အတွင်းက တင်ပြချက် (၁၄၂)ချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနတွေက အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးကြဖို့နဲ့ တိုးတက်မှုအခြေအနေတွေကို ဗဟိုကော်မတီကို ပုံမှန်တင်ပြသွားဖို့တွေဖြစ်ပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ်အတွင်းမှာ နိုင်ငံသားစိစစ်မှုခံယူမည့်သူ၏ သက်သေခံကတ်ပြား NV Card ထုတ်ပေးမှု အခြေအနေတွေကို သိလိုပါတယ်။**

ဖြေ။ ။ ရခိုင်ပြည်နယ်အတွင်းမှာ ပြီးခဲ့တဲ့ ဇွန်လ ၇ ရက်ကစပြီး NV Card ထုတ်ပေးခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ရှေးဦးစွာ မြေပုံ၊ ကျောက်ဖြူ၊ ပုဏ္ဏားကျွန်းမြို့နယ်တွေမှာ စတင်ဆောင်ရွက်ခဲ့ပြီး စစ်တွေ၊ မောင်တော၊ ဘူးသီးတောင်၊ တောင်ပြိုလက်ဝဲနဲ့ သံတွဲမြို့နယ်တွေမှာ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေ့အထိ NV Card စုစုပေါင်း ၁၉၃၀ ကို သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးအဖွဲ့တွေက စိစစ်ထုတ်ပေးခဲ့ပါတယ်။

**မေး။ ။ NV Card ထုတ်ပေးနေတာတွေနဲ့ ပတ်သက်ပြီး နားလည်မှုလွဲမှားနေတာတွေကို ဘယ်လိုရှင်းလင်းပြောကြားလိုပါသလဲ။**

ဖြေ။ ။ နားလည်မှုလွဲတယ်ဆိုတာထက် NV Card ထုတ်ပေးနေတဲ့ အခြေအနေတွေကို ရှင်းရှင်းလင်းလင်း ကွဲကွဲပြားပြား မသိဘူးလို့ ဆိုရမှာဖြစ်ပါတယ်။ အရင်ကလည်း NV Card တွေ ထုတ်ပေးခဲ့တယ်။ အဲ့ဒီမှာ NV Card ပေါ်မှာပါတဲ့ အချက်အလက်အချို့ကို ဒေသခံပြည်သူတွေက မနှစ်သက်တဲ့အတွက် ဆောင်ရွက်ခြင်းမရှိခဲ့ပါဘူး။ ယခုအခါမှာ ဒေသခံတွေ လက်ခံနိုင်တဲ့ အချက်အလက်တွေကို ထည့်သွင်းထားတဲ့အတွက် NV Card ထုတ်ပေးခြင်းနဲ့ နိုင်ငံသားစိစစ်ရေးလုပ်ငန်းတွေမှာ ထိခိုက်မှုမရှိပါဘူး။ ၁၉၈၂ ခုနှစ် နိုင်ငံသား စိစစ်ရေးဥပဒေနဲ့အညီ ပြည်သူကို ဗဟိုပြုပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမှာဖြစ်တယ်။ ဒါကြောင့် NV Card ထုတ်ပေးခြင်းနဲ့ ပတ်သက်ပြီး သံသယရှိတယ်၊ သိလိုတာတွေရှိတယ်ဆိုရင် တာဝန်ရှိသူတွေက NV Card ထုတ်ပေးရခြင်းနဲ့ ရှေ့ဆက်လက်ဆောင်ရွက်သွားမယ့်လုပ်ငန်းစဉ်တွေကို ဂဃနဏ ရှင်းလင်း ပြောကြားသွားမှာဖြစ်ပါတယ်။ လက်ခံလာလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။

**မေး။ ။ NV Card ထုတ်ပေးမှုတွေနဲ့ ပတ်သက်ပြီး ဘယ်လိုဆက်လက်ဆောင်ရွက်သွားမယ်ဆိုတာကို သိလိုပါတယ်။**

ဖြေ။ ။ NV Card တွေ ထုတ်ပေးပြီးနောက်ပိုင်းမှာ နိုင်ငံသားစိစစ်မှုလုပ်ငန်းတွေကို စနစ်တကျ ဆောင်ရွက်ပါမယ်။ ပြီးရင်ရသင့်တဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားတွေကို ထုတ်ပေးသွားမှာဖြစ်တဲ့အတွက် နိုင်ငံသားရရှိတဲ့ အဆင့်အတန်းပေါ်မူတည်ပြီး အခွင့်အရေးတွေပေးသွားမှာဖြစ်တယ်။ တစ်ပြိုင်နက် အဲ့ဒီဒေသ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဝန်ကြီးဌာနအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားမှာဖြစ်တယ်။

**ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်**
**ပြည်ထောင်စုဝန်ကြီး**

**မေး။ ။ ဒီကနေ့ကျင်းပတဲ့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေးမှာ ဘာတွေများဆွေးနွေးခဲ့ပါသလဲခင်ဗျား။**

ဖြေ။ ။ ကျွန်တော့်အနေနဲ့ ဒီနေ့ဗဟိုကော်မတီ အစည်းအဝေးမှာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီ(၄)ခုဖွဲ့စည်းဆောင်ရွက်နေမှု အခြေအနေ၊ ပြည်ထောင်စုဝန်ကြီးတွေ ရခိုင်ပြည်နယ်ကို ကွင်းဆင်းဆောင်ရွက်ခဲ့မှုအခြေအနေ၊ ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမယ့်သူတွေရဲ့ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးရေးဆိုင်ရာဆောင်ရွက်ထားရှိမှုအခြေအနေ၊ နှစ်ဖက်လူ့အဖွဲ့အစည်းရဲ့ တင်ပြချက်တွေနဲ့ အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားသင့်တဲ့ အခြေအနေတွေကို ရှင်းလင်းတင်ပြခဲ့ပါတယ်။

ဗဟိုကော်မတီကိုဖွဲ့စည်းပြီးနောက်မှာ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ကျွန်တော်ခေါင်းဆောင်ပြီး ပြည်ထောင်စုဝန်ကြီးတွေနဲ့အတူ ၂၀၁၆ ခုနှစ် မေ ၃၁ ရက် မှ ဇွန် ၃ ရက်အထိ ရခိုင်ပြည်နယ်ကိုသွားရောက်ခဲ့ပြီး ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို မြေပုံမြို့နယ်၊ စစ်တွေမြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ သံတွဲမြို့နယ်များအတွင်းရှိ ဒေသခံပြည်သူများ၊ မြို့မိ/မြို့ဖများ၊ လူ့အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

အဲဒီခရီးစဉ်မှာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ပေးစေလိုတဲ့ ဒေသခံတွေရဲ့ တင်ပြချက်၊ ဌာနဆိုင်ရာတွေရဲ့ တင်ပြချက်စုစုပေါင်း ၁၄၂ ချက်ရှိခဲ့ပါတယ်။ အဲဒီတင်ပြချက်တွေနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီးဌာနတွေက ဘဏ္ဍာငွေခွင့်ပြုဝင်ဆံ့မှုအပေါ်မူတည်ပြီး ဦးစားပေးအစီအစဉ်အလိုက် လျာထားအကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိတဲ့လုပ်ငန်းတွေရဲ့ ပြီးစီးမှု၊ ဆောင်ရွက်ဆဲ၊ လျာထားစီမံဆဲလုပ်ငန်းတွေကို ရှင်းလင်းတင်ပြခဲ့ပါတယ်။

စာမျက်နှာ ၉ သို့

## ပြည်တွင်းရေးရာ

**✱ ရခိုင်ပြည်နယ်မှ**

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာနက ပထမအကြိမ် ဗဟိုကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက် ၁၀ ချက်အပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲအောင်က ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် တင်ပြချက် စုစုပေါင်း ၁၄၂ ချက်ကို ဝန်ကြီးဌာနအလိုက် သက်ဆိုင်ရာကဏ္ဍများအား ဆောင်ရွက်နေမှု၊ ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနက နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးအစီအစဉ်အလိုက် ဆက်လက်ဆောင်ရွက်ပေးမည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြည်နယ်အတွင်း သဘာဝဘေးဒဏ်ခံဒေသများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေမှု၊ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့်ကဏ္ဍများ၊ NVC ကတ်ထုတ်ပေးမှု၊ အခက်အခဲများနှင့် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက NVC ကတ်ထုတ်ပေးရေးလုပ်ငန်း အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အပြန်အလှန်ယုံကြည်မှုများရရှိအောင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် လိုအပ်မှု၊ လုံခြုံရေးဆိုင်ရာများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိုင်ငံသားစိစစ်မှု ခံယူမည့်သူ၏ သက်သေခံကတ်ပြား စုစုပေါင်း ၁၉၁၉ ခုထုတ်ပေးခဲ့မှု၊ ဆက်လက်ထုတ်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုနှင့် နိုင်ငံသားစိစစ်ရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေပုံမြို့နှင့် တောင်ကုတ်မြို့များတွင် သဘာဝဘေးဒဏ်ကြုံတွေ့ပါက ယာယီအသုံးပြုနိုင်ရန် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများဆောက်လုပ်ပေးထားမှု၊ ပြည်နယ်တွင်း မြို့နယ်အလိုက် မုန်တိုင်းဒဏ်ခံအဆောက်အအုံများ ဆက်လက်ဆောက်လုပ်ပေးရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ဒေသတွင်းပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများ၊ နိုင်ငံတကာအကူအညီများလိုအပ်ချက်နှင့်အညီရရှိရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းကြပြီး ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို သဘောတူဆုံးဖြတ်ကြသည်။

ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တစ်ချိန်တည်း တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရ ချိတ်ဆက်ဆောင်ရွက်ရာတွင် နားလည်မှုရှိရှိ ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ယခုအစည်းအဝေး ဆုံးဖြတ်ချက်များသည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာတွင် တိုးတက်မှုများစွာ ရရှိမည်ဖြစ်သည့်အတွက် အားလုံးက တက်ညီလက်ညီဖြင့် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအစည်းအဝေးသို့ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌများ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မိုးရွာသွန်းမှုမရှိသော်လည်း မိုးစပါးပျိုးထောင်ရေရရှိအောင် သဖန်းဆိပ်ဆည်မှ ပျိုးထောင်ရေစတင်ပေးဝေ

**ရွှေဘို ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဒေသရှိ မိုးကောင်းရေသောက်လယ်မြေများ၌ မိုးစပါးပျိုးထောင်ရေရရှိအောင် မိုးရွာသွန်းမှုမရှိသော်လည်း သဖန်းဆိပ်ဆည်မှ ပျိုးထောင်ရေ စတင်ပေးဝေနေကြောင်း သိရသည်။

ရွှေဘိုဒေသတွင် သဖန်းဆိပ်ဆည်ရေဖြင့် နွေစပါးများ ဧကသုံးသိန်းခန့် စိုက်ပျိုးထားရှိရာ အောင်မြင်ဖြစ်ထွန်းပြီး ရင့်မှည့်လျက်ရှိနေမှုကြောင့် နွေစပါးများ လှိုင်လှိုင်ရိတ်သိမ်းနေသည့်အပြင် တစ်မိုးနှစ်သီးအဖြစ် ဆက်လက်စိုက်ပျိုးနိုင်ရေးအတွက် မိုးစပါးပျိုးခင်းများတွင် ပျိုးထောင်နေကြသည်။ ဆည်ရေသောက်လယ်မြေများတွင် မိုးစပါးပျိုးထောင်နေကြသော်လည်း မိုးကောင်းတောဒေသများမှာ မိုးခေါင်နေမှုကြောင့် ယခုအချိန်အထိ ရွှေဘိုပေါ်ဆန်းမွှေးစပါး ပျိုးမထောင်ရသေးသည့်အတွက် ပျိုးထောင်ရက်ကုန်လွန်သွားမည်ကို လယ်သမားများ စိုးရိမ်ပူပန်နေကြသည်။


သို့သော်လည်း ဆည်ရေသောက်လယ်မြေများတွင် သဖန်းဆိပ်ဆည်မှလာသောဆည်ရေကို ကင်းတပ်ရေလွှဲဆည်မှ လယ်မြေဧက နှစ်သိန်းခန့်အတွက်လည်းကောင်း၊ ကာဘိုးရေလွှဲဆည်မှ လယ်မြေဧက သုံးသိန်းခန့်အတွက်လည်းကောင်း မိုစပါးဧက ငါးသိန်းခန့်စိုက်ပျိုးနိုင်ရေးအတွက် ပျိုးထောင်ရေအဖြစ် သဖန်းဆိပ်ဆည်ရေကို စတင်ပေးဝေနေကြောင်း ရွှေဘိုခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"ဆည်ရေသောက်လယ်မြေတွေကတော့ မိုးစပါးပျိုးထောင်ဖို့ ပျိုးထောင်ရေအဖြစ် ပေးဝေနေပါတယ်။ ကျွန်တော်တို့ မိုးကောင်းရေသောက်လယ်မြေတွေတော့ မိုးစပါးပျိုးထောင်ရေရရှိအောင် မိုးရွာသွန်းမှုမရှိသေးပါဘူး။ ယာသီးနှံဖြစ်တဲ့ ပဲ၊ နှမ်း၊ ပြောင်း စတာတွေ စိုက်ပျိုးရန်အတွက် မြေကြီးစိုစွတ်ရုံလောက်သာ မိုးအနည်းအငယ်သာ ရွာပါတယ်။ ဒါပေမယ့် မိုးကောင်းတော(မိုးရွာလျှင်မိုးရေသောက်)မှာတော့ မိုးစပါးပျိုးထောင်ရေရရှိအောင် မိုးသွန်းမှုမရှိသေးပါဘူး။ မိုးခေါင်နေပါတယ်"ဟု ခင်ဦးမြို့နယ် မကြီးတုံရွာမှ လယ်သမား ဦးစန်းဝင်းက ပြောသည်။

**(ကြေးမုံ)**



သဖန်းဆိပ်ဆည်မှ စိုက်ပျိုးရေပေးဝေနေစဉ်။



# တရားမဝင်နေထိုင်မှုဖြင့် ဖမ်းဆီးခံထားရသည့် မြန်မာနိုင်ငံသားများအား တရုတ်အစိုးရ လွှဲပြောင်းပေး

**မူဆယ် ဇူလိုင် ၁၄**

တရုတ်ပြည်တွင် ဖမ်းဆီးခံထားရသည့် မြန်မာနိုင်ငံသားများအား မြန်မာပြည်သို့ ပြန်လည်လွှဲပြောင်းခြင်းကို ဇူလိုင် ၁၃ ရက် ည ၇ နာရီခွဲက ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ နန်းတော် မြန်မာ-တရုတ် နှစ်နိုင်ငံ ဝင်/ထွက် စခန်းရှေ့ မြေကွက်လပ်၌ကျင်းပခဲ့ရာ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ခြောက်ဦးအား လူဝင်မှုကြီးကြပ်ရေးဌာနခွဲ အမှတ်(၇) မူဆယ်ရုံးအဖွဲ့က လက်ခံခဲ့ကြသည်။

လွှဲပြောင်းရောက်ရှိလာသူများသည် တရုတ်ပြည်အတွင်း အလုပ်လုပ်ခွင့်လက်မှတ်၊ နေထိုင်ခွင့်လက်မှတ် ကိုင်ဆောင်ထားခြင်းမရှိသည့်အတွက် တရုတ်ပြည် လူဝင်မှုကြီးကြပ်ရေး ဥပဒေအရ ဖမ်းဆီးခံရသူများဖြစ်ပြီး လူကုန်ကူးရောင်းစားခံရသူ အမျိုးသမီးတစ်ဦးပါရှိသဖြင့် မူဆယ်မြို့ စွမ်းစော်ရပ်ကွက်ရှိ လူကုန်ကူးမှုခံရသူများ (ယာယီ) စောင့်ရှောက်ရေးဂေဟာသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နယ်စပ်ဝင်ထွက်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို တရုတ်နိုင်ငံ ရွှေလီမြို့နယ်စပ်ကာကွယ် စုံစမ်းစစ်ဆေးရေးဌာနတွင် ဇွန် ၂၄ ရက်က ကျင်းပခဲ့ရာ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနခွဲ(၇) ဌာနခွဲမှူး ဦးစောနိုင်နှင့် တရုတ်နိုင်ငံကာကွယ်စုံစမ်းစစ်ဆေးရေးဌာနမှူး ဗိုလ်မှူးကြီး ရန်ဟိုင်ဖုန်းတို့၏ ညှိနှိုင်းဆောင်ရွက်ချက်များအရ ဇွန် ၂၆ ရက်မှ ဇူလိုင် ၁၄ ရက်အထိ မြန်မာနိုင်ငံသား အမျိုးသား ၃၁၀၊ အမျိုးသမီး ၅၃ ဦး စုစုပေါင်း ၃၆၃ ဦးအား လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။

ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်က တရုတ်ပြည် ရွှေလီမြို့ စီကိုင်အကျဉ်းထောင်တွင် အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးခံထားရသည့် မြန်မာနိုင်ငံသားများအား ထပ်မံလွှဲပြောင်းပေးရန် တောင်းဆိုထားကြောင်း သိရသည်။

**ဆရာမောင်(မူဆယ်)**

❐ စာမျက်နှာ ၈ မှ

ဒါ့အပြင် ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူရဲ့ သက်သေခံကတ်ပြား NV Card ထုတ်ပေးတဲ့ လုပ်ငန်းစဉ်တွေနဲ့စပ်လျဉ်းပြီး စစ်တွေမြို့နယ်၊ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ သံတွဲမြို့နယ်နဲ့ တောင်ပြိုလက်ဝဲမြို့တို့တွင် စုစုပေါင်း NVC ကတ် ၁၉၁၉ ထိ လဲလှယ်ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် အဆိုပါ လုပ်ငန်းစဉ်ကိုအရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရေးကိစ္စတွေကိုလည်း တင်ပြဆွေးနွေးခဲ့ပါတယ်။

**မေး ॥ ॥ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လိုများဆောင်ရွက်ပေးနေတယ်ဆိုတာလဲ သိပါရစေ။**

ဖြေ॥ ॥ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ မြေလမ်း ၂၀ မိုင်၊ ကျောက်လမ်း ၂၅ မိုင်၊ ကတ္တရာလမ်းနှစ်မိုင်၊ ကွန်ကရစ်တံတား ၄၄၉ ပေ၊ ကွန်ကရစ်ရေပြွန် ၂၃၆ ပေ၊ ရေတွင်း ခုနစ်တွင်း၊ ရက်(၁၀၀) စီမံချက်အရ ရေကန် ၇၂ ကန်၊ လျှပ်စစ်ဆည် တစ်ခု၊ ဘုန်းကြီးကျောင်း သုံးကျောင်း၊ တန်ဖိုးနည်းအိမ်ရာ ၂၃၇ လုံး၊ သဘာဝဘေးကြောင့်ပျက်စီးမှုများပြုပြင်ခြင်းလုပ်ငန်း ၁၃ ခုတို့ကို ခွင့်ပြုရန်ပုံငွေကျပ် ၆၃၀၉ ဒသမ ၃၈၉ သန်းနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ထို့အတူ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေနဲ့လည်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် စစ်တွေ၊ မောင်တော၊ မင်းပြားမြို့တွေမှာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွေ၊ မောင်တော၊ မင်းပြားနဲ့ အမ်းတို့မှာ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွေနဲ့ ကျောက်ဖြူမြို့နဲ့ ပုဏ္ဏားကျွန်းမြို့တို့မှာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းတွေကို ဖွင့်လှစ်ထားရှိပြီး ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ တိုင်းရင်းသားလူငယ်တွေအတွက် ပညာသင်ကြားရေး၊ အိမ်တွင်းမှုလုပ်ငန်း၊ စက်ပြင်လုပ်ငန်းစတဲ့ ပညာရပ်တွေကို နှစ်စဉ် လူငယ်လူရွယ်နဲ့ အမျိုးသမီးငယ်တွေ ပျမ်းမျှ ၁၇၀၀ ကို လေ့ကျင့်သင်ကြားပေးလျက်ရှိပါတယ်။

**မေး ॥ ॥ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေနဲ့စပ်လျဉ်းပြီး ပြည်သူတွေကို ဘာတွေများဖြည့်စွက်ပြောကြားလိုပါသလဲ ခင်ဗျာ။**

ဖြေ ॥ ॥ ရခိုင်ပြည်နယ်ဖြစ်စဉ်ကို ပြန်လည်သုံးသပ်ကြည့်တဲ့အခါ နှစ်ဖက်လူမှုအဖွဲ့အစည်းတို့ရဲ့ ပဋိပက္ခဟာ လတ်တလော ရုတ်ခြည်းဖြစ်ပေါ်ခဲ့တဲ့ ပဋိပက္ခမဟုတ်ဘဲ နှစ်ပေါင်းကြာရှည်စွာသမိုင်းကြောင်းနဲ့ ဆက်စပ်ဖြစ်ပွားလာခဲ့တဲ့ ပဋိပက္ခဖြစ်တဲ့အတွက် ချေဖျက်လို့မရတဲ့ ဖြစ်စဉ်တွေကြောင့် စိတ်ပိုင်းဆိုင်ရာခံစားမှုတွေရရှိနေပြီး လတ်တလော အခြေအနေမှာ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုတွေနဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာ မြှင့်တင်မှုတွေလိုအပ်နေတဲ့ အခြေအနေရှိတဲ့အတွက် အလွန်ကျယ်ပြန့်နက်ရှိုင်းပြီး ကိုင်တွယ်ဖြေရှင်းရာမှာလည်း သိမ်မွေ့၊ နူးညံ့၊ စိတ်ရှည်သည်းခံစွာနဲ့ စဉ်းစားဆုံးဖြတ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ကယ်ဆယ်ရေးစခန်းမှာရှိတဲ့ ဒုက္ခသည်တွေအနေနဲ့လည်း ပြန်လည်နေရာချထားပေးရေးလုပ်ငန်းတွေ အောင်မြင်စွာဆောင်ရွက်ပေးပြီး သူတို့ရဲ့ မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေကို ပြန်လည်လုပ်ကိုင်နိုင်သောအဆင့်ကိုရောက်ရှိမှသာ စိတ်ပိုင်းဆိုင်ရာခံစားမှုသက်သာစေမှာဖြစ်ပြီး စိတ်ပိုင်းဆိုင်ရာလုံခြုံမှုကိုပါ ဖြစ်စေမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်အစိုးရအဖွဲ့အစည်းတစ်ခုတည်းကသာ ဆောင်ရွက်ရုံနဲ့ ရာနှုန်းပြည့်အောင်မြင်မှုရရှိနိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ နှစ်ဖက်လူ့အဖွဲ့အစည်းတွေရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ တစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းရင်းသားပြည်သူလူထုအားလုံးလက်တွဲ ပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ပြီး နိုင်ငံတကာအကူအညီတွေရဲ့ ပူးပေါင်းပါဝင်မှုကိုလည်း စနစ်တကျ လက်ခံစီစဉ်ဆောင်ရွက်သွားကြရမယ့် လုပ်ငန်းစဉ်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

■

# E-Yangon စနစ် ခြောက်လအတွင်း အကောင်အထည်ဖော်မည် ပြည်သူများသိရှိလိုသည်ကို ၁၈၈၁ ဖုန်းခေါ်ဆိုမှုမှတစ်ဆင့် ဖြေရှင်းသွားမည်

**ရန်ကုန် ဇူလိုင် ၁၄**

ရန်ကုန်တွင် E-Yangon စနစ်အား ခြောက်လအတွင်း အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ပြည်သူများ သိရှိလိုသည့် အချက်များနှင့် အခက်အခဲများကို ၁၈၈၁ ဖုန်းခေါ်ဆိုမှုမှတစ်ဆင့် ဖြေရှင်းသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၏ ပြောကြားချက်အရ သိရသည်။

ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက သီလဝါအထူးစီးပွားရေးဇုန်ရှိ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံးခန်း One Stop Service Center တွင် တာဝန်ရှိသူများနှင့် ဇူလိုင်လဒုတိယပတ်က တွေ့ဆုံစဉ်ပြောကြားခဲ့ခြင်းဖြစ်သည်။

"ရန်ကုန်ကို E-Yangon ဆိုပြီး ဆောင်ရွက်သွားမှာဖြစ်သလို ၁၈၈၁ ဖုန်းခေါ်ဆိုမှုကနေ အားလုံးကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ဖို့စီစဉ်နေပါပြီ။ ခြောက်လအတွင်းမှာ အဆင်သင့်ဖြစ်နိုင်ဖို့ ကြိုးစားနေပါပြီ။ One Stop Service ဟာ အရေးကြီးပါတယ်။ သူ့ကို ဆောင်ရွက်ခြင်းအားဖြင့် လာဘ်ပေးလာဘ်ယူမှု(Corruption)နဲ့ ပတ်သက်ပြီး ဆောင်ရွက်နိုင်ပါမယ်။ အဂတိလိုက်စားမှုကင်းချင်တယ်ဆိုရင် ဒီလုပ်ငန်းကို ကျွန်တော်တို့တွေ မဖြစ်မနေ လုပ်ကိုလုပ်ရပါမယ်"ဟု ဦးဖြိုးမင်းသိန်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် သီလဝါအထူးစီးပွားရေးဇုန်၏ One Stop Service ဆောင်ရွက်အောင်မြင်နေမှုအပေါ် အခြေပြုဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် မြို့နယ်ပေါင်း ၄၅ မြို့နယ်ရှိသည့်အနက် သီးခြားဖြစ်နေသည့် ကိုကိုးကျွန်းမှအပ ကျန်မြို့နယ် ၄၄ မြို့နယ်တွင် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုချင်းစီ တိုးမြှင့်ဆောင်ရွက်သွားရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က "One Stop Service နဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံးကိုလုပ်ဖို့ စီစဉ်ထားပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(YCDC)မှာ One Stop Service စတင် ဆောင်ရွက်နေပါပြီ။ နမူနာအနေနဲ့ကလည်း သီလဝါ အထူးစီးပွားရေးဇုန်ကို အောင်မြင်မှုကိုအခြေပြုပြီး ကျွန်တော်တို့ စဉ်းစားထားတာပါ။ အရင်တုန်းက One Stop Service လုပ်မယ်ဆိုတဲ့ ပုံစံက Single Window မဖြစ်ပါဘူး။ အခုက ကျွန်တော်တို့ Single Window ပုံစံမျိုး လုပ်မယ်။ အစိုးရဝန်ထမ်းတွေအတွက်လည်း တကယ့်ကို ရသင့်ရထိုက်တဲ့ အခွင့်အလမ်းတွေ ရနိုင်အောင်နဲ့ သူတို့ရရှိမှုကလည်း ဂုဏ်သိက္ခာရှိတဲ့ ရရှိမှုဖြစ်အောင် ကြိုးပမ်းသွားဖို့ ရှိပါတယ်။ ဒါက ကျွန်တော်တို့ ရန်ကုန်မှာ ဆောင်ရွက်မယ့် အခြေအနေပါ"ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ပြောကြားသည်။



သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ One Stop Service Center အား တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရဆောင်ရွက်နေသည့် E-Yangon နှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဥ္ဇာမျိုးက "ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ E-government နဲ့ E-Yangon ဖြစ်ဖို့ ကြိုးစားနေတယ်။ ဒီလိုလုပ်ဆောင်နိုင်မယ်ဆိုရင် အဂတိလိုက်စားမှုတွေ၊ ပွင့်လင်းမြင်သာမှုမရှိတာတွေ အများကြီးပျောက်ကွယ်သွားပြီး တိုးတက်လာမယ်။ ဒီမံကိန်းက သတင်းမီဒီယာတွေကို ထုတ်ပြန်ဖို့ပဲကျန်ပါတော့တယ်။ E-government ဆိုတာ လုံခြုံရေးအရ အလွန်အရေးကြီးပါတယ်။ အလွန်အရေးကြီးတဲ့အပိုင်းဖြစ်တာကြောင့် ကျွန်မတို့ အပြန်ပြန်အလှန်လှန် ပညာရှင်တွေနဲ့ စမ်းသပ်နေပါတယ်။ ပြီးစီးတဲ့အခါကျရင် တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်တိုင် သတင်းမီဒီယာတွေ အကုန်လုံးကို ဖိတ်ခေါ်ပြီး ပြည်သူတွေကို အစိုးရအဖွဲ့နဲ့ ဘယ်လိုဆက်သွယ်ပြီး လျှောက်လွှာတွေ တင်သွင်းရမယ်ဆိုတာတွေကအစ Public Awareness ကို သတင်းမီဒီယာတွေကနေ ထုတ်ပြန်သွားပါမယ်"ဟု သတင်းမီဒီယာများအား ပြောကြားထားသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် သီလဝါအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အခြေအနေ၊ သီလဝါအထူးစီးပွားရေးဇုန်တွင် ဆောင်ရွက်နေသည့် One Stop Service အကြောင်း သိရှိရန်နှင့် သီလဝါအထူးစီးပွားရေးဇုန်အား လိုအပ်သည့် အကူအညီများ ထောက်ပံ့ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်ထံမှ သိရသည်။

ဦးဆက်အောင်က "ဝန်ကြီးချုပ်က သီလဝါအကြောင်း ဂယနဏ သိအောင်လာကြည့်တယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က သီလဝါအထူးစီးပွားရေးဇုန်ကို Support လုပ်ပေးမယ်။ လိုအပ်တဲ့ အကူအညီပေးမယ်ဆိုတာတွေ ပြောသွားပါတယ်"ဟု ဆိုသည်။

"ကျွန်တော်တို့ဆီမှာ ထူးခြားတာ တစ်ခုပေ့ါ၊ စီးပွားရေးဇုန်ပြင်ပမှာတောင် သေသေချာချာ ထိထိရောက်ရောက် မကောက်နိုင်သေးတဲ့ အခွန်တွေရှိနေပါသေးတယ်။ သီလဝါမှာတော့ အခွန်နဲ့ပတ်သက်ရင် အပြင်မှာတောင် ကောက်ဖို့ခဲယဉ်းနေတဲ့ commercial tax, withholding tax, income tax တွေကို အီလက်ထရွန်နစ်စနစ်နဲ့ အကုန်လုံးရအောင်ကောက်ပါ့မယ်။ အီလက်ထရွန်စနစ်နဲ့ဆိုတော့ အခွန်မှန်သမျှ အားလုံးကို တိတိကျကျဆောင်နိုင်မယ်။

သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ One Stop Service Center တွင် မည်သည့်ဝန်ကြီးဌာနများကိုမျှ သွားရောက်ရန်မလိုဘဲ ခွင့်ပြုမိန့်နှင့် ပါမစ်များအား လုပ်ဆောင်နိုင်ပြီး ခွင့်ပြုမိန့်လျှောက်ထားရာတွင် One Stop Service Center သို့ လာရောက်ရန်ပင် မလိုအပ်ဘဲ အွန်လိုင်းစနစ်ဖြင့် လျှောက်ထားနိုင်ပြီဖြစ်သည်။ သီလဝါအထူးစီးပွားရေးဇုန်တစ်ခုလုံး၏ ငွေပေးချေမှုစနစ်သည် အီလက်ထရွန်နစ် ငွေပေးချေစနစ်ကို ကျင့်သုံးလျက်ရှိသည်။

**(သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်)**

# ရေစကြိုမြို့နယ်အတွင်း၌ မြစ်ရေကြီးပြီး ကမ်းပါးပြို သီးနှံများပျက်စီးဆုံးရှုံးပြီး နေအိမ်များရွှေ့ပြောင်း

**ရေစကြို ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်အကြား ကျွန်းပိုင်းကျေးရွာအချို့တွင် မြစ်ရေကြီးမှုကြောင့် ကမ်းပါးများပြိုပြီး သီးနှံများပျက်စီးဆုံးရှုံးကာ နေအိမ်များလည်း ရွှေ့ပြောင်းထားရကြောင်း သိရသည်။



အဆိုပါ ကျေးရွာများအနက် ဆင်ခြေယာကျေးရွာအုပ်စု ဇရပ်နီကျေးရွာတွင် ချင်းတွင်းမြစ်ရေဝင်ရောက်တိုက်စားပြီး ကမ်းပါးပြိုမှုနှင့်ပတ်သက်၍ ရွာခွဲတာဝန်ခံ ဦးကျော်ဌေးက "ဒီနှစ်မှာ ချင်းတွင်းမြစ်ရေက ဦးတိုက်စီးဆင်းမှုကြောင့် ကမ်းများပြိုပြီး စိုးရိမ်စရာအခြေအနေကြောင့် မြို့နယ်ကို တင်ပြပြီး ဇူလိုင် ၁၀ ရက်ကစပြီး လူနေအိမ်၊ နွားစာတိုက်၊ မီးဖိုချောင်တွေ ပြောင်းရွှေ့နေရပါတယ်။ ဇူလိုင် ၁၄ ရက်အထိ အဆောက်အအုံ ၂၆ လုံး ရွှေ့ပြောင်းထားပြီးဖြစ်ပါတယ်။ နောက်ထပ်လည်း ရွှေ့ပြောင်းရမယ့် အခြေအနေရှိပါသေးတယ်။ အခုလိုအဆောက်အအုံတွေ ရွှေ့ပြောင်းရာမှာ မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက နေ့စဉ်လာရောက်ကူညီဆောင်ရွက်ပေးကြပါတယ်။

ပြီးတော့ မြစ်ရေတွေက နေ့ချင်း၊ ညချင်း ဝင်ရောက်လာတဲ့အတွက် မခူးရသေးတဲ့ ပဲတီစိမ်းအခင်းတွေ၊ ခူးလက်စ အခင်းတွေ၊ မြေပဲခင်းတွေ ရေမြုပ်လို့ဆုံးရှုံးကြရသလို ကမ်းပြိုလို့ပါသွားတဲ့ ပဲတီစိမ်းယာခင်းတွေလည်း မနည်းဘူး၊ CP ပြောင်းခင်းတွေလည်း ရေမြုပ်ပျက်စီးဆုံးရှုံးကြရပါတယ်။ ကျွန်တော်တို့ရွာက ဒီနှစ်ပဲတီစိမ်း ဧက ၂၀၀ လောက် စိုက်ပျိုးခဲ့တာ ဧက ၅၀ လောက် ရေဝင်နစ်မြုပ်ပြီး ကမ်းပြိုလို့ ပျက်စီးဆုံးရှုံးကြရပါတယ်"ဟု ပြောသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

### ❒ မြန်မာယူ-၁၆ အသင်းမှ

နှစ်ပွဲဆက်ရလဒ်ကောင်းရယူနိုင်ခဲ့သည့် မြန်မာယူ-၁၆ အသင်းသည် နောက်တစ်ဆင့်တက်ရေး အရေးပါသည့်ပွဲတွင် ဗီယက်နမ်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သောကြောင့် ရှန်းကန်ရတော့မည်ဖြစ်သည်။ မြန်မာအသင်းသည် ဦးဆောင်ဂိုးရခဲ့သော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်ဘဲ ဂိုးများဆက်တိုက်ပြန်ပေးရကာ ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်အသင်းသည် သုံးပွဲဆက်အနိုင်ရလဒ်ကြောင့် ဆီမီးတက်ရန် အခြေအနေကောင်းသွားပြီဖြစ်သည်။

မြန်မာအသင်းသည် ပထမနှစ်ပွဲတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲထွက်လူစာရင်းအတိုင်း ဆက်လက်ပွဲထွက်ခဲ့သည်။ ခြေစွမ်းပြနေသည့် ဗီယက်နမ်အသင်းသည် ပွဲစကတည်းက မြန်မာအသင်းကို ဖိကစားနိုင်ခဲ့ပြီး ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သည်။ ၁၄ မိနစ်တွင် မြန်မာအသင်း ဂိုးစတင်ရရှိခဲ့ပြီး ထက်ဖြိုးဝေက ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဂိုးရခဲ့သော်လည်း ပွဲကိုထိန်းချုပ်နိုင်ခြင်းမရှိဘဲ ဗီယက်နမ်အသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ ၃၂ မိနစ်တွင် ဗီယက်နမ်အသင်း ချေပဂိုးရခဲ့ပြီး ငုယင်ခါခမ်က သွင်းယူပေးခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ဗီယက်နမ်က ပွဲကို စိုးမိုးသွားခဲ့ပြီး ၄၄ မိနစ်တွင် ငုယင်ဟူသန်က ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ဗီယက်နမ်အသင်းက ခြေအသာဖြင့် ကစားသွားပြီး အနိုင်ဂိုးများကို ၅၁၊ ၆၁၊ ၆၈ မိနစ်တို့တွင် သွင်းယူခဲ့ကာ စတုတ္ထဂိုးသည် ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့ခြင်း ဖြစ်သည်။

မြန်မာအသင်းသည် စတုတ္ထပွဲအဖြစ် ဇူလိုင် ၁၆ ရက်တွင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(ဖိုးသော်ဇင်)**

### ❂ အာဆီယံ ဖူဆယ်မှ

အမျိုးသားပြိုင်ပွဲတွင် မြန်မာကလပ် MIC အသင်းသည် ဗီယက်နမ်ကလပ် ထိုင်ဆွန်နမ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ MIC အသင်းသည် ယခုပွဲအနိုင်ရရှိလျှင် ဗိုလ်လုပွဲတက်ခွင့်ရမည်ဖြစ်သော်လည်း ရှုံးနိမ့်ခဲ့သောကြောင့် တတိယနေရာလုပွဲသာ ကစားရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များ အပြီးတွင် လက်ရှိချန်ပီယံ ထိုင်းဆိပ်ကမ်း(ထိုင်း)နှင့် ထိုင်ဆွန်နမ်(ဗီယက်နမ်)အသင်းသည် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပြီး MIC မြန်မာနှင့် Black Steel(အင်ဒိုနီးရှား)အသင်းသည် တတိယနေရာလုပွဲ ကစားရမည်ဖြစ်သည်။

အမျိုးသမီးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲတွင် ဂျာရာကန်ဆီနာ(အင်ဒိုနီးရှား)က ဗန်ကောက်(ထိုင်း)ကို ကိုးဂိုး- နှစ်ဂိုး၊ နာခွန်(ထိုင်း)က လက်ရှိချန်ပီယံ ထိုင်ဆွန်နမ်(ဗီယက်နမ်)ကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ လက်ရှိချန်ပီယံ ထိုင်ဆွန်နမ်အသင်းသည် နှစ်ပွဲဆက် နိုင်ပွဲပျောက်ခဲ့သောကြောင့် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ပြီး ချန်ပီယံကာကွယ်ခွင့် ဆုံးရှုံးခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် ဗိုလ်လုပွဲသို့ ဂျာရာကန်ဆီနာ(အင်ဒိုနီးရှား) နှင့် နာခွန်(ထိုင်း) တတိယနေရာလုပွဲသို့ ဗန်ကောက်(ထိုင်း)နှင့် ထိုင်ဆွန်နမ်(ဗီယက်နမ်)တို့ ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဇူလိုင် ၁၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**(သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ကိုကိုစိုးညွန့်)**

# နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

၂၀၁၆ ခုနှစ် အဌမအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းများ၌ ကျင်းပလျက်ရှိသည်။

နံနက်ပိုင်းပွဲစဉ်များအဖြစ် နံနက် ၇ နာရီခွဲတွင် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ အုပ်စု(က)မှ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းမှ နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ အုပ်စု(က)မှ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းမှ တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ညနေပိုင်း ပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲတွင် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ အုပ်စု(ခ)မှ ပညာရေးဝန်ကြီးဌာနအသင်းနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာနအသင်းမှ ရှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ အုပ်စု(ခ)မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ဇူလိုင် ၁၅ ရက် ပွဲစဉ်များအဖြစ် နံနက် ၇ နာရီခွဲ ပွဲစဉ်တွင် အုပ်စု(ဂ)မှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် နေပြည်တော်စည်ပင်အသင်းတို့သည် လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ လည်းကောင်း၊ အုပ်စု(ဂ)မှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနဘောလုံးအသင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းတို့သည် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ လည်းကောင်း၊ ညနေ ၃ နာရီခွဲတွင် အုပ်စု(ဃ)မှ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့သည် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

# ညောင်ရွှေမြို့တွင် ဗိုလ်ချုပ်ကြေးရုပ်အား လွတ်လပ်ရေးကျောက်တိုင်ကွင်းသို့ အခမ်းအနားဖြင့် ပြောင်းရွှေ့

**ညောင်ရွှေ ဇူလိုင် ၁၄**

ညောင်ရွှေမြို့အဝင် ပန်းခြံအတွင်းရှိ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်အား လွတ်လပ်ရေးကျောက်တိုင်ကွင်းသို့ ဇူလိုင် ၁၃ ရက်က အခမ်းအနားဖြင့် ပြောင်းရွှေ့စိုက်ထူခဲ့ကြောင်း သိရသည်။



ဗိုလ်ချုပ်အောင်ဆန်းပန်းခြံ မူလနေရာသည် ဈေးအနီးတွင်ရှိပြီး လူရှုပ်ထွေးမှုရှိကြောင်း၊ ပန်းခြံအတွင်း ချုံနွယ်ထူထပ်ပြီး သစ်ပင်များကွယ်နေသည့်အတွက် ပြည်သူများအပန်းဖြေရန် ခက်ခဲကြောင်း၊ အများပြည်သူများအပန်းဖြေရန်နှင့် နောင်လာနောက်သားလူငယ်များ ဂါရဝပြုနိုင်ရန်အတွက် ဟော်ဟောင်းကွင်း (ယခု လွတ်လပ်ရေးကျောက်တိုင်ကွင်း) အတွင်းသို့ ပြောင်းရွှေ့ရခြင်းဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးက ပြောသည်။

"လွတ်လပ်ရေးကျောက်တိုင်ကွင်းအတွင်း ဗိုလ်ချုပ်ကြေးရုပ်ထားရှိဖို့အတွက် လုပ်ငန်းတွေကို ဇွန် ၁၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ကြေးရုပ်ထားရှိရန်အတွက် အုတ်ခုံစင်အမြင့် ခုနစ်ပေ၊ အောက်လှေကား အဝိုင်းအမြင့် သုံးပေဖြင့် တည်ဆောက်ခဲ့ပါတယ်။ ကြေးရုပ်အလေးချိန်က ခန့်မှန်းတန်ချိန် တန်ဝက်ခန့်ရှိပြီး အမြင့်က ခြောက်ပေခွဲရှိပါတယ်။ အုတ်ခုံစင်မြင့်ပတ်လည်မှာ ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိအကျဉ်းနဲ့ မိန့်ခွန်းတွေကို ထည့်သွင်းသွားမှာဖြစ်တဲ့အပြင် ပန်းအလှပင်တွေ စိုက်ပျိုးခြင်း၊ ပန်းခြံအဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ တည်ဆောက်မှုအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၁၂၆၀၀၀၀ ဖြစ်ပြီး ကုန်ကျငွေတွေကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လှူဒါန်းထားပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးဌာန တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သူရဆွေက ရှင်းပြသည်။

ဗိုလ်ချုပ်ကြေးရုပ်ပြောင်းရွှေ့ခြင်းအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပါမောက္ခခင်မောင်ဝင်း(အသည်း)၏ "အမေနဲ့ကျွန်တော်" ပထမတွဲ၊ ဒုတိယတွဲစာအုပ်ပေါင်းချုပ်မိတ်ဆက်ပွဲပြုလုပ်



**ရန်ကုန် ဇူလိုင် ၁၄**

နန်းဒေဝီစာပေက ထုတ်ဝေသည့် ပါမောက္ခခင်မောင်ဝင်း(အသည်း)၏ **'အမေနဲ့ကျွန်တော်'** ပထမတွဲ၊ ဒုတိယတွဲစာအုပ်ပေါင်းချုပ် မိတ်ဆက်ပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက်က ရန်ကုန်မြို့ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပခဲ့သည်။

'အမေနဲ့ကျွန်တော်' ပထမပိုင်းကို ၂၀၀၈ ခုနှစ်ကရေးသားထုတ်ဝေခဲ့ပြီး ပြည်တွင်းပြည်ပမှ စာဖတ်ပရိသတ်များ၏ အကြံပေးတောင်းဆိုမှုကြောင့် ဆက်လက်ရေးသားပြီး ယခုပထမပိုင်း၊ ဒုတိယပိုင်းပေါင်းချုပ်ကို ထုတ်ဝေခြင်းဖြစ်ကြောင်း ပါမောက္ခခင်မောင်ဝင်း(အသည်း)က ဆိုသည်။

အဆိုပါစာအုပ်နှင့် စပ်လျဉ်းပြီး ပါမောက္ခခင်မောင်ဝင်း(အသည်း)က "အမေ့ဂုဏ်ကျေးဇူးနဲ့ မေတ္တာကို ဂုဏ်ပြုဖွဲ့ဆိုသည့်စာအုပ်၊ အမေ့အကြောင်း၊ အမေ့ပုံရိပ်များမှသည် ချစ်စရာအညာအကြောင်း၊ အညာဓလေ့၊ အညာလူနေမှုစနစ်၊ သူဖြတ်သန်းခဲ့ရသည့် ခေတ်စနစ်များကို ထင်ဟပ်ထားသည့်စာအုပ်"ဟု ညွှန်းဆိုပြောကြားထားသည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း) ၏ 'အမေနဲ့ကျွန်တော်' စာအုပ်ကို "ထာဝရအမေ" အမည်ဖြင့်ဒါရိုက်တာ အကယ်ဒမီ စင်ရော်မောင်မောင်၊ အကယ်ဒမီနေတိုး၊ အကယ်ဒမီ မေသန်းနု၊ အကယ်ဒမီဝတ်မှုန်ရွှေရည်တို့နှင့် ရုပ်ရှင်ဇာတ်ကားကြီးအဖြစ် ရိုက်ကူးရန် စီစဉ်နေကြောင်းလည်း သိရသည်။

"အမေနဲ့ကျွန်တော်" လုံးချင်း ဖတ်ပြီးမကြာခင်မှာပဲ "ထာဝရအမေ" ရုပ်ရှင်ဇာတ်ကားကြီးကိုလည်း ဆက်လက်အားပေးကြည့်ရှုကြပါ" ဟု ပါမောက္ခခင်မောင်ဝင်းက အဆိုပါအခမ်းအနားတွင် ပြောကြားခဲ့သည်။

ပါမောက္ခခင်မောင်ဝင်း (အသည်း)၏ "အမေနဲ့ကျွန်တော်" စာအုပ်မိတ်ဆက်ပွဲအခမ်းအနားတွင် နန်းဒေဝီစာအုပ်တိုက်၏ထုတ်ဝေသူ သရဖူနှင့် Wellness မဂ္ဂဇင်းအယ်ဒီတာချုပ် ဒေါ်နန်းအိအိဇာက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ထပ်ဆင့် အကယ်ဒမီ စင်ရော်မောင်မောင်၊ စာပေပညာရှင် ဂုဏ်ထူးဦးသိန်းနိုင်နှင့် အလင်းတန်းဂျာနယ်နှင့် ရွှေအမြုတေမဂ္ဂဇင်းအယ်ဒီတာချုပ် ဆရာဦးဝင်းငြိမ်းတို့က မုဒိတာစကားများ ပြောကြားခဲ့ကြသည်။

ယင်းအခမ်းအနားတွင် တေးသံရှင် ဒေါ်ရီရီသန့်က ပါမောက္ခခင်မောင်ဝင်း(အသည်း)အတွက် ဂုဏ်ပြုတေးသီချင်းများသီဆိုချီးမြှင့်ခဲ့ပြီး နန်းဒေဝီစာအုပ်တိုက်ကလည်း ဒေါ်ခင်ကြည်စာကြည့်တိုက်ဖောင်ဒေးရှင်းအတွက် စာအုပ်များ ပေးအပ်လှူဒါန်းခဲ့သည်။

**(ငုဝါ)**

## အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**မင်းတပ် ဇူလိုင် ၁၄**

ပြည်သူ့ဘဝအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်မောင်းသူများ လိုက်နာရန် အသိပညာပေးလက်ကမ်းစာစောင်များကို ဇူလိုင် ၁၄ ရက်က ခရိုင်ရဲမှူး ဒုရဲမှူးကြီးဌေးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းသာ၊ မီးသတ်ဦးစီးမှူး ဦးထန်းကီးတို့ဦးဆောင်၍ မင်းတပ်ရဲတပ်ဖွဲ့မှ အရာရှိအရာခံ၊ အကြပ်တပ်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည်။ မင်းတပ်၊ မတူပီလမ်းဆုံနေရာများတွင် ယာဉ်မောင်းများအား အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# ဗိုလ်ချုပ်ကို ချစ်တယ်ဆို

❖ တို့ဗိုလ်ချုပ် ဗိုလ်ချုပ်ကို
ချစ်ကြတယ်ဆို၊
ချစ်တယ်ဆို ဗိုလ်ချုပ်စကား
ဦးထိပ်ပန်ထား။

❖ ဗိုလ်ချုပ်စကား မှတ်သားကာ
လေးစားလိုက်နာ၊
ကိုယ့်ကျရာ တာဝန်များ
အားထုတ်ကြိုးစား။

❖ စွမ်းပကား ကိုယ်စီကိုယ်စီ
အားမာန်မြှင့်ချီ၊
ဖွံ့ဖြိုးစည် ညီအောင်ပြု
တို့ပြည်ထောင်စု။

❖ ပြည်ထောင်စု အစွန့်ရှည်
ငြိမ်းချမ်းရမည်၊
စည်းလုံးညီ ချစ်ကြည်ရေး
စိတ်ကောင်းကိုမွေး။

❖ ဗိုလ်ချုပ်သွေး မွေးလို့ရယ်
ရဲစွမ်းရမယ်၊
ကမ္ဘာ့အလယ် ထည်ဝါဝင့်
မျိုးရိုးဂုဏ်မြှင့်။ ။

ရေနံ့သာမောင်ကျော်ညွန့်

(၆၉)နှစ်မြောက် အာဇာနည်နေ့ကို ဤကဗျာဖြင့် ဦးညွှတ်ပါ၏။

## (၆၉)နှစ်မြောက် အာဇာနည်နေ့အကြို အခမ်းအနားကျင်းပ

**ပဲခူး ဇူလိုင် ၁၄**

(၆၉)နှစ်မြောက် အာဇာနည်နေ့အကြိုလှုပ်ရှားမှုအဖြစ် မူကြိုအရွယ်ကလေးများ ကဗျာရွတ်ဆိုပြိုင်ပွဲကို ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး (၇) အမှတ်(၂) မူလတန်းကြိုကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ပြုံးပြုံးသန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားသို့ အကြီးအဆင့် အာဇာနည်နေ့ကဗျာရွတ်ဆိုခြင်း၊ အကြီးအဆင့် အာဇာနည်နေ့သီချင်း သီဆိုခြင်း၊ ဆုရရှိသူကလေးများနှင့် ပါဝင်သူကလေးများအား ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါအခမ်းအနားသို့ ရပ်မိရပ်ဖများ၊ ကလေးမိဘများ၊ မိဘဆရာအသင်းဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ရွှေဘုန်းအောင်(ပဲခူး)**



# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၁၄**

ရန်ကုန်(ရွှေဈေး) ၈၃၃၈၀၀ - ၈၃၄၈၀၀ မန္တလေး(ရွှေဈေး) ၈၃၃၈၀၀ - ၈၃၄၈၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၅၀/၅၇၀ ကျပ်၊ | ၅၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၅၀ ကျပ်၊ | ၇၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၆၀/၅၇၀ ကျပ်၊ | ၆၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၈၀/၆၀၀ ကျပ်၊ | ၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၉၁ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၃၂ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၇၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၇၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၀၅. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၇၅. ၈၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၃. ၄၁၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၆. ၂၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၅၄၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၂၉. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၂. ၄၅ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၉၃. ၁၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၇၃. ၂၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ဘာလင်မြို့တွင် ဆွေးနွေးမှုများပြုလုပ်ရန် ဗြိတိန်ဝန်ကြီးချုပ်သစ် ထရီစာမေအား ဂျာမနီအဓိပတိ မာကယ် ဖိတ်ခေါ်

**ဘက်ရှ်ကတ်ခ် (ကာဂျစ္စတန်) ဇူလိုင် ၁၄**

ဘာလင်မြို့တော်တွင် ဆွေးနွေးမှုများပြုလုပ်ရန် ဗြိတိန်ဝန်ကြီးချုပ်သစ် ထရီစာမေအား ဖိတ်ခေါ်ခဲ့ကြောင်း၊ ၎င်းနှင့်အတူ လက်တွဲဆောင်ရွက်ရန် မျှော်လင့်လျက်ရှိကြောင်း ဂျာမနီဝန်ကြီးချုပ် အိန်ဂျယ်လာမာကယ်က ဇူလိုင် ၁၄ ရက်တွင် ပြောကြားသည်။

"မဟာမိတ်နိုင်ငံတွေက အစိုးရတွေနဲ့ အနီးကပ်လက်တွဲဆောင်ရွက်ဖို့က ကျွန်မတို့ရဲ့လုပ်ငန်းတာဝန်ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ပြဿနာများစွာရှိနေတဲ့အတွက် ဒီလို နီးကပ်တဲ့ပူးပေါင်းဆောင်ရွက်မှုတွေ မရှိမဖြစ်လိုအပ်ပါတယ်"ဟု ကာဂျစ္စတန်နိုင်ငံ ဘက်ရှ်ကတ်ခ်မြို့တော်၌ ဆွေးနွေးမှုများပြုလုပ်ပြီးနောက်ကျင်းပသော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် မာကယ်က သတင်းထောက်များသို့ ပြောကြားသည်။ ဇူလိုင် ၁၃ ရက်နှောင်းပိုင်းက ဗြိတိန်ဝန်ကြီးချုပ် ထရီစာမေနှင့် ဖုန်းဖြင့်ပြောဆိုခဲ့ပြီး ဘာလင်မြို့တော်တွင် ဆွေးနွေးမှုများပြုလုပ်ရန် ဖိတ်ခေါ်ခဲ့ကြောင်း သူကဆိုသည်။

ဥရောပသမဂ္ဂမှခွဲထွက်ရန် ဦးဆောင်လှုပ်ရှားသူနှင့် မကြာသေးမီအချိန်က ဝန်ကြီးချုပ်ရာထူးအတွက် အဓိကပြိုင်ဘက်အဖြစ် ရှုမြင်ထားခြင်းခံရသူ ဘောရစ်ဂျွန်ဆင်အား နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်လိုက်သော ထရီစာမေ၏ အံ့အားသင့်ဖွယ်ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ ၎င်းက မှတ်ချက်စကားပြောရန် ငြင်းဆန်ခဲ့သည်။ ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံထွက်ခွာမှုနှင့်ပတ်သက်သော ဆွေးနွေးမှုများမစတင်မီ အစိုးရသစ်အနေဖြင့် အချိန်လိုအပ်မည်ဟု ဂျာမနီအဓိပတိ မာကယ်နှင့် ပြင်သစ်သမ္မတ ဟော်လန်တို့အား ထရီစာမေက ဖုန်းဖြင့်ပြောဆိုခဲ့ကြောင်း ဇူလိုင် ၁၃ ရက်က ဝန်ကြီးချုပ်ရုံးက ပြောကြားခဲ့သည်။

**ရိုက်တာ။**





# နာတူနာ ကျွန်းစုအနီး ပင်လယ်ရေပြင်သို့ ရေလုပ်သားများကို စေလွှတ်ရန် အင်ဒိုနီးရှားလိုလား

**ဂျကာတာ ဇူလိုင် ၁၄**

တောင်တရုတ်ပင်လယ်ပြင် အတွင်းရှိ နာတူနာကျွန်းစုနှင့် ယင်း၏ အနီးတစ်ဝိုက် နယ်မြေများအပေါ် အချုပ်အခြာအာဏာပိုင်စိုးမှု အာဏာသက်ဝင်စေရန် ရည်ရွယ်လျက် အင်ဒိုနီးရှားအစိုးရအဖွဲ့က ရေလုပ်သား ရာပေါင်းများစွာကို အဆိုပါ ပင်လယ်ရေပြင်သို့ စေလွှတ်ရန် လိုလားကြောင်း အစိုးရအထက်တန်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

နာတူနာကျွန်းစုနှင့် ယင်း၏ အနီးတစ်ဝိုက် ပင်လယ်ရေပြင်နှင့် ပတ်သက်၍ အင်ဒိုနီးရှားနှင့် တရုတ်နိုင်ငံတို့အကြား သူပိုင်ကိုယ်ပိုင် အငြင်းပွားလျက်ရှိကြသည်။

ပိုင်နက်အငြင်းပွား ရေပြင်အနီးတစ်ဝိုက်တွင် ငါးဖမ်းခြင်း၊ ရေနံနှင့် ဓာတ်ငွေ့ စူးစမ်းရှာဖွေခြင်းနှင့် ကာကွယ်ရေးစခန်းများ ဖွင့်လှစ်ခြင်းစသည့် လှုပ်ရှားမှုများ ပြုလုပ်သွားရန် သမ္မတ ဂျိုကို ဝီဒိုဒိုက အစီအစဉ်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။

အင်ဒိုနီးရှားရေတပ်နှင့် တရုတ်ငါးဖမ်းရေယာဉ်များအကြား ထိပ်တိုက်တွေ့သည့် ဖြစ်ရပ်များ ဆက်တိုက်ပေါ်ပေါက်ခဲ့ပြီးနောက် အချုပ်အခြာအာဏာပိုင်စိုးမှုကို ထင်ဟပ်ပြသသည့် လှုပ်ရှားမှု အစီအစဉ်ကို အကောင်အထည်ဖော်ရန် သမ္မတ ဝီဒိုဒိုက ကြိုးပမ်းလျက်ရှိသည်။

အချုပ်အခြာအာဏာပိုင်စိုးမှုကို ထင်ဟပ်ပြသသည့် လုပ်ဆောင်ချက်များမရှိပါက အင်ဒိုနီးရှားနိုင်ငံ၏ ပိုင်နက်နယ်မြေ စုစည်းစွာတည်ရှိမှုကို ပျက်ပြားစေမည့် တောင်းဆိုချက်အများအပြား ပေါ်ထွက်လာနိုင်ကြောင်း ပင်လယ်ရေကြောင်းဝန်ကြီး ရီဇယ် ရမ်မီက သတင်းထောက်များကို ပြောကြားသည်။

နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အနုညာတခုံရုံးက တောင်တရုတ်ပင်လယ်၏ နယ်မြေအားလုံးနီးပါးအား သမိုင်းကြောင်းအရ ပိုင်ဆိုင်သည်ဆိုသော တရုတ်နိုင်ငံ၏ တောင်းဆိုချက်ကို ပယ်ချခဲ့အပြီး တစ်ရက်အကြာတွင် ၎င်းက ယင်းသို့ တုံ့ပြန်ပြောကြားခြင်း ဖြစ်သည်။ **ရိုက်တာ။**

# တူရကီ စစ်စခန်း၌တာဝန်ထမ်းဆောင်နေသည့် ဂျာမန်တပ်ဖွဲ့ဝင်များကို ပြန်လည်ခေါ်ယူရဖွယ်ရှိဟုဆို

**ဘာလင် ဇူလိုင် ၁၄**

တူရကီနိုင်ငံရှိ အင်ကာလစ် လေတပ် အခြေစိုက်စခန်း၌ တာဝန်ထမ်းဆောင်နေသည့် ဂျာမန်တပ်ဖွဲ့ဝင်များထံ သွားရောက်တွေ့ဆုံသော ဂျာမန်ဥပဒေပြုလွှတ်တော်အမတ်များ၏ ခရီးစဉ်ကို ပိတ်ပင်မည်ဆိုပါက ၎င်းတပ်ဖွဲ့ဝင်များအား တာဝန်ထမ်းဆောင်ခြင်းမှ ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ဂျာမန်အစိုးရ ဒုတိယဝန်ကြီးချုပ် ဘစ်ဂမာဂါဘရီရယ်က ပြောကြားလိုက်သည်။

၁၉၁၅ ခုနှစ်က အော်တိုမန်အင်ပါယာတပ်ဖွဲ့များက အာမေးနီးယန်းလူမျိုးများအား မျိုးတုန်းသတ်ဖြတ်မှုပြုလုပ်ခဲ့သည့် သမိုင်းဖြစ်ရပ်နှင့် ပတ်သက်၍ ဂျာမန်လွှတ်တော်က ပြစ်တင်ရှုတ်ချသော ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့သည့်အတွက် တူရကီနိုင်ငံမှာ အမျက်ဒေါသချောင်းချောင်းထခဲ့သည်။

ဂျာမန် ဥပဒေပြုလွှတ်တော်အမတ်များ အနေဖြင့် တူရကီနိုင်ငံရှိ ဂျာမန်တပ်ဖွဲ့ဝင်များထံ သွားရောက်တွေ့ဆုံခွင့်မရပါက ၎င်းတပ်ဖွဲ့ဝင်များကို ပြန်လည်ခေါ်ယူရမည်ဖြစ်ကြောင်း ဂါဘရီယယ်က ဒေသဆိုင်ရာ သတင်းစာသို့ ပြောကြားသည်။

တူရကီနိုင်ငံ အင်ကာလစ် လေတပ်အခြေစိုက်စခန်းတွင် ဂျာမန်စစ်ဘက်တပ်ဖွဲ့ဝင် ၂၅၀ ခန့် တာဝန်ထမ်းဆောင်လျက်ရှိသည်။ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)ဦးဆောင်၍ အီရတ်နိုင်ငံရှိ အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)အား ချေမှုန်းတိုက်ခိုက်နိုင်ရန် ရည်ရွယ်လျက် အဆိုပါ စစ်စခန်း၌ ဂျာမန်တပ်ဖွဲ့များကို ဖြန့်ကြက် တားခြင်းဖြစ်သည်။ **ဆင်ဟွာ။**




# (၁၁) ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေး ဇူလိုင် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ကျင်းပမည်

**ကွာလာလမ်ပူ ဇူလိုင် ၁၄**

(၁၁) ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေး (အေအက်စ်အီးအမ်)ကို ဇူလိုင် ၁၅ရက်နှင့် ၁၆ ရက်တို့တွင် မွန်ဂိုလီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

အာရှ-ဥရောပထိပ်သီးအစည်းအဝေးတွင် အာရှနှင့် ဥရောပနိုင်ငံများအကြား လုံခြုံရေးနှင့် စီးပွားရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် ခေါင်းဆောင်များက ဆွေးနွေးနိုင်ဖွယ်ရှိကြောင်း မလေးရှားနိုင်ငံရေးကျွမ်းကျင်ပညာရှင်တစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ယခုလောလောဆယ်တွင် အာရှနှင့်ဥရောပနိုင်ငံများသည် အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရသည့်အတွက် ဒေသတွင်းလုံခြုံရေးဆိုင်ရာ ဆွေးနွေးမှုသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ကြောင်း မလေးရှားနိုင်ငံသား နိုင်ငံရေးကျွမ်းကျင်ပညာရှင် အိုအီဆမ်က ဆိုသည်။

"အာရှနဲ့ဥရောပတလွှားမှာ အကြမ်းဖက်မှုတွေ ဖြစ်ပွားလျက်ရှိပါတယ်။ အကြမ်းဖက်မှုတွေကြောင့် အသက်ဆုံးရှုံးသူတွေအများအပြားရှိသလို ထိခိုက်ဒဏ်ရာရသူတွေလည်း များပြားလှပါတယ်။ ဒါကြောင့် အာရှနဲ့ဥရောပနိုင်ငံတွေ အပြန်အလှန် သတင်းချိတ်ဆက်မှုတွေ၊ ထောက်လှမ်းမှုတွေမှာ ပူးပေါင်းဆောင်ရွက်နိုင်မယ်ဆိုရင် အကြမ်းဖက်မှုတွေလျော့ကျသွားနိုင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

နောက်ထပ်အရေးကြီးသည့် အချက်သည် စီးပွားရေးကဏ္ဍပင်ဖြစ်သည်။ ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြုံရချိန်တွင် အာရှနှင့်ဥရောပနိုင်ငံများ အပြန်အလှန်စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်ခဲ့သည်။ ဥရောပနိုင်ငံများတွင် နည်းပညာကောင်းများ ပိုင်ဆိုင်ထားချိန်တွင် အာရှနိုင်ငံများ၏စီးပွားရေး တိုးတက်ကောင်းမွန်ခဲ့ကြောင်း ၎င်းက ဆင်ဟွာသတင်းဌာနသို့ ထောက်ပြပြောဆိုခဲ့သည်။

ဥရောပသမဂ္ဂအဖွဲ့မှ ဗြိတိန်နိုင်ငံခွဲထွက်သွားပြီးနောက် ဥရောပနိုင်ငံများအနေဖြင့် ၎င်း၏စီးပွားရေးကို ပြန်လည်တိုးတက်ကောင်းမွန်အောင်ကြိုးပမ်းရမည်ဖြစ်သည်။ ထိုသို့ကြိုးပမ်းချိန်တွင် အာရှနိုင်ငံများသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွက် အထောက်အပံ့ကောင်းများပေးနိုင်ဖွယ်ရှိကြောင်း ၎င်းကဆိုသည်။

အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးပွဲကို ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၈ နိုင်ငံမှခေါင်းဆောင်များ၊ အခြားဥရောပနှစ်နိုင်ငံမှ ခေါင်းဆောင်များ၊ အာရှ ၂၁ နိုင်ငံမှ ခေါင်းဆောင်များနှင့် အာဆီယံအတွင်းရေးမှူးတို့တက်ရောက်ကြမည်ဖြစ်သည်။ ယင်းထိပ်သီးအစည်းအဝေးတွင် နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များကို အလေးထားဆွေးနွေးကြမည်ဖြစ်သည်။

**ဆင်ဟွာ။**

**အားကစား**

# အီတလီဘောလုံးလောကကိုအခြေပြု တည်ဆောက်တော့မယ့် ကွန်တီလက်ထက် ချယ်လ်ဆီး




■ရှိုင်ယန်ဟောင်

အီတလီလူမျိုးနည်းပြ ကွန်တီဟာ လာမယ့်ဘောလုံးရာသီကစပြီး ချယ်လ်ဆီးအသင်းကို ကိုင်တွယ်တော့မှာ ဖြစ်တာကြောင့် ဒီနာမည်ကြီး နည်းပြကြီး ချယ်လ်ဆီးကို ဘယ်လိုနည်းဗျူဟာ အခင်းအကျင်းနဲ့ ပွဲထွက်စေမလဲဆိုတာ အားကစားမီဒီယာတွေက ပုံဖော်ရေးသားနေကြပါတယ်။ ကွန်တီဟာ အများအားဖြင့် ဂျူဗင်တပ်နဲ့ အီတလီလက်ရွေးစင်အသင်းတွေမှာ ၃-၅-၂ (ဒါမှမဟုတ်) ၄-၂-၄ပုံစံနဲ့ အခြေပြုတည်ဆောက်ခဲ့တာကြောင့် အခြား နည်းပြတွေနဲ့ နည်းဗျူဟာ အခင်းအကျင်း လုံးဝခြားနားတဲ့ နည်းပြတစ်ဦးအဖြစ် ဘောလုံးလောကက လက်ခံထားသူဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီနှစ်ပရီမီယာလိဂ်ကို ဂွါဒီယိုလာ၊ မက်ဇာရီ၊ မော်ရင်ဟိုတို့ လာရောက်ပူးပေါင်းနေတဲ့ကြားကပဲ အခြားနာမည်ကြီးနည်းပြတွေထက် ကွန်တီဘာ နည်းစနစ်ကို အသုံးပြုမလဲဆိုတာ ပိုလို့စိတ်ဝင်စားနေကြတာဖြစ်ပါတယ်။ ကွန်တီပစ်မှတ်ထားတဲ့ ကစားသမားတွေကို ကြည့်ပြီး မှန်းဆကြ ရာမှာ ၃-၄-၃ ကစားကွက်ကိုသာ အဓိကအသုံးပြုသွားဖို့ရှိတယ်လို့ အားကစားမီဒီယာတွေအဖြေထုတ်ကြပါတယ်။

ချယ်လ်ဆီးအသင်းဟာ မက်ဆီကစလို့ ကွန်တီအဆုံးကစားသမား အများအပြားကို ခေါ်ယူဖို့ ကြိုးပမ်းနေပြီး အများစုဟာ အီတလီ ဘောလုံးလောကကိုပဲ အခြေပြုလှုပ်ရှားခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့် အီတလီလူမျိုးနည်းပြက အီတလီဘောလုံးလောကကိုအခြေပြု အောင်မြင်မှုရှာဖွေဖို့ကြိုးစားတာဟာ ဘောလုံးလောကအတွက် ဆန်းကြယ်တဲ့ကိစ္စမဟုတ်တာတော့ သေချာပါတယ်။ စပိန်လူမျိုးဂွါဒီယိုလာ ဟာ စပိန်ဘောလုံးကစားသမားတွေနဲ့ ဘိုင်ယန်ကိုတောင် တည်ဆောက်ဖို့ ကြိုးပမ်းခဲ့ဖူးသလို ဝင်းဂါး၊ ဘင်နီတက်ဇ်၊ မော်ရင်ဟိုတို့ အားလုံးဟာလည်း အလားတူ လမ်းကြောင်းနဲ့ ခရီးနှင်ခဲ့ကြသူတွေပဲဖြစ်ပါတယ်။

ကွန်တီဟာ ဂိုးသမားကော်တွိုက်စ်ကို ထွက်ခွာခွင့်ပေးမှာ မဟုတ်တာကြောင့် ဂိုးသမားနေရာမှာတော့ အပြောင်းအလဲ မရှိလောက်ပါဘူး။ ကွန်တီဟာ နောက်တန်းကိုဒေါင်ဒေါင်မြည် ကစားသမား သုံးဦးနဲ့သာ တည်ဆောက်လိုတာကြောင့် ဂွန်တယ်ရီ၊ ကာဟေးလ်တို့ အသင်းပြောင်းရဖို့ရှိနေပြီး ဂျူဗင်တပ်မှ ဘိုနူချီ၊ နာပိုလီနောက်ခံလူကူလီဘလီ၊ ရိုးမားကစားသမား မင်နိုလက်စ်တို့ဟာ အဓိကပစ်မှတ်တွေဖြစ်ပါတယ်။ ကူလီဘလီအတွက် နာပိုလီက ပေါင်သန်း ၅၀ အထက်ရရှိချင်တာကြောင့်သာ အပြောင်းအရွှေ့ဟာ နှောင့်နှေးနေတာဖြစ်ပါတယ်။ ထူးခြားတာ တစ်ခုက ကွန်တီလက်ထက်မှာ အရင်က ချယ်လ်ဆီး တောက်လျှောက် စိတ်ဝင်စားလာတဲ့ အဲဗာတန်နောက်ခံလူ ဂွန်စတုန်းကို ခေါ်ယူဖို့ မကြိုးစားတော့တာပဲ ဖြစ်ပါတယ်။

ကွင်းလယ်နေရာအတွက် ယူရိုပြိုင်ပွဲမှာ အီတလီအသင်းအတွက် ခြေစွမ်းပြခဲ့တဲ့ ဆန်ဒါးလန်းကွင်းလယ်လူဂျက်ခီရီနီ၊ ဂျူဗင်တပ် ကွင်းလယ်လူ ပေါလ်ပေါ့ဘာ၊ ရိုးမားကြယ်ပွင့် နိုင်ဂိုလန်တို့ကို ချိတ်ဆက်နေပါတယ်။ ဂျက်ခီရီနီကတော့ ကွန်တီနဲ့ ဂျူဗင်တပ်မှာ လက်တွဲခဲ့ဖူးသလို အီတလီ အသင်းမှာလည်း လက်တွဲညီခဲ့တာကြောင့် ဆရာဟောင်းနဲ့ ပြန်လည်ပူးပေါင်းဖို့ စိတ်အားထက်သန်နေပါတယ်။ နိုင်ဂိုလန်ကတော့ ရိုးမားကနေ ထွက်ခွာမှာ မဟုတ်ဘူးလို့ ပြောထားပေမယ့် ချယ်လ်ဆီးရဲ့ ပစ်မှတ်ထဲ အခုထိ ပါဝင်နေဆဲဖြစ်ပါတယ်။ ဒါ့အပြင် လက်စတာ ကွင်းလယ်လူ ကန့်တီကိုလည်း ခေါ်ယူဖို့လည်း နီးစပ်နေပါတယ်။ ဂျူဗင်တပ်မှာ အငှားနဲ့ သွားကစားနေတဲ့ ကွာဒရာဒိုကိုလည်း ကွန်တီက ပြန်လည် ခေါ်ယူထားပြီးပါပြီ။ ဒါ့ကြောင့် မာတစ်နဲ့ ဖာဘရီဂတ်စ်တို့နှစ်ဦး ချယ်လ်ဆီးက ထွက်ခွာရဖို့နီးစပ်လို့နေပါတယ်။

လက်ရှိ ချယ်လ်ဆီးတိုက်စစ်ကစားသမားတွေဖြစ်တဲ့ ကော်စတာ၊ ပက်ဒရို၊ ရီမီတို့ သုံးဦးစလုံးကို ကွန်တီစိတ်တိုင်းမကျဘဲ ဘယ်လ်ဂျီယံ တိုက်စစ်မှူး ဘက်ရှုယာရီကို ခေါ်ယူခဲ့ပြီးဖြစ်သလို ရီးယဲလ်ကို ဒီနှစ်နွေဈေးကွက်ကမှ ပြန်လည်ပြောင်းရွှေ့သွားတဲ့ မိုရာတာကိုလည်း ခေါ်ယူဖို့ အရှိန်မြှင့် ကြိုးပမ်းနေပါတယ်။ဒါပေမယ့် ရီးယဲလ်ဟာ မိုရာတာကို ထုတ်ရောင်းမလား၊ မရောင်းဘူးလားဆိုတာ အခုထိ တိတိကျကျ အကြောင်း ပြန်ကြားခြင်းမရှိသေးပါဘူး။ ချယ်လ်ဆီးကတော့ မိုရာတာအတွက် ပြောင်းရွှေ့ကြေး ယူရိုသန်း ၅၀ အပြင် ဟာဇက်ကိုပါ အလိုက်ပေးပြီး ကမ်းလှမ်းသွားဖို့ရှိနေပါတယ်။ ဒါ့အပြင် အခွန်ရှောင်တဲ့ပြဿနာကြောင့် ဘာစီလိုနာက ထွက်ခွာနိုင်တယ်လို့ သတင်းကြီးနေတဲ့ တိုက်စစ်မှူး မက်ဆီကိုလည်းခေါ်ယူဖို့ ဆက်သွယ်နေပါတယ်။ မက်ဆီကတော့ ဘာစီလိုနာက ပြောင်းဖို့ မလွယ်လောက်တာကြောင့် မိုရာတာကိုပဲရဖို့ ကြိုးပမ်းရမှာဖြစ်ပါတယ်။ မိုရာတာဟာ ဂျူဗင်တပ်အသင်း မှာ ခြေစွမ်းပြသနိုင်ခဲ့သူဖြစ်တာကြောင့် ကွန်တီရဲ့ အဓိကပစ်မှတ်အတော်များများဟာ အီတလီဘောလုံးလောကနဲ့ နီးစပ်သူတွေသာ ဖြစ်နေတယ်လို့ တိုက်ဆိုင်စွာ တွေ့ရမှာ ဖြစ်ပါတယ်။

ဒီထက်ပိုပြီး စိတ်ဝင်စားစရာကောင်းတာက လက်ရှိ ချယ်လ်ဆီးကစားသမားအများအပြားကိုလည်း စီရီးအေအသင်းတွေက ပြန်လည်ခေါ်ယူဖို့ စိတ်ဝင်စားနေခြင်းပါပဲ။ မာတစ်နဲ့ အော်စကာကို ဂျူဗင်တပ်က ခေါ်ယူချင်နေသလို ဖာဘရီဂတ်စ်ကိုလည်း အင်တာက စောင့်ကြည့်နေပါတယ်။ဒါ့ကြောင့် စီရီးအေ၊ အီတလီဘောလုံးလောကနဲ့ ထိစပ်နေတဲ့ ကွန်တီရဲ့ အပြောင်းအရွှေ့တွေနဲ့အတူ ချယ်လ်ဆီးမှာ အီတလီကစားဟန် လွှမ်းမိုးလာဖို့ရှိနေတယ်လို့ ယူဆမိပါတယ်။

## ကမ္ဘာ့တန်ဖိုးအကြီးဆုံး ကလပ်အသင်းစာရင်းမှာ ဒုတိယနေရာကို ရောက်ရှိသွားတဲ့ ရီးယဲလ်မက်ဒရစ်

ကမ္ဘာ့တန်ဖိုးအရှိဆုံးကလပ်အအသင်းစာရင်းတွင် စပိန်လာလီဂါကလပ်ရီးယဲလ်မက်ဒရစ်အသင်းသည် အင်န်အဖ်အယ်လ်ကလပ် ဒါးလက်စ်ကောင်းဘွိုင်စ်၏နောက် ဒုတိယနေရာသို့ ရောက်ရှိခဲ့ကြောင်း ဖော်ဘိစ်၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းမှာ ကမ္ဘာ့တန်ဖိုးအရှိဆုံးအသင်းအဖြစ် သုံးနှစ်ဆက်တိုက် ရပ်တည်ခဲ့သော်လည်း ယခုနှစ်တွင်မူ ဒါးလက်စ်ကောင်းဘွိုင်စ်အသင်း၏ နောက်ကောက်ချမှုနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ဒါးလက်စ်ကောင်းဘွိုင်စ်အသင်းသည် ယခုနှစ်တွင် တန်ဖိုး အမေရိကန်ဒေါ်လာ လေးဘီဘီယံ (ပေါင် ၃ ဒသမ ဝ၂ ဘီလီယံ) အထိရောက်ရှိလာပြီး ယမန်နှစ်တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ဘီလီယံ(ပေါင် ၂ ဒသမ ၄ ဘီလီယံ)ထက် များစွာမြင့်တက်လာသည်ကို တွေ့ရသည်။

ရီးယဲလ်အသင်းသည် ယမန်နှစ်ကထက် တန်ဖိုးအားဖြင့် ၁၂ ဒသမ ၅ရာခိုင်နှုန်း တိုးတက်လာခဲ့သော်လည်း ဒါးလက်စ်၏ ခုန်ပျံမြင့်တက်လာသည့် တန်ဖိုးတိုးတက်လာမှုကို လိုက်မမီနိုင်ခဲ့ခြင်းဖြစ်သည်။ သို့သော် ရီးယဲလ်မှာ ဘောလုံးကလပ်များထဲတွင် တန်ဖိုးအရှိဆုံးအသင်းအဖြစ် ဆက်လက်ရပ်တည်နိုင်ဆဲဖြစ်သည်။ **မေလဲ့သင်း**



### ကမ္ဘာ့တန်ဖိုးအရှိဆုံး အားကစားကလပ်အသင်းများ

| အသင်း | လက်ရှိတန်ဖိုး (အမေရိကန် ဒေါ်လာဘီလီယံ) | အမျိုးအစား | ၂၀၁၅ခုနှစ် (ရပ်တည်မှုအဆင့်) |
|---|---|---|---|
| ဒါးလက်စ်ကောင်းဘွိုင်စ် | ၄ | အင်န်အက်ဖ်အယ်လ် | ၂ |
| ရီးယဲလ်မက်ဒရစ် | ၃ ဒသမ ၆၅ | ဘောလုံး | ၁ |
| ဘာစီလိုနာ | ၃ ဒသမ ၅၅ | ဘောလုံး | ၄ |
| နယူးယောက်ယန်ကီးစ် | ၃ ဒသမ ၄ | မေဂျာလိဂ်ဘေ့စ်ဘော | ၂ |
| မန်ယူ | ၃ ဒသမ ၃၂ | ဘောလုံး | ၅ |

## လာမည့်ဘောလုံးရာသီတွင် အသုံးပြုမည့် ဘောလုံးဒီဇိုင်းကို Nike ထုတ်ပြန်



နာမည်ကျော် အားကစားကုမ္ပဏီဖြစ်သည့် Nike သည် လာမည့်ဘောလုံးရာသီတွင် ဥရောပထိပ်တန်းလိဂ်များဖြစ်သည့် ပရီမီယာလိဂ်၊ လာလီဂါ၊ စီးရီးအေပြိုင်ပွဲများတွင် အသုံးပြုမည့် ဘောလုံးဒီဇိုင်းသစ်ကို တရားဝင်ထုတ်ပြန်ကြေညာခဲ့ပြီဖြစ်ကြောင်းသိရသည်။

၎င်းဘောလုံးကို Ordem 4 ဟု အမည်ပေးထားပြီး နောက်ဆုံးပေါ်နည်းပညာများကို အသုံးပြုပြီး ထုတ်လုပ်ထားခြင်းဖြစ်ကာ ပေ့ါပါးမှု၊ အထိအတွေ့ပိုင်း ချောမွေ့မှုနှင့်ကွင်းအတွင်း လွယ်ကူထင်ရှားစွာ တွေ့မြင်နိုင်မှုတို့ကို ဦးစားပေးထားကြောင်း သိရသည်။ ဘောလုံးကို အဖြူရောင် အောက်ခံတွင်အစိမ်း၊ အပြာနှင့် ခရမ်းရောင် ရောင်စဉ်လှိုင်းများကို အသုံးပြုထားပြီး ၂၀၀၉-၂၀၁၀ ခုနှစ်က အသုံးပြုခဲ့သည့် Total 90 Ascente နှင့် ပုံစံအနည်းငယ်ဆင်တူကြောင်း သိရသည်။ **ကိုရဲ**

## မိုရာတာအတွက် ကမ်းလှမ်းမှုတွေကို ငြင်းပယ်လိုက်တဲ့ ရီးယဲလ်မက်ဒရစ်

စပိန်ကလပ်ရီးယဲလ်မက်ဒရစ်အသင်းသည် မိုရာတာအတွက် ယူရိုသန်း ၈၀ ဖြင့် ကမ်းလှမ်းမှုများကို ငြင်းပယ်ခဲ့ကြောင်း ဂိုးလ်ဒေ့ါကွန်းက ဖော်ပြသည်။ လက်ရှိတွင် မိုရာတာအား အာဆင်နယ်နှင့် ချယ်လ်ဆီးအသင်းတို့မှ ကမ်းလှမ်းနေပြီး မည်သည့်အသင်းက ယူရိုသန်း ၈၀ အထိ ပေးချေကမ်းလှမ်းခဲ့သည်ကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။

ရီးယဲလ်အသင်းသည် ကစားသမားဟောင်း မိုရာတာအား ဂျူဗင်တပ်နှင့် ချုပ်ဆိုခဲ့သည့် စာချုပ်ပါစည်းမျဉ်းအရ ယူရိုသန်း ၃၀ ဖြင့်ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ရီးယဲလ်မှာ မိုရာတာအား မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြင့် ပြန်လည်ရောင်းချရန်အတွက်သာ ခေါ်ယူခြင်းဖြစ်ကြောင်း အစောပိုင်းသတင်းရင်းမြစ်များက ဖော်ပြခဲ့သော်လည်း ရီးယဲလ်ဥက္ကဋ္ဌပီရက်ဇ်နှင့် နည်းပြ ဇီဒန်းတို့ကမူ မိုရာတာအား ရောင်းချရန်ဆန္ဒမရှိကြပေ။

ပြီးခဲ့သည့် ဇွန် ၇ ရက်တွင် မိုရာတာ၏ ကိုယ်စားလှယ်နှင့် ရီးယဲလ်အသင်းတွေ့ဆုံဆွေးနွေးခဲ့ကြရာ ယူရိုသန်း ၆၀ ဖြင့် ကမ်းလှမ်းမှု ရီးယဲလ်ဘက်မှ ပယ်ချပြီးနောက် ဇွန် ၁၁ ရက်တွင်လည်း ယူရို သန်း ၈၀ ဖြင့် ကမ်းလှမ်းမှုအား ထပ်မံငြင်းပယ်ခဲ့ခြင်းဖြစ်သည်။ **မေလဲ့သင်း**

# လားရှိုးမြို့နယ် မုန်းလျှန်းကျေးရွာအနီးရှိ ဘိန်းချက်စခန်းမှ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ သိမ်းဆည်းရမိ



ဘိန်းချက်စခန်း၌ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့မြင်ရစဉ်။

**နေပြည်တော် ဇူလိုင် ၁၄**

နယ်မြေခံတပ်နှင့် မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၀ ရက် နံနက် ၆ နာရီတွင် နယ်မြေရှင်းလင်းစဉ် လားရှိုးမြို့ အရှေ့မြောက်ဘက်ရှိ မုန်းလျှန်းကျေးရွာအနီးတွင် ဘိန်းချက်စခန်းမှ ပလတ်စတစ် အမိုးတဲ ၂၅ လုံးအတွင်းရှိ Gas အိုး ၇၁ လုံး၊ မီးစက်နှစ်လုံး၊ မွှေစက် နှစ်လုံး၊ ရေခဲသေတ္တာ ၁၄ လုံး၊ ဒိုင်နမို ခြောက်လုံး၊ လေပေါင်အသုံးပြုရေခဲစက်တစ်လုံး၊ အက်စစ်အပြင်း(ဒိုင်မီသိုင်းဆာလဖိုက်အရည်)သံတိုင်ကီ ၄၇ လုံး အပါအဝင် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်း ၃၃ မျိုးနှင့် အတူ ဆာလဖျူရစ် အက်စစ် ၂၆၇၀၀ လစ်တာ (ယင်းဒေသတန်ဖိုးငွေကျပ် ၄၀၀၅ သိန်း)၊ ဆိုဒီယမ် ဟိုက်ဒြောဆိုက် ၂၅၀၀ ကီလို(ယင်းဒေသတန်ဖိုးငွေကျပ် ၁၅ သိန်း)၊ ဒိုင်မီသိုင်းဆာလဖိတ် ၉၄၀၀ လစ်တာ(ဈေးနှုန်းစိစစ်ဆဲ)၊ အမိုနီယမ်ကလိုရိုဒ် ၅၆၀၀ ကီလို(ယင်းဒေသတန်ဖိုး ငွေကျပ် ၃၃ ဒသမ ၆ သိန်း)၊ KENWOOD လမ်းလျှောက် စကားပြောစက် တစ်လုံး၊ သံကိုယ်ထည် တရုတ်လက်ပစ်ဗုံး တစ်လုံး၊ M-22 ကျည်ဘောက် နှစ်ခု၊ ကာဘိုင်ကျည် ၁၀ တောင့်၊ 9 mm ကျည် တစ်တောင့်တို့ကို သိမ်းဆည်းရမိသဖြင့် သိမ်းဆည်းရမိ ပစ္စည်းများနှင့် ပတ်သက်၍ အသေးစိတ်စစ်ဆေးလျက်ရှိပြီး အမှုဖွင့်အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကရိန်းတင်ဆောင်လာသောတွဲကားပေါ်မှ ကရိန်းပြုတ်ကျတွဲကားပေါ်ပါလာသူများမှ လေးဦးဒဏ်ရာရပြီး တစ်ဦးသေဆုံး

**တွံတေး ဇူလိုင် ၁၄**

တွံတေးမြို့နယ် ခလောက်ချိုက်အပိုင် လှိုင်သာယာ-တွံတေးကားလမ်းပေါ်ရှိ ရွှေညာသားစားသောက်ဆိုင်ရှေ့တွင် ဇူလိုင် ၁၃ ရက် နံနက် ၈ နာရီ ၁၅ မိနစ်ခန့်က လှိုင်သာယာဘက်မှ တွံတေးဘက်သို့မောင်းနှင်လာသော ကရိန်းတင်ဆောင်ထားသည့် တွဲကားပေါ်မှ ကရိန်းပြုတ်ကျပြီး တွဲကားပေါ်ပါလာသူလေးဦးဒဏ်ရာရပြီး တစ်ဦးမှာ အခင်းဖြစ်နေရာတွင်သေဆုံးခဲ့သည်။

"ကျွန်တော်က ကလေးကျောင်းပို့ပြီး ကားလမ်းအတိုင်းလမ်းလျှောက်ပြန်လာတာ၊ အဲဒီကရိန်းတင်တဲ့ တွဲကားကြီးက ကျွန်တော်ရှေ့ကနေ ဖြည်းဖြည်းမောင်းသွားတာတွေ့ရတယ်။ ခဏကြာတော့ တွဲကားပေါ်ပါလာတဲ့ လူတွေထဲမှ တစ်ဦးက ဓာတ်ကြိုးဆိုပြီးအော်သံကြားလိုက်တယ်။ ကားသမားဘရိတ်အုပ်လိုက်တော့ ကားပေါ်ပါလာတဲ့ ကရိန်းကြီးက တွဲကားခေါင်းဘက်ကို ရွေ့သွားပြီး ခေါင်းနားမှာကပ်ပြီး စီးလာတဲ့သူ ညှပ်ပြီး သေသွားတာ။ ကရိန်းကြီးကလည်း လမ်းရဲ့ညာဘက်ကို ထိုးကျသွားတယ်။ ကားပေါ်ပါတဲ့ လူလေးယောက် ဒဏ်ရာရရှိခဲ့ကြတယ်"ဟု ဒေသခံမျက်မြင်တွေ့ရှိသူတစ်ဦးက ပြောသည်။

အခင်းဖြစ်ရာသို့ တွံတေးမြို့နယ် ရဲစခန်းမှူး ရဲအုပ်မျိုးချစ်ဆွေနှင့်အဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ရောက်ရှိပြီး သေဆုံးသူကို တွံတေးဆေးရုံသို့ပို့ဆောင်ခြင်း၊ ဒဏ်ရာရသူများကို ရန်ကုန်ဆေးရုံသို့ပို့ဆောင်ခြင်းများ ပြုလုပ်ပေးခဲ့ကြသည်။ တွံတေးရဲစခန်းမှ ယာဉ်မောင်းအား အရေးယူဆောင်ရွက်နိုင်ရေး စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မွန်းလွဲ ၂ နာရီခန့်တွင် ကရိန်းကားကြီး နှစ်စီးရောက်ရှိလာပြီး TG.--- တွဲကားကြီးတစ်စီးပေါ်သို့ ပြုတ်ကျခဲ့သော ကရိန်းကြီးကို ဖယ်ထုတ်ရာ လှိုင်သာယာ-တွံတေးကားလမ်းတစ်လျှောက်သွားလာနေသော ဘယ်ညာယာဉ်တန်းများသွားလာမှုခေတ္တပြတ်တောက်ခဲ့သည်။ ညနေ ၃ နာရီခန့်တွင် ပုံမှန်သွားလာမှုပြန်ဖြစ်သည်ကို တွေ့ရသည်။

အခင်းဖြစ်နေရာ၌ ယာဉ်အသွားအလာနှင့် လုံခြုံရေးတာဝန်ခေတ္တယူထားသော ရဲတပ်ကြပ်အေးလွင်က "မနက်ကတည်းက စခန်းမှူးကိုယ်တိုင်ရောက်လာပြီး ဆေးရုံပို့တာပို့၊ လိုအပ်တာတွေကို ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ တစ်ဦးသေတယ်။ ဒဏ်ရာရလေးဦးကို ဆေးရုံပို့ထားတယ်။ အရေးယူဖို့ ဆောင်ရွက်နေတုန်းပါ။ ခေတ္တယာဉ်အသွားအလာတော့ ပိတ်ဆို့သွားပါတယ်" ဟု ပြောသည်။

**ရွှေမြင့်ဦး(ရွှေပြည်သာ)**

# ကော့သောင်းမြို့နယ် ကျေးရွာတချို့မှ WYဆေးပြားနှင့်ဘိန်းစာမှုန့်များသိမ်းဆည်းရမိ

**ကော့သောင်း ဇူလိုင် ၁၄**

ကော့သောင်းမြို့နယ် ပင်လယ်ကျေးရွာတချို့တွင် ဇူလိုင် ၁၀ ရက်က WYဆေးပြားနှင့်ဘိန်းစာမှုန့်များ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါနေ့ နံနက်ပိုင်းက စူငယ်ဘာလိုင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက အောင်ဘာကျေးရွာနေ ဇော်ဇော်ထွန်းဆိုသူသည် နေအိမ်တွင်မူးယစ်ဆေးဝါးရောင်းချနေကြောင်းနှင့် ယခုအချိန်ဖမ်းဆီးပါမှဖမ်းဆီးရမိနိုင်ကြောင်းသတင်းပေးပို့ခဲ့သည်။ ခရီးအကွာအဝေးနှင့်လမ်းခရီးအခက်အခဲများကြောင့် ရဲတပ်ဖွဲ့ကချက်ချင်းမရောက်နိုင်သဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးက သက်သေများနှင့်အတူ ၎င်း၏နေအိမ်ကို ဝင်ရောက်စစ်ဆေးထိန်းသိမ်းထားရန် ပြန်လည်အကြောင်းကြားခဲ့သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က သက်သေများနှင့်အတူ ဇော်ဇော်ထွန်းနေအိမ်ကို သွားရောက်ခဲ့ရာ ၎င်းက လက်တွင်ကိုင်ထားသော PREMIUN GOLD ဆေးလိပ်ဘူးကို ပြစ်ချခဲ့သဖြင့် ဆေးလိပ်ဘူးနှင့် ဇော်ဇော်ထွန်းအားထိန်းသိမ်းထားရှိခဲ့သည်။ မွန်းလွဲပိုင်းတွင် ရဲအုပ်အောင်ဇော်မင်းထွန်း ဦးစီးနယ်ထိန်းအဖွဲ့ရောက်ရှိ စစ်ဆေးခဲ့ရာ ဆေးလိပ်ဘူးအတွင်းမှ အအေးစုပ်ပိုက်များဖြင့် ထည့်လျက် WYဆေးပြား ၁၂၅ ပြားသိမ်းဆည်းရမိခဲ့သည်။

အလားတူ ညနေပိုင်းတွင် ဘာလိအော်ကျေးရွာအုပ်ချုပ်ရေးမှူးက ရွာတွင် စိုးနိုင် ဆိုသူသည် မူးယစ်ဆေးဝါးရောင်းချနေကြောင်း၊ ဘာလိအော်ချောင်းအတွင်းရှိ လှေမှပြန်လာပါက မူးယစ်ဆေးဝါးများပါလာနိုင်ကြောင်း သတင်းပေးပို့သဖြင့် စိုးနိုင်ရောက်ရှိလာပါက ထိန်းသိမ်းပေးထားရန် ပြန်လည်အကြောင်းကြားခဲ့သည်။

ထို့ကြောင့် ချောင်းအတွင်းမှ ကွပ်ကွပ်အိတ်ကြီးတစ်ထုပ် ဆွဲတက်လာသည့် စိုးနိုင်အား ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့က ထိန်းသိမ်းထားရှိခဲ့သည်။ နောက်တစ်နေ့ မွန်းလွဲပိုင်းတွင် ရဲတပ်ဖွဲ့က ရောက်ရှိစစ်ဆေးခဲ့ရာ ကွပ်ကွပ်အိတ်အတွင်း တစ်ထုပ်လျှင်အလေးချိန် ၉၅ ဂရမ်ခန့်ပါ ဘိန်းစာမှုန့် အထုပ် ၈၀ စုစုပေါင်းအလေးချိန် ၇၆၀၀ ဂရမ်ခန့် သိမ်းဆည်းရမိသည်။ ဇော်ဇော်ထွန်းအား မယ (ပ) ၅၅/ ၂၀၁၆၊ မူး/စိတ် ပုဒ်မ ၁၅/ ၁၉(က)/ ၂၀ အရလည်းကောင်း၊ စိုးနိုင်အား မယ(ပ)၅၆/ ၂၀၁၆၊ မူး/စိတ် ပုဒ်မ ၁၅/၁၉(က)/၂၀အရလည်းကောင်း အရေးယူ ဆောင်ရွက် ထားရှိခဲ့ကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

### နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုနေမည်။

# နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးပွဲတော် ဆိုင်ခန်းများမဲနှိုက်မည်

ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပသော နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲကို ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန(PPD) ဗဟိုပုံနှိပ်စက်ရုံဝင်းတွင် သုံးရက်တိုင် ကျင်းပမည်ဖြစ်သည်။ စာအုပ်ဆိုင်ဖွင့်လှစ်ရောင်းချရန် စာရင်းပေးသွင်းထားသူများအနေဖြင့် (၁၅-၇-၂၀၁၆)(သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ဗဟိုပုံနှိပ်စက်ရုံဝင်း၌ ဆိုင်ခန်းနေရာများ မဲနှိုက်ရွေးချယ်ပေးမည်ဖြစ်ပါသဖြင့် ဆိုင်ခန်းခ တစ်ခန်းလျှင် ၃၀၀၀၀ ကျပ် တစ်ပါတည်းယူဆောင်လာပါရန် အကြောင်းကြားအပ်ပါသည်။

**မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ ဖုန်း-၀၉-၃၀၀၀၂၃၁၁**


### နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲ

နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲကို ၂၀၁၆ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်မှ ၃၁ ရက်အထိ သိမ်ဖြူလမ်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန(PPD) ဗဟိုပုံနှိပ်စက်ရုံဝင်းတွင် နေ့စဉ် နံနက် ၉း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ (၃)ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပါသည်။ နိုင်ငံရေးစာပေစာတမ်းရှင် (၁၈)ဦးတို့က စာတမ်းဖတ်ကြားကြမည်ဖြစ်ပြီး စာအုပ်တိုက်ပေါင်း ၁၀၀ ကျော်က စာအုပ်များကို ၁၀%မှ ၅၀% အထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးကြမည်ဖြစ်ရာ စာပေချစ်မြတ်နိုးသည့် စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်အားပေးနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

### ဖခင်အမည်မှန်

ဒါးပိန် အထကကျောင်း နဝမတန်း(B)မောင်ဟိန်းထက်၏ ဖခင်အမည်မှန်မှာ ဦးတင်ကျော်မိုးလှိုင် [၁၂/လကန(နိုင်)၁၅၁၀၇၄] ဖြစ်ပါသည်။ **ဦးတင်ကျော်မိုးလှိုင်**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးပြည့်ဖြိုးအောင်၏ ပြည်တွင်းသင်္ဘောသားလုပ်သက်စာအုပ်အမှတ်(ရန်-၅၇၅/၈၀၁) စာအုပ်မှာ လုပ်ငန်းလုပ်ကိုင်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၈၉၈၁၃၇**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
### ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
### ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ရန်ကုန်။
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဆေးဘက်ဆိုင်ရာ နည်းပညာ တက္ကသိုလ်၊ ရန်ကုန်တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများကို အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁)Non-Control ltems (၂) Machinery Equipment
(၃)Office Equipment (၄) Furniture (၅) Other

အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၇-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်၊ ရန်ကုန်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၈-၈-၂၀၁၆ ရက်၊ ညနေ ၄ နာရီနောက်ဆုံးထားတင်သွင်းရမည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၆၄၅၇၄၄၊ ၀၁-၆၄၅၇၅၃၊ ၀၁-၆၄၅၇၄၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
### သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် - ရန်ကုန်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်းများ၊ လျှပ်စစ်သုံးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ပရိဘောဂများ၊ E-Government သွားဘက်ဆိုင်ရာသုံးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံး ဆေးပစ္စည်း၊ ဓာတ်ဆေးပစ္စည်းများနှင့် ဆေးဘက်ဆိုင်ရာမဂ္ဂဇင်း၊ ဂျာနယ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ တရားဝင်အသိအမှတ်ပြု လိုင်စင်ရအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။ အသေးစိတ်စာရင်းများကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်ရှိ ကြော်ငြာသင်ပုန်းများတွင် ဖတ်ရှုနိုင်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၈-၇-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၈-၈-၂၀၁၆ ရက် ညနေ ၄း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၅၇၁၂၇၁၊ ၀၁-၅၇၁၂၇၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးအဖွဲ့**
**သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်**

သင့်သွေးဖြင့် အသက်ကယ်ပါ

### ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်(အင်္ဂါနေ့) **"အာဇာနည်နေ့"**သည် အများပြည်သူ အလုပ်ပိတ်ရက် ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးများစုပေါင်း၍ အောက်ပါ Computer Software များကို Select Plus Agreement မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Microsoft Windows 10 Professional
(ခ) Microsoft Office 2016 Standard

| | |
|---|---|
| တင်ဒါပုံစံများရောင်းချမည့်ရက်/ချိန် | - ၁၆-၇-၂၀၁၆ရက်မှ ၂၃-၇-၂၀၁၆ရက်ထိ ၁၀း၀၀ နာရီမှ ၁၆း၃၀ နာရီ |
| တင်ဒါပိတ်မည့်ရက်/ချိန် | - ၂၃-၇-၂၀၁၆ရက်၊ ၁၆း၃၀ နာရီ |
| တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ | - ပြည်သူ့လွှတ်တော်ရုံး၊ (C)ဆောင် နေပြည်တော် |

၂။ အိတ်ဖွင့်တင်ဒါပုံစံ(၁)တစ်စုံလျှင် ၁၀၀၀၀/-(ကျပ် တစ်သောင်းတိတိ) နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၅၉၁၃၂၈၀ နှင့် ၀၆၇-၅၉၁၃၂၈၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လွှတ်တော်များ၏ အုပ်ချုပ်မှုဆိုင်ရာ**
**ပူးပေါင်းကော်မတီ**

# ချင်းတွင်းမြစ်ရေလျှံတက်၍ မြို့ပေါ်ရပ်ကွက်အချို့နှင့်ကျေးရွာအချို့၌ရေများဝင်ရောက်



**ကနီ ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ချင်းတွင်းမြစ်အဖျားပိုင်းများတွင် မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့် ကနီမြို့နယ်အတွင်း ချင်းတွင်းမြစ်ကမ်းဘေးအနိမ့်ပိုင်းရှိ ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက်များရှိ အနိမ့်ပိုင်းနေရာများ၌ ဇူလိုင် ၁၁ ရက် နံနက်ပိုင်းမှစတင်၍ မြစ်ရေများဝင်ရောက်ပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိပြီး ဇူလိုင် ၁၂ ရက်တွင် ကျေးရွာအုပ်စု ၁၄ အုပ်စုမှ ကျေးရွာပေါင်း ၂၆ ရွာရှိ အိမ်ခြေ ၁၀၁၉ အိမ်တို့တွင်ရေများဝင်ရောက်ခဲ့ရာ စာသင်ကျောင်းအချို့ ယာယီပိတ်ထားရကြောင်း သိရသည်။

ကနီမြို့ ရေကြီးရေလျှံမှုတွင် ကနီမြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးဖြိုးအောင်ထွန်းနှင့်မြို့နယ်တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့များ၊လူမှုရေးအသင်းအဖွဲ့များနှင့် အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းများမှ ရေဝင်ရောက်သည့် ကျေးရွာများသို့ ကွင်းဆင်း၍ ချင်းတွင်းမြစ်ရေ ဆက်လက်တက်ရောက်ပါက ရေလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်းများ ဆောင်ရွက်နိုင်ရန် ရေဝင်ရောက်သည့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကနီမြို့အခြေစိုက် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန မြို့နယ် ဇလဗေဒစခန်းမှ တရားဝင်ထုတ်ပြန်ချက်အရ ဇူလိုင် ၁၂ ရက် ညနေ ၆ နာရီတွင် ချင်းတွင်းမြစ်ရေမှာ ၁၂၂၆ စင်တီမီတာအထိ တက်ရောက်ခဲ့၍ ကနီမြို့၏စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက် ၉၆ စင်တီမီတာ (သုံးပေ) ကျော်ခန့်တွင်ရှိသည်။

**သန်းငွေအောင်(ကနီ)**

# ငါန်းဇွန်မြို့၌ပြည်ထောင်စုအခွန်အကောက် ဥပဒေနှင့်အထူးကုန်စည်ခွန်ဥပဒေအကြောင်း ရှင်းလင်းဆွေးနွေး

**ငါန်းဇွန် ၊ ဇူလိုင်–၁၄**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက ပြည်ထောင်စုအခွန်အကောက်ဥပဒေနှင့် အထူးကုန်စည်ခွန်ဥပဒေအကြောင်း ရှင်းလင်း ဆွေးနွေးခဲ့သည်။

အခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းက ပြည်ထောင်စု အခွန်အကောက်ဥပဒေနှင့် အထူးကုန်စည်ခွန်ဥပဒေအကြောင်းကို သိချိန်တန်ပြီခေါင်းစဉ်ဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# ရက်၁၀၀ လုပ်ငန်းစဉ်အဖြစ် ချင်းစာပေသင်ကြားရေး၊ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များတိုးချဲ့ဖွဲ့စည်းရေး တို့ကိုရည်မှန်းဆောင်ရွက်

**မကွေး ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီးအတွင်း ချင်းတိုင်းရင်းသားများ အများစုနေထိုင်ရာ ဒေသများ၌ ချင်းစာပေသင်ကြားရေးနှင့် စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ တိုးချဲ့ဖွဲ့စည်းနိုင်ရေးလုပ်ငန်းများကို ဝန်ကြီးဌာန၏ ရက် ၁၀၀ လုပ်ငန်းစဉ်များအဖြစ် ရည်မှန်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

"တိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးမှာနေထိုင်ကြတဲ့ ချင်းတိုင်းရင်းသားလူမျိုးများ ပြောဆိုသုံးစွဲလျက်ရှိတဲ့ စကားကို အခြေခံပြီး တီထွင်ထားတဲ့ စာပေအက္ခရာရှိပါတယ်။ ဒါကိုအသုံးပြုပြီး မိမိတို့ ရပ်ကွက်၊ ကျေးရွာများက အခြေခံပညာကျောင်းများမှာ ချင်းစာပေ သင်ကြားရေးဆောင်ရွက်ကြဖို့ နှိုးဆော်တိုက်တွန်းမှုတွေကိုလုပ်နေပါတယ်။

'တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့တွေ တိုးချဲ့ဖွဲ့စည်းနိုင်ဖို့လည်း လုပ်ဆောင်ထားပြီးဖြစ်ပါတယ်" ဟု မကွေးတိုင်းဒေသကြီး ချင်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးလှထွန်းက ပြောသည်။

တိုင်းဒေသကြီးအတွင်း၌ ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်အတွင်း ချင်းစာပေသင်ကြားနေသည့် ကျောင်း ၁၉ ကျောင်းရှိပြီး သရက်မြို့နယ်တွင် သုံးကျောင်း၊ အောင်လံမြို့နယ်တွင် ၁၁ ကျောင်း၊ မင်းဘူးမြို့နယ်တွင် တစ်ကျောင်း၊ စေတုတ္တရာမြို့နယ်တွင် သုံးကျောင်း၊ ငဖဲမြို့နယ်တွင် တစ်ကျောင်းတို့ဖြစ်သည်။

ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များအရ တောင်တွင်းကြီး၊ ကံမ၊ ဆော၊ ဂန့်ဂေါ၊ ထီးလင်း၊ ပွင့်ဖြူ၊ မင်းတုန်းမြို့နယ်များတွင်လည်း ချင်းစာပေသင်ကြားသူဦးရေ တိုးတက်လာရန်ရှိနေကြောင်း ယင်းက ဆက်လက်ပြောကြားခဲ့သည်။

မကွေးတိုင်းဒေသကြီးအတွင်း ချင်းတိုင်းရင်းသားနေထိုင်မှုများသော မြို့နယ် ၁၄ မြို့နယ်ရှိကြောင်းသိရသည်။

ယင်းမြို့နယ်များအနက် ဂန့်ဂေါ၊ ငဖဲ၊ မင်းလှ၊ အောင်လံ၊ ထီးလင်း၊ ပေါက်၊ ဆင်ပေါင်ဝဲ၊ မင်းဘူး-စကုမြို့နယ်များတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ ဖွဲ့စည်းထားပြီးဖြစ်ပြီး ကျန်ရှိသည့်မြို့နယ်ခြောက်မြို့နယ်၌ ဆက်လက်ဖွဲ့စည်းသွားရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယင်း၏ပြောကြားချက်အရသိရသည်။

ဖွဲ့စည်းထားရှိသည့် ယဉ်ကျေးမှုအဖွဲ့အစည်းများကို တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနနှင့် UNICEF တို့ ပူးပေါင်းကျင်းပမည့် National Language Policy Symposium သို့ တက်ရောက်နိုင်ရေး ဖိတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန လက်အောက်တွင် ဌာနလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန် ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မည့် ဦးစီးဌာနတစ်ခု၊ တိုင်းရင်းသားများ၏ စာပေယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဖွံ့ဖြိုးတိုးတက်အောင် လွတ်လပ်စွာလုပ်ပိုင်ခွင့်ရှိသော ဦးစီးဌာနတစ်ခုတို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အထိ ညွှန်ကြားရေးမှူးနှစ်ဦးအပါအဝင် အရာထမ်း ၅၁၅ ဦး၊ ဝန်ထမ်းအင်အား ၁၁၃၁ ဦးတို့ဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးရုံး အစီရင်ခံစာမှတ်တမ်းများအရ သိရသည်။

**ဇေယျာတု(မကွေး)**

# စစ်ကိုင်းတိုင်းအတွင်း စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် တွင်းတိမ်၊ တွင်းနက် ၁၄၇ တွင်း တူးဖော်ရန် လျာထား

**မုံရွာ ဇူလိုင် ၁၄**

မိုးနည်းရပ်ဝန်းဒေသများရှိ စပါးစိုက်လယ်များနှင့် အခြားသီးနှံများ စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက် တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးသုံး မြေအောက်ရေတွင်း တွင်းတိမ်၊ တွင်းနက် ၁၄၇ တွင်း တူးဖော်ပေးရန် လျာထားကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးရေးသုံး မြေအောက်ရေတွင်းများကို မိုးကောင်းသောက်လယ်များ၊ ချောင်းဖျား၊ မြောင်းဖျားရှိ စပါးစိုက်လယ်များကို ဖြည့်စွက်ရေအဖြစ်အသုံးပြုနိုင်ရန်နှင့် အခြားသီးနှံများ စိုက်ပျိုးရာတွင် စိုက်ပျိုးရေအဖြစ် အသုံးပြုနိုင်ရန်အတွက် တူးဖော်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"စပါးစိုက်ပျိုးရေးမှာတော့ မြေအောက်ရေကို အမြဲသုံးတာမကောင်းတဲ့အတွက် မိုးကောင်းသောက်လယ်တွေအနေနဲ့ စပါးစစိုက်တဲ့အချိန်၊ စိုက်ပျိုးပြီးချိန်အလယ်လောက်မှာ ရေလိုအပ်တဲ့အချိန်နဲ့ အောင်ရေအတွက် ရေလိုအပ်တဲ့အချိန်၊ ချောင်းဖျား၊ မြောင်းဖျားကျတဲ့ ဆည်ရေသောက်စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ရေးနဲ့ လိုအပ်တဲ့အောင်ရေအချိန်မီသွင်းနိုင်ရန် ဖြည့်စွက်ရေအဖြစ် အသုံးပြုနိုင်ဖို့အတွက်ပါ၊ ကျန်တဲ့သီးနှံတွေက ရေအသုံးပြုမှုနည်းတဲ့အတွက် အစအဆုံးအသုံးပြုနိုင်မှာပါ"ဟု တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေရရှိရေးအတွက် တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ စိုက်ပျိုးရေးလုပ်ငန်းသုံး ပေ ၁၀၀ အနက်ရှိ နှစ်လက်မ ငါးတွင်း၊ ပူးတွင်း ၁၅၀၊ ပေ ၁၂၀ အနက်ရှိ သုံးလက်မတွင်း ၁၀၀၊ ပေ ၈၀၀ မှ ပေ ၁၂၀၀ ရှိ တွင်းနက် ၁၅ တွင်းကို တူးဖော်ပေးခဲ့ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ထပ်မံပြီး တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် တွင်းတိမ်လေးလက်မ ပေ ၁၀၀ တွင်း ၁၄၁တွင်း၊ တွင်းနက် ပေ ၇၀၀ ရှိ လေးလက်မတွင်း သုံးတွင်း စုစုပေါင်း ၁၄၄ တွင်းကိုလည်းကောင်း၊ ပြည်ထောင်စုဘတ်ဂျက်ဖြင့် တွင်းနက် ပေ ၁၀၀၀ တွင်း သုံးတွင်းကို တူးဖော်ပေးရန် လျာထားကြောင်း တိုင်းဒေသကြီးဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ သိရသည်။

**မင်းဝေ (မုံရွာ)**

# ကောက်စိုက်သမများအစုလိုက်အဖွဲ့လိုက် ကချင်ပြည်နယ်သို့ ကောက်စိုက်တက်



**စစ်ကိုင်း ဇူလိုင် ၁၄**

မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းတွင်ယခုရက်ပိုင်းအတွင်း မြစ်ကြီးနားအဆန်ရထားများကိုအဓိကအားထား၍ ကချင်ပြည်နယ်ဘက်သို့ ကောက်စိုက်သမများ အစုလိုက်အဖွဲ့လိုက် ကောက်စိုက်တက်ကြကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်း မိုးကောင်း၊ မိုးညှင်း အင်းတော်ကြီး၊ နမ္မား၊ ဟိုပင်၊ ကြာကြီးကွင်း၊ ပင်းဘော၊ မြို့သစ်ကလေး၊ဆားမှော်၊မြစ်ကြီးနား၊နန်းယွန်း စသည့်ဒေသတို့၌ နှစ်စဉ်မိုးစောပြီး ရေရရှိမှုလွယ်ကူခြင်းကြောင့် တောင်သူတို့သည်မိုးနှင့်အချိန်မီထွန်ယက်စိုက်ပျိုးကြသည်။

အဆိုပါဒေသတို့၌ လယ်သမားတစ်ဦးလျှင် အနည်းဆုံးလယ် ၁၀ ဧကမှ ဧက ၂၀ ထိ ရှိကြရာကောက်စိုက်သမများရရှိရေးအတွက် အင်းတော်၊ ဝန်းသို၊ကောလင်း၊ခင်ဦး၊ကန့်ဘလူ၊ဝက်လက်၊ရွှေဘိုထိဆင်း၍ ငှားရမ်းကြရသည်။

ကောက်စိုက် အငှားလိုက်ရာတွင် တစ်ဧကလျှင် စရိတ်ငြိမ်းငွေကျပ် ၃၀၀၀၀ ရရှိကြောင်း သိရသည်။

**စိုင်းလှမင်း (မီဒီယာ)**

# တာမွေမြေနိမ့်ပိုင်းရေဝပ်မှု လျော့နည်းရေးဆောင်ရွက်

**ရန်ကုန်။ ဇူလိုင် ၁၄**

ရန်ကုန်မြို့ တာမွေမြို့နယ်အတွင်းရှိ မြေနိမ့်ပိုင်းနေရာများကို ဇူလိုင် ၁၂ ရက်က မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာနမှ ဦးသန်းဦးကြီးကြပ်၍ ရုံးအဖွဲ့ဝင်များ၊ လမ်းတံတားသန့်ရှင်းရေးလုပ်သားများ၊ လမ်းသာယာရေးအဖွဲ့ဝင်များ ပူးပေါင်း၍ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ခဲ့ကြသည်။

မြေနိမ့်ပိုင်းဖြစ်သည့် ပုသိမ်ညွန့်ရပ်ကွက် စိတ်တသုခလမ်းအောက်ပိုင်းကို ရေမြောင်းဆယ်ယူရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည်။

အဆိုပါလုပ်ငန်းခွင်သို့ ခရိုင်စည်ပင် အုပ်ချုပ်ရေးမှူး လာရောက်ကြည့်ရှုပြီး ရေစီးဆင်းမှုကောင်းမွန်သည်အထိ လုပ်ဆောင်ပေးရန်နှင့် မြောင်းတွင်းရှိ အညစ်အကြေးများသန့်ရှင်းအောင် ဆယ်ယူရာတွင်သယ်ယူရန်အတွက် ယာဉ်တစ်စီးစီစဉ် ဆောင်ရွက်ပေးကြောင်းနှင့် အမှိုက်များ စနစ်တကျပစ်ကြရန် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ လမ်းသာယာရေးအဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်အဖွဲ့တို့ ဆွေးနွေးခဲ့ကြသည်။

**လှလှ**

ကြေးမုံ





# မြန်မာ့လွတ်လပ်ရေးသူရဲကောင်းဗိုလ်မှူးကြီးဗထူး ရာပြည့်အခမ်းအနားထားဝယ်မြို့တွင်ကျင်းပ

**ထားဝယ် ဇူလိုင် ၁၄**

မြန်မာ့လွတ်လပ်ရေး သူရဲကောင်း ဗိုလ်မှူးကြီးဗထူး ရာပြည့်အခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက် ၇နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ကမြောကင်းရွာ ရေဆိပ်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော် တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို အမှုပြု၍ တပ်မတော် (ကြည်း၊ ရေ၊ လေ)အရာရှိစစ်သည် မိသားစုများ၏ အလှူငွေ ကျပ်သိန်း ၅၀ ကို တာဝန်ရှိသူတစ်ဦးက ပေးအပ်လှူဒါန်းရာ မြို့မိမြို့ဖ နာယကအဖွဲ့ဝင် ဦးထွန်းကြည်နှင့် ဗိုလ်မှူးကြီးဗထူး၏ဆွေမျိုး (တူတော်သူ) ဦးမောင်သန်းတို့က လက်ခံယူခဲ့ကြသည်။

ယင်းနောက် ဗိုလ်မှူးကြီးဗထူး ရာပြည့်အထိမ်းအမှတ်နှင့် ပတ်သက်၍ ထားဝယ်တိုင်းရင်းသားပါတီဥက္ကဋ္ဌ ဦးအေးမင်းက ဟောပြောပြီး တက်ရောက်လာသော ဧည့်ပရိသတ်များအား ထားဝယ်ရိုးရာအိုးစည်အကများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေ၍ ဗိုလ်မှူးကြီးဗထူး ရာပြည့်အမှတ်တရကဗျာကို ဆရာနေမင်းရာဇာက ရွတ်ဆိုကာ ဗိုလ်မှူးကြီးဗထူး ရာပြည့်အခမ်းအနား ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သူရက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယင်းနောက်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် ဗိုလ်မှူးကြီးဗထူး၏ မိသားစုဝင်များက ဗိုလ်မှူးကြီးဗထူး ရာပြည့်အမှတ်တရ ကိတ်မုန့်လှီးပြီး တက်ရောက်လာသော လူဦးရေ ၇၀၀ ကျော်က မြောကင်းတံတားထိပ်ရှိ ဗိုလ်မှူးကြီးဗထူးကြေးရုပ်သို့ ချီတက်အလေးပြု၍ လွမ်းသူ့ပန်းခွေများ၊ ဂုဏ်ပြုပန်းခြင်းများ၊ ပန်းများချကာ ရေဆိပ်ဘုန်းတော်ကြီးကျောင်းတွင် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကာ ရေစက်ချအမျှပေးဝေခဲ့ကြသည်။

အဆိုပါ ဗိုလ်မှူးကြီးဗထူး ရာပြည့်အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ စစ်ဆင်ရေးကွပ်ကဲရေးမှူးနှင့် မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ထားဝယ်ဒေသခံ ၁၀၀၀ ခန့်တက် ရောက်ခဲ့ကြောင်း သိရသည်။

**(ထားဝယ်ခရိုင် ပြန်/ဆက်)**

# ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၉၀ ဖြင့် သောက်သုံးရေကန် တာပေါင်ကျိုးပေါက်မှု ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

**ပုလဲ ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၉၀ ဖြင့် ပုလဲမြို့နယ်ဆည်မြောင်းဦးစီးဌာနက တာဝန်ယူ၍ အင်မထီးကျေးရွာ၏ အနောက်မြောက်ဘက်ရှိ သောက်သုံးရေကန်တာပေါင်ကျိုးပေါက်မှုပြုပြင်ခြင်း၊ ကန်အတွင်း သဲနုန်းတူးဖော်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်းနှင့် ကန်အတွင်း ရေဝင်ရေကျော် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝေလင်းသည် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းစိုး၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးငွေးညွှန့်တို့နှင့်အတူ ဇူလိုင် ၁၁ ရက် နံနက် ၁၁ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးငွေးညွှန့်က "ကျွန်တော်တို့ဌာနအနေနဲ့ ရက် ၁၀၀ ကာလအတွင်းမှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၇၅ သိန်းဖြင့် ကန့်ဒေါင့်ဆည်မြောင်းမကြီး သဲနုန်းတူးဖော်ခြင်းနှင့် မြောင်းပုံစံကျအောင် ပြုပြင်ခြင်းလုပ်ငန်းကို မေလကစတင်ပြီး ဆောင်ရွက်ခဲ့ရာ ဇွန်လမှာ ပြီးစီးခဲ့ပြီဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၉၀ ဖြင့် အင်မထီးကျေးရွာ၏ အနောက်မြောက်ဘက်ရှိ သောက်သုံးရေကန်တာပေါင်ကျိုးပေါက်မှု ပြုပြင်ခြင်း၊ ကန်အတွင်း သဲနုန်းတူးဖော်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်းနှင့် ကန်အတွင်း ရေဝင်ရေကျော် တည်ဆောက်ခြင်းလုပ်ငန်းကို ဇွန် ၁၆ ရက်က စတင်ဆောင်ရွက်ခဲ့ကာ လုပ်ငန်းက ၈၀ ရာခိုင်နှုန်း ပြီးစီးနေပါပြီ။ ဇူလိုင် ၁၅ ရက်မှာတော့ လုပ်ငန်းများအားလုံးပြီးစီးမှာဖြစ်ပါတယ်" ဟု ပြောသည်။

ပုလဲမြို့နယ် အင်မထီးကျေးရွာနေဦးဝင်းမောင်က "ကျွန်တော်တို့ကျေးရွာက ကျောက်ကုန်းမြေဆိုတော့ သောက်ရေသုံးရေအတွက် အခက်အခဲရှိတာပေါ့။ အခုရွာထိပ်က ကာနေတဲ့ မြေသားရေကန်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုရန်ပုံငွေများဖြင့် မြို့နယ်ဆည်မြောင်းဌာနအင်ဂျင်နီယာများက တာဝန်ယူပြီး ပြန်လည်ပြုပြင်တူးဖော်ပေးတဲ့အတွက် အတိုင်းမသိ ဝမ်းသာပီတိဖြစ်မိပါတယ်။ မိုးကျနေပြီဆိုတော့ အခုရေကန်ပြုပြင်တူးဖော်ပြီးတာနဲ့ အကိုက်လောက်ပါပဲ။ ဒီရေကန်တူးဖော်ခြင်းလုပ်ငန်းပြီးစီးတာနဲ့ ကျေးရွာသူ၊ ကျေးရွာသားများအတွက် ချိုးရေ၊ သုံးရေအပြင် ကျွဲ၊ နွားသောက်သုံးရေတို့နဲ့ သီးနှံများ၊ ရွက်ဖျန်းအားတိုးဆေး ပတ်ဖျန်းတဲ့အခါတို့မှာ ရေကိုလုံလုံလောက်လောက်နဲ့ သုံးစွဲနိုင်တော့မှာဖြစ်ပါတယ်။ ရေကန် ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းအတွက် လိုအပ်တဲ့ရန်ပုံငွေများ ခွင့်ပြုချထားပေးတဲ့ တိုင်းဒေသကြီးအစိုးအဖွဲ့တာဝန်ရှိသူများနဲ့ မြို့နယ်ဆည်မြောင်းက အင်ဂျင်နီယာများကို အတိုင်းမသိ ကျေးဇူးတင်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# ကန်ကြီးထောင့်မြို့မဈေး ယာယီနေရာရွှေ့ပြောင်းရေးညှိနှိုင်းစည်းဝေး

**ကန်ကြီးထောင့် ဇူလိုင် ၁၄**

ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် အမှတ် ၁ ရပ်ကွက် မြို့မစည်ပင်သာယာဈေးအား ဒါးကမြစ်ရေမြင့်တက်လာမှုကြောင့် နှစ်စဉ်ရွှေ့ပြောင်းနေကျနေရာအစား ယာယီနေရာသစ် ရွှေ့ပြောင်းမှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၂ ရက် မွန်းလွဲပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးငွေးလွင်က ယာယီဈေးရွှေ့ပြောင်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးညွှန့်လွင်က ယာယီဈေးလျာထားမည့်နေရာများ၊ အကျယ်အဝန်း၊ ဆိုင်ခန်းအရေအတွက်၊ သန့်ရှင်းရေးလုပ်ငန်းဆိုင်ရာများအား ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ယာယီဈေးထားရှိမည့်နေရာများ၏ အားသာချက်၊ အားနည်းချက်များနှင့်တကွ အကြံပြုဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်က ယာယီဈေးလျာထားမည့်နေရာနှင့်စပ်လျဉ်း၍ သန့်ရှင်းရေး၊ အန္တရာယ်များမရှိစေရေး၊ ဈေးရောင်းချသူများနှင့် စားသုံးသူများပါ အဆင်ပြေမည့်နေရာဖြစ်စေလိုကြောင်း အလေးထားမှာကြားခဲ့သည်။ ကန်ကြီးထောင့်မြို့မစည်ပင်သာယာဈေးသည် ဒါးကမြစ်ကမ်းဘေးတွင်တည်ရှိပြီး မိုးတွင်းကာလရောက်တိုင်း နှစ်စဉ်မြစ်ရေတက်သဖြင့် မြို့မဈေးအား ယာယီနှစ်လခန့် ပုံမှန်ရွှေ့ပြောင်းနေရသော ဈေးတစ်ခုဖြစ်သည်။

၂၀၁၅ ခုနှစ် ရေကြီးနစ်မြုပ်မှုဖြစ်စဉ်တွင် ယခင်ယာယီဈေးထားရှိသော နေရာသည် ကန်ကြီးထောင့်နှင့် သာပေါင်းမြို့နယ်ရှိ ရေကြီးနစ်မြုပ်သောကျေးရွာများသို့ ကယ်ဆယ်ရေးပစ္စည်းများ လာရောက်လှူဒါန်းကြသော ယာဉ်များ ရပ်နားမှုအခက်အခဲနှင့် ရေကြီးမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသဖြင့် ယခုကဲ့သို့ မူလယာယီရွှေ့ပြောင်းနေကျ ကမ်းနားလမ်းအစား ရွှေဘိုတန်းလမ်းဘေးနှင့် လောကမှန်ကူစေတီတော်ဘုရားပတ်လမ်းများအား ရွှေ့ပြောင်းသွားရေး စီစဉ်ရခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်ပြန်ဆက်**



# ရေဘေးကယ်ဆယ်ရေးစခန်းမှ အိမ်ထောင်စု ၁၂၉ စု နေအိမ်သို့ပြန်လည်ပို့ပေး

**ခန္တီး ဇူလိုင် ၁၄**

မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန၏ ဇူလိုင် ၁၃ ရက် နံနက် ၆ နာရီခွဲ အချိန်တိုင်းတာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ၉၆၀ စင်တီမီတာရှိရာ စိုးရိမ်ရေအမှတ် ၁၃၆၀ စင်တီမီတာအောက် ၄၀၀ စင်တီမီတာ ရောက်ရှိနေသောကြောင့် မြသိန်းတန်ဘုရား ယာယီရေဘေးကယ်ဆယ်ရေးစခန်းရှိ မြို့မရပ်ကွက်မှ အိမ်ထောင်စု ၁၂၉ စုအား ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှတပ်ဖွဲ့ဝင်များက ယင်းနေ့ နံနက် ၉ နာရီမှ စတင်၍ အိမ်တိုင်ရာရောက် ပြန်လည်ပို့ဆောင်ပေးနေလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်တွင် ဇူလိုင် ၆ ရက်နှင့် ၇ ရက်တို့က ချင်းတွင်းမြစ်ရေတက်ခဲ့မှုကြောင့် မြို့ပေါ်ရပ်ကွက်များဖြစ်သည့် မြို့မနှင့် ပေါမိုင်းရပ်ကွက်တို့တွင် ရေဝင်ရောက်ခဲ့ရာ အိမ်ထောင်စု ၁၈၅ စုအား ယာယီကယ်ဆယ်ရေးစခန်းများဖြစ်သည့် မြသိန်းတန်ဘုရား၊ ပေါမိုင်းဘုန်းတော်ကြီးကျောင်း ပေါမိုင်းအမက (မူလွန်)-၃နှင့် သာစည်ဘကကျောင်းတို့တွင် ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။

**စန်းလွင်ဦး**

# ချင်းတွင်းမြစ်ရေလတ်တလောတိုးဝင်ရောက်မှုကြောင့် အခက်အခဲဖြစ်သော ရွှေလေ့ကျေးရွာအတွက် စားသောက်ဖွယ်ပစ္စည်းများပေးအပ်

**ဆားလင်းကြီး ဇူလိုင် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမောင်မောင်ဝင်း ဦးဆောင်ပြီး ဆားလင်းကြီးမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေးဝင်း၊ ညောင်ပင်ကြီး ခေတ္တရဲစခန်းမှူး ရဲအုပ်ဟန်ထွန်းကျော်ပါဝင်သော ရဲတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီခွဲမှ စတင်ပြီးချင်းတွင်းမြစ်ရေ တစ်ပေခန့် ရွှေလေ့ကျေးရွာတွင်းသို့ လတ်တလောဝင်ရောက်မှုကြောင့် အခက်အခဲများဖြစ်ပေါ်ကာ ဆားလင်းကြီး-ညောင်ပင်ကြီးသွား ကားလမ်းဘေးတွင် နေထိုင်လျက်ရှိသော အဆိုပါကျေးရွာရှိ ဒေသခံပြည်သူများထံသို့ ရောက်ရှိတွေ့ဆုံကာ လတ်တလော ကျန်းမာရေးအခက်အခဲများကိုကူညီဆောင်ရွက်ပေးခဲ့သည့်အပြင် စားသောက်ရေးအခက်အခဲများကိုလည်း ပြည်သူ့အကျိုးပြုဝန်ဆောင်မှုအဖြစ် ဇူလိုင် ၁၂ ရက် ညနေ ၄ နာရီက စားသောက်ဖွယ်ရာပစ္စည်းများအဖြစ် ငါးလီတာရေသန့်ကတ် ၁၅ ကတ်၊ အထုပ် ၃၀ ပါ ခေါက်ဆွဲခြောက်ဖာ လေးဖာတို့အား ရွှေလေ့ကျေးရွာအတွက် ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်မောင်ဝင်းက ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

အဆိုပါ ရွှေလေ့ကျေးရွာတွင် အိမ်ခြေ ၂၈၇ အိမ်၊ အိမ်ထောင်စု ၂၉၃ စုရှိသည့်အနက်မှ လတ်တလောချင်းတွင်းမြစ်ရေတိုးဝင်ရောက်မှုကြောင့် ညောင်ပင်ကြီး-ဆားလင်းကြီး သွားကားလမ်းဘေးတွင် ခေတ္တပြောင်းရွှေ့နေထိုင်သော အိမ်ထောင်စု ၄၃ စုအပြင် နွား ၉၉ ကောင်၊ သိုး ၆၇ ကောင်၊ မြင်းငါးကောင်၊ ဝက် ၂၄ ကောင် စသည့် တိရစ္ဆာန်များလည်း ယာယီပြောင်းရွှေ့ထားပြီး ကျေးရွာအခြေခံပညာမူလတန်းကျောင်းကိုလည်း ပိတ်ထားရကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## ရက်၁၀၀အတွင်းဆောင်ရွက် လျက်ရှိသော တံတားအတက် အဆင်းများ၌ ကတ္တရာခင်းခြင်း လုပ်ငန်းများပြီးစီး

**ကောလင်း ဇူလိုင် ၁၄**

ကောလင်းမြို့နယ် လမ်းဦးစီးဌာန၏ ရက် ၁၀၀ အတွင်း ဆောင်ရွက်လျက်ရှိသော တံတား အဆင်းများ၌ ယာဉ်များချော့မွေ့စွာသွားလာ နိုင်ရန်အတွက် ကတ္တရာခင်းခြင်းလုပ်ငန်းများ ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေ ဖြင့် ဆောင်ရွက်ခဲ့ရာ ပြီးစီးပြီဖြစ်သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ဖြင့် ဆင်ကုန်း-ဝန်းသို-ပင်လည်းလမ်း မိုင် ၄/ ၄-၈/၀အတွင်း တံတားအတက်အဆင်း ကိုး စင်းအား Gradient ဖြေညို၍ ယာဉ်များ ချော မွေ့စွာ သွားလာနိုင်ရန်အတွက် ကတ္တရာ ခင်းခြင်းလုပ်ငန်းကိုကျပ် ၄၅ သန်း၊ တောင် မော်-ဝင်ကြီးလမ်း မိုင် သုည/သုည-၅/ ၄ အတွင်း တံတား အတက် အဆင်း လေးစင်း အား Gradient ဖြေညို၍ ယာဉ်များသွားလာ နိုင်အတွက် ကတ္တရာခင်းခြင်းလုပ်ငန်းကို ကျပ် သန်း ၂၀ တို့ဖြင့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ယာဉ်မောင်းသူများ ခရီးကြန့်ကြာမှုမရှိဘဲ စိတ် အေးချမ်းသာစွာ ဖြတ်သန်းမောင်းနှင်နိုင်ပြီ ဖြစ်ကြောင်း ကောလင်းမြို့နယ် လမ်းဦးစီးဌာန ဦးစီးမှူး(မြို့ပြ) ဦးထွန်းထွန်းဦး ပြောပြချက် အရ သိရသည်။ **စိုင်းလူမင်း** (Media Group)

## မြန်အောင်မြို့နယ်လေးတူးရွာတွင်မြေအောက်အဝီစိတွင်းမှ သဲများဖြင့် ရွာလမ်းမများကို ကိုယ့်အားကိုယ်ကိုးခင်းကျင်း

**မြန်အောင် ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် လေးတူးကျေးရွာအုပ်စုရှိ လေးတူးကြီးရွာနှင့် ဂျမ်းရွာတို့တွင် မိုးများပြီး ရွာထဲလမ်းများပျက်စီးနေ ပါသဖြင့် လမ်းခင်းရန်သဲများကို အခြားနေရာမှသယ်ယူ၍မရသဖြင့် အဝီစိတွင်းပညာရှင်တစ်ဦးက အဝီစိတွင်းတူးကာ မြေအောက်မှ သဲများမှုတ်ယူပြီး လမ်းခင်းလျက်ရှိသည်ဟု ဒေသခံတစ်ဦးက ပြော သည်။

လမ်းခင်းရန်သဲနှင့်ကျောက်များဝယ်ပြီးသယ်ယူရန် အခက်အခဲရှိ သောကြောင့် အဝီစိတွင်းပညာရှင်တစ်ဦးက မြေအောက် ပေ ၆၀ အနက် အထိအဝီစိ တွင်းတူးကာ သဲများကိုလေမှုတ်စက်ဖြင့်မှုတ်ထုတ်ပြီး ရွာထဲ ရှိ ပျက်စီးနေသောလမ်းများကို ရွာသူ ရွာသားများက ကိုယ့် အားကိုယ်ကိုးပြီး လုပ်ဆောင်ခဲ့ကြသည်ဟု ရွာသားတစ်ဦးက ပြော သည်။

အဝီစိတွင်းတစ်တွင်းလျှင် သဲကျပ်ပါက သဲ ငါးကျင်းလောက်ရပြီး သဲ ချောင်ပါက ခြောက်ကျင်းမှ ခုနစ်ကျင်းအထိရကြောင်း အဝီစိတွင်း တူးသူက ပြောပြသည်။

အဝီစိတွင်းတူးရာတွင် ကုန်ကျစရိတ်မှာတွင်းတူးခ၊ ရေပိုက်ဖိုး၊ ရေစုပ် စက်ငှားခနှင့် စက်သုံးဆီဖိုးများ ကျပ်ငါးသောင်းခန့် ကုန်ကျမှုရှိပြီး စေတနာရှင်အလှူရှင်များက စုပေါင်းလှူဒါန်းကာ ဒေသခံများ၏လုပ် အားဖြင့် ဆောင်ရွက်ခဲ့ကြသဖြင့် ယခုအခါတွင် လေးတူးကြီးရွာနှင့် ဂျမ်းရွာတို့ရှိ ရွာထဲလမ်းများမှာ ကောင်းမွန်သွားသည်ဟု ဒေသခံ တစ် ဦးထံမှ သိရသည်။

**နေဝင်းဇော်(မြန်အောင်)**





စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်အတွင်းရှိ အလုပ်ဆင်ဝိုင်းသုံးဝိုင်းမှ ဆင်များအား လည်ချောင်းကွဲရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်သည့်အနေဖြင့် ကသာအနောက်သစ်ထုတ်လုပ်ရေးမှ ဆင်ဆရာဝန်များက လည်ချောင်းကွဲရောဂါကာကွယ်ဆေးများကို ဇူလိုင် ၁၂ ရက်က လာရောက်ထိုးနှံပေးခဲ့ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- ပြန်/ဆက်

## ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ဖြင့် မိတ္ထီလာတွင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်မည်

**မိတ္ထီလာ ဇူလိုင် ၁၄**

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံ ငွေကျပ် သိန်း ၁၀၀၀ ဖြင့် မိတ္ထီလာတွင် ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများဖြစ်သည့် သောက်သုံးရေရရှိရေး၊ စာသင်ကျောင်းပြုပြင်ခြင်းနှင့် စာသင်ခုံများရရှိ ရေး၊ ကျေးရွာလမ်းတံတားပြုပြင်ရေး၊ ကျေးရွာများ မီးလင်းရေးနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများဆောင် ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လွှတ် တော်ကိုယ်စားလှယ်ဦးစိုးသန်း၏ပြောပြချက်အရ သိရသည်။

ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးဆိုင်ရာ ရန်ပုံ ငွေကျပ် သိန်း ၁၀၀၀ နဲ့ မိတ္ထီလာမှာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတွေဆောင်ရွက်နိုင်ဖို့ အမှန်တကယ်လို အပ်ချက်ရှိတဲ့ ကျေးရွာအများစုနဲ့ ရပ်ကွက်အချို့ ကို ကွင်းဆင်းစစ်ဆေး လျာထားခြင်းလုပ်ငန်းတွေ ပြီးစီးသွားပါပြီ။ ရန်ပုံငွေကျပ် သိန်း ၁၀၀၀ ခွင့်ပြုချ ထားပေးတဲ့အချိန်မှာ မိတ္ထီလာမြို့နယ်အတွင်းက ကျေးရွာ ၃၁ ရွာ သောက်သုံးရေရရှိရေးလုပ်ငန်း ၃၁ ခု၊ ကျေးရွာ ၃၄ ရွာ၊ ရပ်ကွက်တစ်ခုမှာရှိတဲ့ စာသင် ကျောင်းဆောင်ပြုပြင်ရေးနဲ့ စာသင်ခုံရရှိရေး လုပ်ငန်း ၃၅ ခု၊ ကျေးရွာ သုံးရွာ လမ်းတံတားပြုပြင် ခြင်းလုပ်ငန်း သုံးခု၊ ကျေးရွာခြောက်ရွာ လျှပ်စစ်မီး လင်းရေးလုပ်ငန်း ခြောက်ခု၊ ကျေးရွာလေးရွာတွင် အခြားဖွံ့ဖြိုးရေးလုပ်ငန်းလေးခုတို့ကို အချိန်နဲ့ တစ် ပြေးညီ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်” ဟု မိတ္ထီလာ အမှတ်(၂)မဲဆန္ဒနယ် တိုင်းဒေသကြီး လွှတ် တော်ကိုယ်စားလှယ် ဦးစိုးသန်းက ပြောသည်။

မိတ္ထီလာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အတွင်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန် သက်ဆိုင်ရာလုပ်ငန်း ကဏ္ဍအလိုက် အမှန်တကယ်လိုအပ်ချက်ရှိပြီး ဦး စားပေးဖြည့်ဆည်း ဆောင်ရွက်ပေးရမည့် ကျေးရွာ များနှင့် ရပ်ကွက်အချို့ကို ရွေးချယ်ခဲ့ကြောင်း သိရ သည်။

**ချမ်းသာ(မိတ္ထီလာ)**

## Barcamp TU (Kyaukse) ၂၀၁၆ ဆွေးနွေးဖလှယ်ပွဲ ကျင်းပမည်

**ကျောက်ဆည် ဇူလိုင် ၁၄**

Youth Engineering Network (YEN) အဖွဲ့က ဦးစီးကျင်းပသော ဒုတိယ အကြိမ်မြောက် Barcamp TU (Kyaukse) ၂၀၁၆ ပွဲကြီးအား ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ နည်းပညာတက္ကသိုလ် (ကျောက်ဆည်)တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတွင် အင်ဂျင်နီယာဆိုင်ရာ ဘာသာရပ်များ၊ ခေတ်ပေါ်နည်း ပညာများ၊ အနာဂတ်ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာများ၊ စာပေနှင့် အနု ပညာကဏ္ဍများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ လူငယ်များတိုးတက် မြင့်မား ရေးနှင့် အခြားကဏ္ဍအစုံအလင်မှ အသိပညာ၊ အတတ်ပညာရှင်များနှင့် ကျွမ်း ကျင်သူများက ဆွေးနွေးဖလှယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနေ့တွင်ပြုလုပ်မည့် အများနှင့်ဆိုင်သည့် အသိပညာ၊ အတတ်ပညာ၊ နည်းပညာများကို ဆွေးနွေးဖလှယ်သည့်ပွဲအား စိတ်ဝင်စားသူ မည်သူမဆို အသက်အရွယ်မရွေး၊ ပညာအဆင့်အတန်းမရွေး တက်ရောက်နိုင်ကြောင်း၊ ထူး ခြားသော ကံစမ်းမဲအစီအစဉ်များပါရှိကြောင်း သိရသည်။ **အောင်ဖြိုးကျော်**

## တောင်သူများအကျိုးဖြစ်ထွန်းစေရန် တောင်သူပညာပေးကွင်းသရုပ်ပြပွဲ မလှိုင်မျိုးသန့်ခြံ၌ကျင်းပ

**မလှိုင် ဇူလိုင် ၁၄**

“မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီ မှန်အောင်စိုက် ” ဆောင်ပုဒ်နှင့် အညီ တောင်သူများ အကျိုးဖြစ်ထွန်းစေ မည့် တောင်သူပညာပေး ကွင်းသရုပ် ပြပွဲကို ဇူလိုင် ၁၂ ရက်က မလှိုင် မြို့ ဗဟိုသုတေသန မျိုးသန့်ခြံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းအောင်နှင့် မြို့နယ်အုပ်ချုပ် ရေးမှူး ဦးငွေဒိုးတို့က လမ်းညွှန်အမှာ စကားများပြောကြားခဲ့ကြသည်။

ယင်းနောက် မိတ္ထီလာခရိုင်စိုက်ပျိုး ရေးဦးစီးမှူး ဦးဝင်းထိန်ကတောင်သူ ပညာပေး ကွင်းသရုပ်ပြပွဲ ကျင်းပရ ခြင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် မိတ္ထီလာခရိုင် စိုက် ပျိုးရေးဦးစီးဌာနမှ ပိုးမွှားတာဝန်ခံ ဒေါ်အေးအေးမြင့်က သီးနှံအလိုက် ပိုးမွှားကျရောက်မှုနှင့် နှိမ်နင်းရေး နည်းပညာများ၊ ခရိုင်မြေအသုံးချရေး တာဝန်ခံ ဒေါ်မိမိလှိုင်က မြေဆီလွှာ အကြောင်းနှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးစန်းယုက စိုက်ပျိုးရေး ဦးစီးဌာန၏ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ကြသည်။

ယင်းနောက် ဗဟိုသုတေသနမျိုး သန့်ခြံတာဝန်ခံ ဒေါ်စန်းလဲ့ဝင်းက ရက် ၁၀၀ အတွင်း ဆောင်ရွက်ထားရှိ မှုများ၊ ရေဆင်း (၁) စပ်မျိုးနေကြာနှင့် ပဲတီစိမ်းရေဆင်း (၁၁) မျိုး အကြောင်း ကို ရှင်းလင်းပြောကြားပြီး တောင်သူ များအား ရေဆင်း(၁) စပ်မျိုးနေကြာ မျိုးကွဲ နှုတ်ပယ်ခြင်းနှင့် ပဲတီစိမ်း ရေ ဆင်း(၁၁) မျိုးကွဲ နှုတ်ပယ်ခြင်းများ ကို လက်တွေ့ ကွင်းသရုပ်ပြပေးခဲ့ သည်။

ဗဟိုသုတေသန မျိုးသန့်ခြံတွင် ရေဆင်း(၁) စပ်မျိုးနေကြာ ငါးဧကနှင့် ပဲတီစိမ်း ရေဆင်း (၁၁) မျိုး ၁၅ ဧက စိုက်ပျိုးထားရှိပြီး သာမန်နေကြာ တစ်တင်းကို ဆီကြိတ်ပါက နှစ်ပိဿာ ခန့်သာ ထွက်ရှိ၍ ရေဆင်း(၁) စပ်မျိုး နေကြာကို ဆီကြိတ်လျှင် ဆီ ၄ ဒသမ ၅၀ ပိဿာခန့် ထွက်ရှိသည်။

မိုးဦး၊ မိုးလယ်တွင်စိုက်ပျိုးနိုင် ပြီး အထွက်နှုန်းကောင်းမွန်ခြင်း၊ ပဲတီစိမ်း ရေဆင်း (၁၁) မျိုးသည် ဈေးကောင်းရသည့် သီးနှံဖြစ်သဖြင့် တောင်သူများအတွက် အကျိုးများ၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ကွင်း သရုပ်ပြသပေးခဲ့ခြင်းဖြစ်ကြောင်း သိ ရသည်။

စိုက်ကွင်းသရုပ်ပြပွဲသို့ ပြည်သူ့ လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ် တော်ကိုယ်စားလှယ်များ၊ ခရိုင်စိုက် ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စိုက်ပျိုး ရေးဝန်ထမ်းများ၊ ကံကြီး၊ လယ်ကြီး၊ ကုန်းတဲ၊ အိုင်မရိုး၊ သရက်ကန်၊ သဲ ကန်ကျေးရွာတို့မှ တောင်သူများ တက်ရောက်ခဲ့ကြသည်။

**အောင်ဌေး (မလှိုင်)**

# လွှတ်တော်၊ အစိုးရ၊ ဌာနဆိုင်ရာများ တွေ့ဆုံညှိနှိုင်းနိုင်ရန် အရပ်ဘက်လူမှုရေးအသင်းအဖွဲ့ဝင်များ အကြိုညှိနှိုင်း

**ရေး ဇူလိုင် ၁၄**
မွန်ပြည်နယ် ရေးမြို့ မြမြင့်မိုရ်ဟိုတယ်၌ ဇူလိုင်၁၃ ရက် နံနက် ၉ နာရီက လွှတ်တော်၊ အစိုးရ၊ ဌာနဆိုင်ရာများ တွေ့ဆုံညှိနှိုင်းရန်အတွက် အရပ်ဘက်လူမှုရေးအသင်းအဖွဲ့ဝင်များ အချင်းချင်းအကြိုဆွေးနွေးပွဲကို Local Resource Center ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့နဲ့ ရေးမြို့နယ်အခြေပြု အရပ်ဘက်လူမှုအဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မွန်ပြည်နယ်အခြေပြုဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့ (LRC)မှ ဦးမင်းဝင်းဗိုလ်ကဒေသအတွင်း ဖြစ်ပေါ်တွေ့ကြုံနေရသော ပြည်သူများ၏ အခြေနေမှန်များကိုပိုမိုသိရှိလာရန်နှင့် အစိုးရ၏ လုပ်ငန်းဆောင်တာများကို နှစ်ဖက်ကြားဝင်ကာ သတင်းအချက်လက်များ ပြန်လည်မျှဝေပေးနိုင်ရန်အတွက်ရည်ရွယ်၍ အစိုးရဌာနများနဲ့ ပူးပေါင်းချိတ်ဆက်အကူညီတောင်းခံနိုင်ရန် ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရေးအတွက် ပြုလုပ်ရခြင်းဖြစ်ကြောင်း ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့မှ ဦးမင်းဝင်းဗိုလ်က ပြောကြားခဲ့သည်။

ဆွေးနွေးပွဲကို အစိုးရ၏ဒေသအတွင်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် အရပ်ဘက်လူမှုရေးအသင်းအဖွဲ့ဝင်များအနေ ဖြင့်ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် မိမိတို့ လက်ရှိလုပ်ကိုင်နေကြသော လုပ်ငန်းများတွင်တွေ့ကြုံနေရသော အခက်အခဲများကိုတွေ့ဆုံအမြင်ချင်း ဖလှယ်ဆွေးနွေးကြပြီး ဒေသအတွင်း အရပ်ဘက်လူမှုရေးအသင်းအဖွဲ့ဝင်များ၏ အခန်းကဏ္ဍများ ပိုမိုကျယ်ပြန့်အားကောင်းပြီး ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၁ ဦးကို ပမာဏ ရွေးချယ်တင်မြှောက်ကြရာ ရေးမြို့နယ်ဒေသအတွင်းမှ ဖိတ်ကြားထားသော အရပ်ဘက် လူမှုရေးအသင်းအဖွဲ့ဝင်များက မွန်းလွဲ ၁ နာရီထိ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**



## မင်းကင်းမြို့၌ ချင်းတွင်းမြစ်ရေစိုးရိမ်ရေအမှတ်အထက်ကျော်လွန်

**မင်းကင်း ဇူလိုင် ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့တွင်ချင်းတွင်းမြစ်ရေ ဆက်လက်မြင့်တက်လျက်ရှိရာ ဇူလိုင် ၁၂ ရက် ညနေ ၅ နာရီ တိုင်းထွာချက်အရ စိုးရိမ်ရေအမှတ် ၁၃၅၀ စင်တီမီတာ အထက်ကျော်လွန်၍ စိုးရိမ်ရေအမှတ် ၁၄၂၀ စင်တီမီတာအထိ ရောက်ရှိနေကြောင်း သိရသည်။

မင်းကင်းမြို့ အနိမ့်ပိုင်းရပ်ကွက်တွင် အိမ်ခြေရှစ်လုံးပြောင်းရွှေ့ခဲ့ရပြီး မင်းကင်းမြို့နယ် ရွာကံ၊ ဗရုံကာ နှင့်ရှမ်းတောကျေးရွာတို့၌ ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် နှမ်းစိုက်ခင်း၃၅ ဧက ရေလွှမ်းမိုး ပျက်စီးခဲ့ရာ ယင်းနေ့အထိ ပညာရေးကျောင်း ၁၆ ကျောင်း ပိတ်ထားရကြောင်း သိရသည်။

**ဂျိုးနက်**

# ကျောက်ပန်းတောင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ လူထုလူတန်းစားအသီးသီးနှင့် တွေ့ဆုံ၍ ပြည်သူ့အသံနားထောင်ကာ ဌာန၏အားနည်းချက်၊ အားသာချက်များအား ရှင်းလင်းဆွေးနွေး

**ကျောက်ပန်းတောင်း ဇူလိုင် ၁၃**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့ပေါ်ရှိဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အသီးသီးရှိလူမှုရေးအသင်းအဖွဲ့များ၊ လက်ရှိဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေရသည့် လူနာစောင့်များနှင့် တွေ့ဆုံ၍ ပြည်သူ့အသံနားထောင်ဆန်းစစ်ခြင်းအခမ်းအနားကို ဇူလိုင် ၁၂ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခမ်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးစိုးနိုင်က ကျောက်ပန်းတောင်းမြို့နယ် ခုတင် ၅၀ ဆံ့ဆေးရုံ၏ ဝန်ထမ်းဖွဲ့စည်းပုံ၊ လက်ရှိခန့်အပ်ထားမှုနှင့် လစ်လပ်မှုများကိုလည်းကောင်း၊ ဆေးရုံတက်ရောက်ကုသသူ လူနာများအား ဆေးဝါးထောက်ပံ့နိုင်မှု အခြေအနေများနှင့် တစ်နှစ်ကျော်ကာလအတွင်း လူနာများ တက်ရောက်ကုသမှုပိုမိုများပြားလာမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများထံမှ မြို့နယ်ဆေးရုံအပေါ်တွင် မိမိတို့အမြင်များကို ဆွေးနွေးကြရန်နှင့် လိုအပ်ချက်များကို ထောက်ပြဆွေးနွေးအကြံပြုကြပါရန် ဖိတ်ခေါ်ရာ၊ တက်ရောက်လာသည့် မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် လူငယ်အဖွဲ့ကိုယ်စားလှယ်များက ဆေးရုံဝန်ထမ်းများမှ လူနာများ လူနာစောင့်များ အပေါ်တွင် နွေးထွေးစွာ ဆက်ဆံရေး၊ ပြည်သူ့အသံကို အမှန်တကယ်နားထောင်ပြီး ပြည်သူ့လိုအပ်ချက်များကိုလည်း မိမိတို့အစိုးရအဖွဲ့အစည်းအဆင့်ဆင့် သိရှိအောင် တင်ပြပေးနိုင်ရေးနှင့် မြို့နယ်ဆေးရုံ၏အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး အစရှိသည်တို့ကို အကြံပြု တင်ပြဆွေးနွေးခဲ့ကြသည်။

တင်ပြဆွေးနွေးချက်များနှင့် ပတ်သက်၍ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးအေးခိုင်၊ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်၊ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဒေါ်သန်းသန်းမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး(သူနာပြု) ဒေါ်စန်းစန်းယဉ်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးစိုးနိုင်တို့က ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံသည် ဖွဲ့စည်းပုံအားဖြင့် ခုတင် ၅၀ ဆံ့ဖြစ်သော်လည်း အဆောက်အအုံနှင့် နေရာထိုင်ခင်း အခြေအနေအရလစဉ် ခုတင် ၈၀ ကျော်မျှ ကုသမှုပေးနေရကြောင်း၊ ဝန်ထမ်းဖွဲ့စည်းပုံပြည့်မီခြင်း မရှိသော်လည်း၊ ပြည်သူလူထု ကျန်းမာရေးဝန်ဆောင်မှုများကို ရှိသည့်အင်အားဖြင့်ပင်အတတ်နိုင်ဆုံး ဖြည့်စွမ်းပေးနေကြောင်းနှင့် လူနာအတွက်လိုအပ်သည့် ဆေးဝါးများကိုလည်း အားလုံးအခမဲ့ပေးနိုင်ခြင်းမရှိသော်လည်း လိုအပ်မှု၏ ၈၀ ရာခိုင်နှုန်းခန့်ကို ပံ့ပိုးပေးလျက်ရှိကြောင်းနှင့် လက်ရှိအခြေအနေတွင်လည်း မြို့နယ်ဆေးရုံအား အဆင့်မြှင့်တင်နိုင်ရေးအတွက် ခုတင် ၁၀၀ ဆံ့ဆေးရုံအဖြစ် ဖွဲ့စည်းပုံတိုးမြှင့်ရရှိရေး တင်ပြထားကြောင်း ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်၊ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်၊ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဒေါ်သန်းသန်းမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး(သူနာပြု) ဒေါ်စန်းစန်းယဉ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်ကျော်ရန်နှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ လူနာစောင့်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## အာဇာနည်နေ့အထိမ်းအမှတ်အခမ်းအနား မုံရွာမြို့ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်တွင် ကျင်းပမည်

**မုံရွာ ဇူလိုင် ၁၄**
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ (၆၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဗိုလ်ချုပ်လမ်းပေါ်ရှိ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်တွင် ကျင်းပမည်ဖြစ်ကြောင်း ကျင်းပရေးဦးစီးကော်မတီထံမှ သိရသည်။

အာဇာနည်နေ့ အထိမ်းအမှတ် အခမ်းအနားမှာ နိုင်ငံတော်အလံတင်ခြင်း၊ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို ဝမ်းနည်းကြောင်းအထိမ်းအမှတ်အဖြစ် သေနတ်မြေစိုက်အလေးပြုခြင်း၊ ဝမ်းနည်းကြောင်း အထိမ်းအမှတ် ခရာမှုတ်ခြင်း၊ ဝမ်းနည်းကြောင်း အထိမ်းအမှတ် အလံတိုင်တစ်ဝက်လျှော့ချခြင်းတို့ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့မှအရာရှိဦးစီး တပ်ဖွဲ့ဝင်ခုနစ်ဦးက ဆောင်ရွက်ခြင်း၊ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် တက်ရောက်လာသူများမှ ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ် ငြိမ်သက်ခြင်း၊ ဦးညွှတ်အလေးပြုခြင်း၊ လွမ်းသူ့ပန်းခွေများ ချထားခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အာဇာနည်နေ့အထိမ်းအမှတ် အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ မြို့မိမြို့ဖများ၊ NGO များနှင့် အခြားအဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ တက်ရောက်ကြမည်ဖြစ်ကာ မုံရွာမြို့ ရွှေစည်းခုံဘုရား သာသနာ့ဗိမာန်တော်တွင်လည်း ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးများအားရည်မှန်း၍ ဆရာတော်၊ သံဃာတော် ၁၈ ပါးတို့အား အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။


**ဖိုးချမ်း(မုံရွာ)**

## ကျောက်မဲမြို့တွင် ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြော

**ကျောက်မဲ ဇူလိုင် ၁၄**
ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ အ-ထ-က(၂)တွင် ဇူလိုင် ၁၂ ရက် မွန်းလွဲပိုင်းက ကျောက်မဲခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးအသိပညာပေးဟောပြောခဲ့သည်။

အခမ်းအနားတွင် ကျောက်မဲခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်က ကျန်းမာရေးအသိပညာပေး ဟောပြောပွဲပြုလုပ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျောက်မဲမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင် ဒေါ်ခင်စန်းရီက ငှက်ဖျားရောဂါ အန္တရာယ်အကြောင်းကိုလည်းကောင်း၊ အမျိုးသမီးကျန်းမာရေးဥက္ကဋ္ဌ ဒေါ်ဇီဝါထွန်းက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုကဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့ဝင်ဒေါ်သန်းသန်းရီက တီဘီရောဂါအကြောင်း သိကောင်းစရာများ စသည့်ကျန်းမာရေးဆိုင်ရာများကို အသီးသီးဟောပြောခဲ့ကြကြောင်း သိရသည်။

**ကျောက်မဲခရိုင်မြန်/ဆက်**



**ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် ဗိုလ်ပန်းလမ်းနှင့် ဘုရားလမ်းထောင့်ရှိ မြို့တွင်းသတ်မှတ်အမှိုက်ပုံနေရာတွင် အမှိုက်များစနစ်တကျစွန့်ပစ်နိုင်ရေး၊ အမှိုက်ပုံရန်နေရာလွတ်ရရှိရေးနှင့် ပင်မရေထုတ်မြောင်းတူးဖော်၍ မိုးရာသီ၌ ရေစီးရေလာကောင်းမွန်ရေးအတွက် ဇွန် ၁၁ ရက်မှစတင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။** သတင်းနှင့်ဓာတ်ပုံ- စိုးမင်းဦး(ပြန်/ဆက်)



## မြို့တွင်းတည်ဆောက်ရေးနှင့် သန့်ရှင်းသာယာရေး လုပ်ငန်းများကြီးကြပ်ဆောင်ရွက်

**အောင်လံ ဇူလိုင် ၁၄**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် ယခင်ရက်များက မိုးများရွာသွန်းခဲ့သဖြင့် လမ်းများပေါ်သို့ ရေလျှံခြင်းကြောင့် နုန်းမြေများတင်ကျန်နေခြင်း၊ ချောင်းကူးတံတားများ ရေတိုက်စားမှုများကြောင့် ပျက်စီးမှုများရှိနေခဲ့သဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လမ်းများပေါ်တွင် တင်ကျန်ရစ်နေသော နုန်းသဲများအား ဖယ်ရှားခြင်း၊ တံတားများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်လံမြို့ စမ်းချောင်းရပ်ကွက် ပြည်လမ်းမကြီးရှိ ကုသိနာရုံချောင်းတံတား တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပြည်လမ်းမကြီးပေါ်ရှိ ရွှံ့နွံများ၊ နုန်းသဲများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ယာဉ်ယန္တရားဖြင့် ရှင်းလင်းဖယ်ရှားနေမှုလုပ်ငန်းများကို မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမောင်မောင်အေးတို့က ဇူလိုင် ၁၂ ရက် ညနေ ၄ နာရီက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိန်းလွင်(ပြန်ဆက်)**

ဆောင်းပါး

à ဒေါ်နမောင်

# 'မမ'ရေ့...အားကိုးပါရစေ



ရန်ကုန်မြို့ပြသယ်ယူပို့ဆောင်ရေးမှာ မြန်မာ့မီးရထားရဲ့ ရန်ကုန်မြို့ပတ်နဲ့ ဆင်ခြေဖုံးနေရာတွေကိုပြေးဆွဲပေးနေတဲ့ မြို့ပတ်ရထားပို့ဆောင်ရေးလည်းပါဝင်ပါတယ်။ ယခုနောက်ပိုင်း ရန်ကုန်မြို့တွင်း ကားလမ်းပိတ်ဆို့မှုဟာ အတော်လေးဆိုးရွားလာတာကြောင့် ယာဉ်ကြောပိတ်ဆို့မှုသက်သာတဲ့ မြို့ပတ်နဲ့ ဆင်ခြေဖုံးရထားတွေကို ပြောင်းလဲအသုံးပြုလာကြပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း ယာဉ်ကြောပိတ်ဆို့တဲ့ဒဏ်ကို မခံစားနိုင်လို့ မြို့ပတ်ရထားပြောင်းစီးတာကြာပါပြီ။ ရန်ကုန်မြို့တွင်းကိုလည်း အချိန်အနည်းငယ်နဲ့ သက်သက်သာသာ ချောင်ချောင်ချိချိရောက်အောင်သွားနိုင်သလို ရထားခစျေးနှုန်းကလည်း အလွန်သက်သာတာကြောင့် ယခုနောက်ပိုင်း ရထားကိုပဲအသုံးပြုလာရပါတယ်။ ကျွန်တော်တို့လိုပဲ လူတန်းစားအလွှာမျိုးစုံကလည်း ရထားကိုပဲ ပြောင်းလဲအသုံးပြုလာတာတွေ့ရပါတယ်။

ကျွန်တော်တို့ဟာ ယာဉ်ကြောပိတ်ဆို့တဲ့ဒဏ်ကိုမခံစားနိုင်တော့လို့ သက်သာလို သက်သာငြား မြို့ပတ်ရထားကိုပြောင်းလဲအသုံးပြုခဲ့ကြတာပါ။ ယခုနှစ် သင်္ကြန်မတိုင်မီအချိန်အထိ ရထားစီးရတာအတော်လေးအဆင်ပြေပြေပါပဲ။ နွေရာသီအလွန်ပူပြင်းခဲ့ပေမယ့် ခရီးသွားလာတဲ့အခါ လေဝင်လေထွက်ကောင်းကောင်းနဲ့ ချောင်ချောင်ချိချိ စီးလို့ရခဲ့တာကြောင့် နွေရာသီကာလက ရထားအသုံးပြုပြီးသွားရေးလာရေး အဆင်ပြေခဲ့ရပါတယ်။ ဒါပေမယ့် မေလလောက်ကနေစပြီး နေ့တိုင်းလိုလိုပါပဲ ရထားအသုံးပြုရတာ အတော်လေးအခြေအနေဆိုးရွားလာခဲ့ပါတယ်။ နေ့တိုင်းကြုံတွေ့နေရတာက ရထားအချိန် အတော်လေးနောက်ကျတာပါပဲ။ ဥပမာ ရထားအချိန်ဟာ နံနက် ၈ နာရီဆိုပါစို့၊ ရထားဟာ အစောဆုံး ၈ နာရီခွဲကျော်လောက်မှ ရောက်လာပါတယ်။ တစ်ခါတစ်ခါ ၉ နာရီထိုးခါနီးလောက်မှ ရောက်လာပါတယ်။ အနည်းဆုံးတစ်နေ့ကို မိနစ် ၃၀ နဲ့ တစ်နာရီနီးပါးရထားစောင့်ရင်း အချိန်ကုန်နေရပါတယ်။ သတ်မှတ်ထားတဲ့ ရထားချိန်နဲ့ ကွာလှ ၁၀ မိနစ်ဝန်းကျင်လောက်အထိ နောက်ကျတာမျိုးက သင်္ကြန်မတိုင်ခင်က ကြုံခဲ့ဖူးပေမယ့် ယခုနောက်ပိုင်းတောက်လျှောက်လိုလိုပါပဲ တစ်နေ့ကို မိနစ် ၃၀ ကျော်အထိစောင့်ရင်း အချိန်တွေကုန်ကြရပါတယ်။

ရုံးတက်ကြရတဲ့ အစိုးရဝန်ထမ်းတွေ ပြင်ပဝန်ထမ်း၊ ကျောင်းသား၊ ကျောင်းသူ အားလုံးဟာ နေ့တိုင်းလို သွားလာရတာ အချိန်နောက်ကျနေကြရတာကြောင့် တော်တော်လေးစိတ်ကသိကအောင့်ဖြစ်ကြရပါတယ်။ ကားနဲ့သွားရင်ပိုဆိုးမှာမို့လို့ ရထားအသုံးပြုရသူတွေကျားကိုကြောက်လို့ ဆင်ကိုအားကိုးကာမှ ဆင်ကြီးကျားထက်ဆိုးတဲ့အဖြစ်နဲ့ လာတွေ့နေရပါတယ်။ ဘာကြောင့် ရထားအချိန်နောက်ကျရလဲဆိုတာကို ဘူတာကလက်မှတ်ရောင်းတဲ့သူကိုမေးတော့လည်း ရထားစက်ခေါင်းချွတ်ယွင်းလို့နဲ့ ဖြေတဲ့သူကဖြေ၊ တချို့ကလည်း ရေရေရာရာမသိရကြောင်းဖြေတဲ့လူနဲ့။ နောက်ရထားစီးတော့ ရထားပေါ်က ရထားအလံပြတို့၊ လက်မှတ်စစ်တို့ကိုလည်း ကြုံလို့မေးကြည့်တော့ ရထားစက်ခေါင်း ပျက်လို့ မနက်မနက်ဆိုရထားတွေ စုဆင်းသွားတော့ ရန်ကုန်ဘက်ပြန်အတက်တွေ နည်းသွားတယ်ဆိုတာမျိုးတွေပဲ ပြန်ကြားရပါတယ်။

ရထားစက်ခေါင်းတွေက နေ့တိုင်းပဲ ပျက်နေကြတာလား ကျွန်တော်တို့လည်း မမြင်ရတော့ သူတို့ပြောတဲ့အတိုင်းပဲပေါ့။ နောက်မနက်မနက်ဆိုရထားတွေက စုပြီးထွက်လို့ ပြန်အတက်တွေ နည်းတယ်ဆိုတာကစဉ်းစားစရာပါ။ တကယ်တော့ ရထားခရီးစဉ်လမ်းကြောင်းတွေကို အချိန်နဲ့ဆွဲပြီး အသွားအပြန်တွေ စီစဉ်ပြီးသားဆိုတာကို ရန်ကုန်ဘူတာကြီးမှာ LED ဘုတ်နဲ့ပါ စာတန်းတွေထိုးပြီး ကြေညာထားပြီးသားပါ။ ဒါကို ဘာကြောင့် မနက်မနက်ဆို စုပြီးဆင်းတယ် ဆိုတာပြောရတာလဲဆိုတာတော့ ကျွန်တော်လည်း မတွေ့နိုင်တော့ပါဘူး။ တကယ်တော့ ရထားဟာ ဘတ်စ်ကားတွေလို လမ်းကြောလုမောင်းရတာ၊ ပြိုင်မောင်းရတာလည်းမရှိပါဘူး။ ဘတ်စ်ကားတွေလို မီးပွိုင့်တွေလည်းတောက်လျှောက် ကျပ်တာမျိုးလည်းမရှိပါဘူး။ ရထားက မီးပွိုင့်ရှိပေမယ့် အမြဲတမ်းမိတာမျိုးလည်း မဟုတ်ပါဘူး။ သူ့လမ်းကြောင်းမှာပဲ မောင်းရတာပါ။ ဒါကိုဘာအကြောင်းကြောင့် ဒီလောက်ထိ အချိန်တော်တော်ကြာ ရထားချိန်နောက်ကျနေရတာလဲဆိုတာတော့ ကျွန်တော်တို့လည်းမတွေးဆတတ်တော့ပါ။

မြန်မာ့မီးရထားက တာဝန်ရှိသူတွေအနေနဲ့လည်း အမှန်တကယ်ဖြစ်ပျက်နေတာတွေကို သေချာသိ အောင်လုပ်ဖို့ လိုပါပြီ။ ဒီအတိုင်းသာ အမြဲတမ်း နောက်ကျနေရမယ်ဆိုရင်တော့ အများပြည်သူတွေအတွက် အခက်အခဲတွေ ပိုလာပြီး ရထားအသုံးပြုမှုအတွက်စိတ်ပျက်သွားနိုင်ပါတယ်။

အထူးသဖြင့် ရန်ကုန်ဘူတာကြီးကနေ တိုးကြောင်ကလေး၊ ရွာသာကြီးနဲ့ ဒဂုံတက္ကသိုလ်ဘက်ကို သွားတဲ့လမ်းကြောင်းတွေမှာ အသွားရော အပြန်လမ်းကြောင်းတွေပါ အင်မတန်မှ နောက်ကျပါတယ်။ ကျွန်တော်ကိုယ်တိုင် ဇွန်လ ဒုတိယပတ်က ပုဇွန်တောင်ဘူတာကနေ သင်္ဃန်းကျွန်းငမိုးရိပ်ဘူတာကို ပြန်ဖို့ ညနေ ၄ နာရီ ၁၀ မိနစ် ရထားကို ၄ နာရီမထိုးခင်ကတည်းက စောင့်လိုက်တာ ရထားက ၄ နာရီ ၅၅ မိနစ်မှရောက်ပါတယ်။ တစ်နာရီလောက်စောင့် လိုက်ရပါတယ်။ တစ်ခါ ဇွန် ၂၀ ရက်က ရန်ကုန်ဘူတာကြီးကိုစီးဖို့ ငမိုးရိပ်ဘူတာကနေ ၈ နာရီ ၂၁ မိနစ် ရထားကို မနက် ၈ နာရီ ၁၅ မိနစ်လောက်ကတည်းက စောင့်လိုက်တာ ရထားက မနက် ၉ နာရီ ၁၁ မိနစ်မှရောက်လာပါတယ်။ တစ်နာရီနီးပါးပါပဲ စောင့်လိုက်ရတာ။ ဒါက ကျွန်တော် သေသေချာချာလေး မှတ်လိုက်မိတဲ့အခါမှာပါ။ ဒီနှစ်လလောက်အတွင်းမှာ တောက်လျှောက်ကို ရထားတွေနောက်ကျနေတာပါ။ ဒီလိုသာ တောက်လျှောက် နောက်ကျနေမယ်ဆိုရင် မြန်မာ့မီးရထားကို လူတွေအယုံအကြည်နည်းသွားနိုင်ပါတယ်။ တာဝန်ရှိသူများ စုံစမ်းစစ်ဆေးပြီး အမြန်ဆုံးအဖြေရှာဖြေရှင်းနိုင်အောင် တင်ပြရတာပါ။

နောက်ပြောချင်တာလေးတစ်ခုက ရထားဘူတာရောက်တုန်း ရထားရပ်တဲ့အချိန်နဲ့ ပြန်လည်ထွက်ခွာမယ့်အချိန်ပါ။ ဒီနေရာမှာ ရထားဆိုက်ရောက်ပြီး ပြန်ထွက်ခွာဖို့ကို ရထားအလံပြကလူတွေ အတက်အဆင်း အခြေနေကိုကြည့်ပြီး ထွက်ခွာဖို့ အချက်ပြရတာပါ။ တစ်ခါတစ်ခါ ရထားက ရပ်တာ တစ်မိနစ်တောင်မပြည့်ပါဘူး ဆင်းတဲ့လူတွေက ဆင်းတုန်း၊ တက်တဲ့သူတွေကလည်း လုတက်နေရတဲ့ကြားထဲကနေ ရထားအလံပြက ထွက်ဖို့ အလံပြတော့ ရထားကထွက်တော့ တိုးလိုးတန်းလန်းနဲ့ ကမန်းကတန်းပြေးလွှားတက်နေကြရတာကို တွေ့နေရပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်လည်း ဒီလိုပဲတက်နေကြရပါတယ်။ ဒီလိုဖြစ်ရပ်ဟာ အသက်အန္တရာယ်ရှိတဲ့အထိ ဆိုးဝါးစေနိုင်ပါတယ်။ ရထားစီးတဲ့သူတွေထဲမှာ သက်ကြီးရွယ်အို၊ ကလေးသူငယ် ကိုယ်ဝန်သည်၊ ဈေးသည်၊ မသန်စွမ်းတွေ အကုန်ပါပါတယ်။ တစ်ခါက ကျွန်တော် ရထားနောက်ဆုံးတွဲမှာစီးပါတယ်။ သင်္ဃန်းကျွန်းဘူတာရောက်တော့ ဆင်းတဲ့သူက ဆင်းလို့မပြီး တက်တဲ့သူတွေကလည်းအုံလို့ လုပြီးတက်နေရတုန်းပါပဲ။ သင်္ဃန်းကျွန်းဘူတာဟာ လူအတက်ဆင်းအတော်များတဲ့ဘူတာဆိုတာ ရထားဝန်ထမ်းတွေအားလုံးလည်းသိကြမှာပါ။ ဒါကို ဆင်းတဲ့သူကဆင်းနေတုန်း တက်တဲ့သူကလည်း တက်နေကြတုန်း ရထားရပ်တာလည်း တစ်မိနစ်လောက်ပဲရှိအုံးမယ် နောက်ဆုံးတွဲမှာပါလာတဲ့ ရထားအလံပြက ထွက်ဖို့ အလံပြတော့ရထားကထွက်ကော။ အဲ့ဒီမှာ ရထားအတက်အဆင်းနားမှာ တန်းလန်းနဲ့ လိုက်ပါလာတဲ့သူနဲ့ ကျန်ခဲ့တဲ့သူတွေလည်း အများကြီးပါ။ ရထားပေါ်မှာလူတွေသိပ် လည်းပြည့်နေတာမဟုတ်ဘဲနဲ့ ဘာကြောင့်မတင်တာလည်းလို့ စဉ်းစားမိတယ်။ ပြီးတော့မှ ရထား အလံပြကိုကြည့်တော့ သူကလက်တစ်ဖက်က ဖုန်းကိုပွတ်နေပြီး ဖုန်းသုံးနေရင်းနဲ့ အပြင်ကိုမကြည့်ဘဲ အလံကိုပြတာ တွေ့လိုက်ရပါတယ်။ ကျွန်တော် ပထမသွားပြောမယ်လို့ စဉ်းစားမိသေး နောက်မှ ကိုယ်ဆက်သွားမယ့်လမ်းကြောင်းမှာ သူနဲ့စကားများပြီး ဒေါသတွေပါသွားရင် ကိုယ်သွားရတာ အနှောင့်အယှက်ဖြစ်မှာစိုးလို့ ဘာမှမပြောဘဲနေလိုက်ပါတယ်။ ဒီလို ရထားဝန်ထမ်းတွေလည်း ရှိနေတယ်ဆိုတာ တာဝန်ရှိသူတွေသိအောင် တင်ပြတာပါ။

နောက်တစ်ခုက အခုလတ်တလော နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်ပြီး ကွမ်းစားသုံးမှုလျော့ကျအောင် အသိပညာပေးတွေ လုပ်နေတာကို ရထားဝန်ထမ်းတွေအားလုံးလည်းသိမှာပါ။ ကျွန်တော် သတိထားမိသလောက် ရထားဝန်ထမ်းတွေထဲမှာလည်း ကွမ်းစားတဲ့သူတွေ တော်တော်များပါတယ်။ ဘူတာတွေမှာ ရထားစီးတဲ့သူတွေကလည်း ကွမ်းတံတွေးကို စည်းကမ်းမဲ့ထွေးထုတ်ကြသလို ရထားဝန်ထမ်းတွေလည်း စည်းကမ်းမဲ့ထွေးထုတ်တာကိုတွေ့နေရပါတယ်။ ရထားလက်မှတ်ရောင်းတဲ့ ဝန်ထမ်းတွေကော ရထားပေါ်က တာဝန်ကျ ရထားစက်မောင်း အလံပြ၊ လက်မှတ်စစ်နဲ့ ရထားရဲဝန်ထမ်းတွေပါ ကွမ်းတွေတော်တော်လေးစားတာတွေ့ရပါတယ်။ ကွမ်းစားတာ မိမိစိတ်သဘောက အကြိုက်တွေ့လို့စားတာ ဘာမှပြောစရာမရှိပေမယ့် စားဝါးပြီး ထွေးထုတ်လိုက်တဲ့ကွမ်းတံတွေးတွေကြောင့် ဘူတာတွေ၊ ရထားတွေမှာ ညစ်ပေနေစေတာဟာ လုံးဝကို မကောင်းပါဘူး။ ကွမ်းစားနေတဲ့ ရထားဝန်ထမ်းက ကွမ်းစားပြီး စည်းကမ်းမဲ့ထွေးထုတ်တဲ့ ရထားစီးခရီးသည်တွေကို ပညာပေးဖို့၊ အရေးယူဖို့တွေလုပ်တဲ့အခါ ကိုယ်ကိုယ်တိုင်က ကွမ်းစားပြီး စည်းကမ်းမဲ့ထွေးထုတ်နေတော့ ဘာမှပြောလို့ လုပ်လို့ရတော့မှာ မဟုတ်ပါဘူး။ ရထားဝန်ထမ်းတွေအနေနဲ့ ဒီအချက်ကို သတိထားဖို့ လိုပါတယ်။

နောက် ဆေးလိပ်သောက်တာလည်း ဒီလိုပါပဲ။ ရထားပေါ်မှာ ဆေးလိပ်မသောက်ရဆိုပြီး သတိပေးတားမြစ်တဲ့စာတွေ ကပ်ထားတာတွေပါတယ်။ အရေးယူမယ်ဆိုပြီးတော့လည်း ရေးထားတာတွေပါတယ်။ တစ်ခါက လက်မှတ်စစ်တစ်ယောက်က လက်မှတ်လာစစ်နေရင်းနဲ့ စီးကရက်လေးဖွာနေပါတယ်။ ကျွန်တော့အနားရောက်တော့ ဦးလေး ဆေးလိပ်မသောက်ပါနဲ့ ကျွန်တော်တို့ ဆေးလိပ်နံ့မခံနိုင်လို့ပါလို့ပြောတော့မှ ဆေးလိပ်ကို ဘေးကရထားဘောင်နဲ့ မီးကိုသတ်လိုက်ပြီး ကိုယ်တော်က ဆေးလိပ်ကိုမပစ်သေးဘဲ အင်္ကျီအိတ်ထဲ ပြန်ထည့်ထားလိုက်ပါသေးတယ်။ ကိုယ့်ကိုတောင် မကြည်သလိုကြည့်သွားပါသေးတယ်။ ဒီလိုပဲတစ်ခါက ရထားပေါ်မှာစီးလာတဲ့ လူငယ်လေး သုံးယောက်က ဆေးလိပ်သောက်နေပါတယ်။ ကျွန်တော်လည်း သူတို့ကို ဆေးလိပ်မသောက်ဖို့ ပြောပါတယ်။ ငတေလေးတွေက ဘယ်သူမှ ဂရုမစိုက်တဲ့ပုံစံမျိုးနဲ့ သူတို့ဘာသာစကားတွေပြောပြီး ဆေးလိပ်ဆက်သောက်နေကြပါတယ်။ ကိုယ်ထပ်သွားပြောရင် စကားအချေအတင်ဖြစ်တော့မှာမို့ ရထားတွဲပေါ်မှာပါလာတဲ့ ရထားရဲဝန်ထမ်းကိုသွားပြီး ဆေးလိပ်သောက်နေတာတွေတားပေးဖို့ အကူညီတောင်းမိပါတယ်။ ရဲကပြန်ပြောတာက ဒီလိုပါပဲ သောက်နေကြတာပါပဲတဲ့။ နောက်မှ သတိထားမိတယ် အဲ့ဒီရဲရဲ့ ဘယ်ဘက်နားပေါ်မှာ စီးကရက်တစ်လိပ်ထိုးထားတာ တွေ့မိလိုက်ပါတယ်။ အော် ငါတို့အဖြစ်ဆိုးလှပါတယ်လို့ပဲ တွေးပြီးဖြေလိုက်ရပါတယ်။ တစ်ခါကလည်း ကျွန်တော်နဲ့ သုံးယောက်ကျော်မှာ စီးလာတဲ့ ဦးဇင်းတစ်ပါးက ဆေးလိပ်သောက်တော့ ကျွန်တော်က ဦးဇင်းဆေးလိပ်နံ့ တပည့်တော်တို့ မခံနိုင်လို့ မသောက်ပါနဲ့လားလို့ ရိုရိုသေသေပဲပြောပါတယ်။ ဦးဇင်းက ပြန်ပြောတယ် မင်းအနံ့မခံနိုင်ရင် မင်းတခြားနေရာသွားရှောင်နေပေါ့တဲ့။ သူပြောသလိုပဲ ကိုယ်ပဲရှောင်လိုက်တာကောင်းပါတယ်။ ဒေါသပါမိရင် ကိုယ့်အမှားဖြစ်သွားမှာစိုးလို့။ ဒီလိုတွေလည်း ကြုံနေရပါတယ်ဆိုတာ သိစေချင်တာပါ။ ရထားပေါ်မှာက ကွမ်းယာကော၊ ဆေးလိပ်ရောင်းတဲ့သူတွေက လည်သိုင်းပြီး လွယ်ရောင်းနေတာကို ရထားစီးသူတွေကော၊ ရထားဝန်ထမ်းတွေပါ ဝယ်ယူသုံးစွဲနေတာပါပဲ။ ခက်တော့ခက်တယ် ရထားပေါ်က ဆေးလိပ်မသောက်ရဆိုတဲ့ သတိပေးစာသားဟာ အသက်မဲ့လို့ နေပါတယ်။ ကျွန်တော် ၂၀၁၄ ခုနှစ်တုန်းကလည်း ကျွန်တော်ဆေးလိပ်မသောက်ပါ။ သို့သော် ဆိုတဲ့ ဆောင်းပါးတစ်ပုဒ်ရေးဖူးပါတယ်။ ကိုယ်တိုင်ဆေးလိပ်မသောက်ပါဘဲနဲ့ တခြားသူက ဆေးလိပ်သောက်ပြီး ရှူထုတ်လိုက်တဲ့ ဆေးလိပ်ငွေ့ကို ပြန်ပြီးရှူနေရသူတွေဟာလည်း ဆေးလိပ်သောက်တဲ့သူတွေလိုပဲ ဆေးလိပ်ကြောင့်ဖြစ်တတ်တဲ့ ရောဂါတွေရနိုင်လို့ပါပဲ။ ဒါကြောင့် မြန်မာ့မီးရထားက တာဝန်ရှိသူတွေအနေနဲ့ ဒီကိစ္စကို ထိထိရောက်ရောက် အရေးယူပေးဖို့ တင်ပြလိုပါတယ်။

နောက်ရထားပေါ်မှာ အမှိုက်ပုံးတွေမရှိတာလည်းကြာလှပါပြီ။ ဘာကြောင့်လဲတော့ ကျွန်တော်လည်းမသိပါ။ ကျွန်တော် ရထားစီးတဲ့အခါ တစ်ရှူးတွေသုံးပြီး ပစ်ချင်လို့ အမှိုက်ပုံးထဲပစ်ဖို့ရှာတာ ဒီနေ့အထိ မတွေ့ရသေးပါဘူး။ ပိုဆိုးတာက ရန်ကုန်ဘူတာကြီးလိုနေရာမှာတောင် အမှိုက်ပုံး နှစ်ပုံးပဲ တွေ့ပါတယ်။ ဒါတောင် အဲ့ဒီအမှိုက်ပုံးနှစ်ပုံးဟာ ဟိုရောက်လိုက်ဒီရောက်လိုက်နဲ့ အမှိုက်ပစ်ချင်ရင် အမှိုက်ပုံးကိုတော်တော်လေးလိုက်ရှာရပါတယ်။ တခြားဘူတာမှာဆို အမှိုက်ပုံးမရှိတဲ့ဘူတာက များပါတယ်။ ရထားပေါ်မှာတော့ လုံးဝကိုမတွေ့တာပါ။ ဘူတာကြီးက အမှိုက်ပုံးတွေ့ရင် အဲ့မှာပစ်ပါတယ်။ မတွေ့ရင်တော့ အိမ်ပြန်သယ်လာပြီး အိမ်ရောက်မှပဲ ပစ်ပါတယ်။ ဒါပေမယ့် ရထားပေါ်မှာ စီးတဲ့သူတွေအများစုဟာ ရေသန့်ဘူးခွံ၊ သရေစာတွေစားပြီး ပစ်တဲ့ပလတ်စတစ်အိတ်ခွံတွေ ကြက်ဥပြုတ်၊ ငုံးဥပြုတ်တွေစားပြီး အခွံတွေကို ပစ်စလက်ခတ်ပစ်ထားကြတာဟာ ရထားပေါ်နဲ့ ဘူတာတွေမှာပါ တွေ့ရပါတယ်။ **စာမျက်နှာ ၂၀ သို့**

> ရထားစက်ခေါင်းတွေက နေ့တိုင်းပဲ ပျက်နေကြတာလား ကျွန်တော်တို့လည်း မမြင်ရတော့ သူတို့ပြောတဲ့အတိုင်းပဲပေါ့။ နောက်မနက်မနက်ဆိုရထားတွေက စုပြီးထွက်လို့ ပြန်အတက်တွေ . . .

## 'မမ'ရေ...အားကိုးပါရစေ

စာမျက်နှာ၁၉မှ

အမှိုက်ပုံးမရှိတာကတစ်ကြောင်း သူတို့ကိုယ်တိုင်ကလည်း စည်းကမ်းမရှိတာလည်း ပါမှာပါ။ တစ်ခါက မြို့ပတ်ရထားစီးတုန်း မိသားတစ်စုဟာ ငုံးဥတွေစားပြီး အခွံတွေကို ဒီတိုင်းပဲ ပစ်ချထားတာ ပြန့်ကျဲနေတာပါပဲ။ ကျွန်တော်တို့စီးတဲ့အတွဲမှာပဲ နိုင်ငံခြားသားခရီးသွားတွေပါလာပါတယ်။ သူတို့တွေကိုလည်းကြည့်ပြီးသူတို့သာဘာစကားနဲ့ ပြောချင်ပြောနေမှာပါပဲ။ ပြန်တွေးကြည့်ရင် အလွန်ရှက်ဖို့ကောင်းပါတယ်။ မြန်မာတွေ စည်းကမ်းမရှိကြဘူး။ အများပိုင်ပစ္စည်းကို တန်ဖိုးမထားတတ်ကြဘူးဆိုတာ ကမ္ဘာကသိသွားစေပါတယ်။ အဲ့ဒီလို စည်းကမ်းမရှိတဲ့ သူတွေကိုလည်း ရထားတာဝန်ရှိ သူတွေအနေနဲ့ အသိပညာပေးရပါမယ်။ အသိပညာပေးပြီးတဲ့ ကာလကျော်လို့မှ မလိုက်နာရင် ထိထိရောက်ရောက် အရေးယူပေးရပါမယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ နောင်နှစ်တွေမှာ ကမ္ဘာလှည့်ခရီးသွားတွေအများကြီး လာရောက်လည်ပတ်ကြတော့မှာပါ။ ရန်ကုန်မြို့ကိုလာလည်ကြတဲ့ နိုင်ငံခြားသားအများစုဟာ မြို့ပတ်ရထားစီးပြီး ရန်ကုန်မြို့ရဲ့ လူနေမှုပတ်ဝန်းကျင်ကို လေ့လာကြပါတယ်။ ရထားပေါ်မှာ အဲ့ဒီလိုစည်းကမ်းမဲ့သူတွေကြောင့် နိုင်ငံသိက္ခာမကျရအောင် အများပြည်သူပိုင်ပစ္စည်းကို တန်ဖိုးထားတတ်လာအောင် ထိထိရောက်ရောက်လုပ်ဆောင်ပြီး ကြိုတင်ကာကွယ်ဖို့ လိုနေပါပြီဆိုတာကို မီးရထားက တာဝန်ရှိသူတွေသိအောင် တင်ပြလိုပါတယ်။

တကယ်တော့ မီးရထားဟာ ဝင်ငွေနည်းတဲ့သူတွေအတွက် သွားရေးလာရေး အဆင်ပြေအောင် အထောက်အကူပြုသလို ယာဉ်ကြောပိတ်ဆို့မှုကို ရှောင်ရှားလိုတဲ့ ခရီးသွားပြည်သူတွေအတွက်လည်း အင်မတန်အရေးပါလှပါတယ်။ ဒါကြောင့် 'မမ' လို့ခေါ်တဲ့ မြန်မာ့ မီးရထားဟာ ရထားအချိန်မှန်အောင်၊ ရထားပေါ်က စည်းကမ်းမဲ့ အမှိုက်ပစ်သူ ကွမ်းစားသူ၊ ဆေးလိပ်သောက်သူတွေနဲ့ စည်းကမ်းမဲ့ဈေးသည်တွေကို ပညာပေးအရေးယူတာ ထိထိရောက်ရောက်လုပ် ဖို့လိုနေပါပြီ။ မီးရထားပို့ဆောင်ရေးမှာ ဂျပန်နိုင်ငံဟာ အင်မတန်မှ အောင်မြင်ပါတယ်။ အခုလည်း ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ JICA ကလည်း မြန်မာ့မီးရထား ကဏ္ဍဖွံ့ဖြိုးတိုးတက်လာဖို့ ပူးပေါင်းဆောင်ရွက်နေတယ်လို့ ကြားသိရပါတယ်။ ဒါကြောင့် မြန်မာ့မီးရထား အနေနဲ့ အများပြည်သူ သယ်ယူပို့ဆောင်ရေးအတွက် အမှန်တကယ် အားကိုးထိုက်အောင် ပြုပြင်ဖို့ လိုနေတာတွေကို အမှန်တကယ် ဖြစ်ပျက်နေတဲ့ မြေပြင်အခြေအနေမှန်တွေကို သိအောင်လေ့လာပြီး အမြန်ဆုံး ပြင်ဆင်ပေးနိုင်ဖို့ တင်ပြလိုပါတယ်။ ဂျပန်နိုင်ငံကလို နောက်ဆုံးပေါ် ရထားအပျံစားကြီးတွေ မစီးရလည်းနေပါစေ။ အသွားအပြန် ရထားအချိန်မှန်မှန်နဲ့ သန့်ရှင်းသပ်ရပ်ပြီး ဆေးလိပ်ငွေ့၊ ကွမ်းတံတွေးတွေ ကင်းစင်တဲ့ ရထားလေးစီးပြီး ခရီးသွားရရင်ကျေနပ်ပါပြီ။ ဒီလိုဖြစ်လာဖို့ မြန်မာ့မီးရထား တာဝန်ရှိသူများကော၊ ရထားအသုံးပြုနေကြတဲ့ပြည်သူတွေပါ စနစ်တကျ ပူးပေါင်းပါဝင်မှုဖြစ်မှာပါ။ ကျွန်တော်တို့ကတော့ အရင်ကလည်း 'မမ'ကို အားကိုးပါတယ်။ နောက်လည်း 'မမ' ကိုပဲ အားကိုးပါရစေ။

# မျက်ရည်စစ်တမ်း... အလွမ်းအလင်္ကာ



à o&ufvef;pk&(pdyfnm)

ရေအိုးစင်ကလေးနားရောက်တိုင်း ခဏထိုင်နေမိမြဲပင်ဖြစ်သည်။ ဒီရေအိုးစင်၊ ဒီကွပ်ပျစ်ကလေးများနှင့်အတူ ဒီပတ်ဝန်းကျင်က ဘဝတစ်ခုအတွက် အထောက်အပံ့ပေးခဲ့ပြီပဲလေ။ အခုလည်း ရေအိုးစင်ကလေးနားရောက်သည်နှင့် ခဏနားရန်ထိုင်လိုက်စဉ် ကလေးငယ်တစ်ဦးကို တွေ့လိုက်ရပေသည်။ ကလေးငယ်ကို ကျောင်းမသွားဘူးလားလို့ မေးလိုက်တဲ့အခါ ကျောင်းမနေဘူးတဲ့။ ရင်ထဲအောင့်သွားပေသည်။ အခုဘာလုပ်နေသလဲဆိုတော့ ပလတ်စတစ်ကောက်တယ်။ နေမကောင်းလို့ ခဏနားနေတယ်ဆိုပြီး မှိုင်နေတဲ့မျက်နှာလေးနဲ့ ထိုင်နေတာကိုတွေ့လိုက်ရပေသည်။ အသင့်ပါလာတဲ့ မုန့်နဲ့ ရေသန့်ဘူးကလေးကို ချပေးကာ ကဲ . . . စားကွာ. . . မင်းလည်းစား အကိုလည်းစားမယ်ဆိုပြီး အတူတူစားသောက်ရင်း. မျက်ရည်များဝဲလျက် အတိတ်ဆီကို သတိရလိုက်မိပေသည်။

နံနက်မိုးလင်းကတည်းက စက်ဘီးတစ်စီးနဲ့ မုန့်ကြက်ဥ လှည့်ရောင်းနေခဲ့ပေသည်။ မနက်အစောထကာ မုန့်ကြက်ဥကို ဖောက်သည်သွားယူပြီး အိမ်ကိုပြန်လာခဲ့ပေသည်။ အမရပူရမြို့ကို သွားရောက် ရောင်းချမည်ဖြစ်သည့်အတွက် ထမင်းထုပ်ကလေးများကို အမေကပြင်ဆင်ထားပေသည်။ အိမ်ပြန်ရောက်သည်နှင့် ထမင်းစားကာ ထမင်းထုပ်နှင့်အတူ စာအုပ်ကလေးများကို စက်ဘီးတွင်ချိတ်ထားလိုက်ပေသည်။ ခဏနားသည့်အခိုက် စာဖတ်ရန်အတွက်ပင်ဖြစ်ပေသည်။ မုန့်ကြက်ဥရောင်းရန်စတင် ထွက်ခွာလိုက်သည်နှင့် ဘုရားစာများဆိုကာ မေတ္တာပို့ပါ ရွတ်လိုက်ပေသည်။ မေတ္တာပို့ပြီးသည်နှင့် ဆင်းရဲလွန်းသည့် ကိုယ့်ဘဝကိုတွေးကာ သူများနည်းတူ ချမ်းသာစွာဖြင့် ပညာသင်လိုသည့် စိတ်ကူးကလေးများကို စိတ်ကူးယဉ်မိနေပေသည်။

စိတ်ကူးထဲတွင် ပိုက်ဆံကောက်ရခြင်း၊ ထီပေါက်ခြင်းမှအစ ကူညီသူများနှင့် ဝေစည်နေပေသည်။ ပတ်ဝန်းကျင် အလှအပများကို ခံစားရင်း ကိုယ့်ဘာသာကိုယ်အထင်ကြီးမှုကလေးတစ်ခုရှိနေပေသည်။ ထိုအရာမှာ ဘယ်သူမှ နံနက်စောစောမခံစားဖူးသည့် ဦးပိန်တံတားနှင့် တောင်သမန်အင်းအလှကို ငါတို့သာ ခံစားရတယ်ဆိုသော အတွေးကလေးပင်ဖြစ်သည်။ အရှေ့ဆီမှ နေရောင်ထွက်ခါစတွင် တောင်သမန်အင်းထဲမှ ငါးကလေးများ ရေပေါ်တွင် ခေါင်းပြူကာ ပေါ်နေသည့် မြင်ကွင်းကလေးများမှာ ဦးပိန်တံတားပေါ်မှ နံနက်စောစော လျှောက်ကာ ဘဝအတွက် ရုန်းကန်သူများသာ မြင်တွေ့နေရသည့် မြင်ကွင်းသာလျှင် ဖြစ်ပေသည်။ တံတားပေါ်အထိ သဘာဝအလှတွေကိုခံစားရင်း တောင်သမန်အင်းကို ဖြတ်တိုက်လာသည့် လေနုအေးကလေးများကိုပင် ရှူရှိုက်လိုက်မိပေသည်။

လေနုအေးကလေးကို ရှူရှိုက်ရင်း 'တရံရောအခါက အဖြစ်ဆိုး. . . တောင်သမန်နယ်စားလေး မောင်ဖေငယ်လိုအဖြစ်မျိုး. . . မြတ်နိုးယုယ. . . ချစ်သူအလှဒိုင်းခင်ခင်ကို ငယ်ပေါင်းတွေမို့. . .' ဟုဆိုကာ တောင်သမန်နှင့် လိုက်ဖက်သည့် သီချင်းလေးကို သီဆိုလိုက်မိပေသည်။ သီချင်းကလေးဆုံးသည်နှင့် ဦးပိန်တံတား အနောက်ထိပ်ကို ရောက်သွားခဲ့ပေသည်။ တံတားပေါ် စက်ဘီးတွန်းလာခြင်းကို ဦးပိန်တံတားအနောက်ထိပ်တွင် အဆုံးသတ်ကာ အားရပါးရ အသက်ရှူရင်း အသံကိုကျယ်လောင်စွာဖြင့် တစ်ခွန်းအော်လိုက်ပေသည်။ ထိုအသံကလေးက ဦးပိန်တံတား အနောက်ထိပ် အမှိုက်စုရပ်ကွက်အနီးတွင် ကျယ်လောင်စွာ ထွက်ပေါ်သွားခဲ့ပေသည်။ မုန့်ကြက်ဥချိုချိုလေး တဲ့။

ခေါ်မည့်အသံကို နားစွင့်ရင်း မုန့်ကြက်ဥချိုချိုလေးဟုအော်ကာ ရောင်းနေပေသည်။ လာအုံးဟုခေါ်လိုက်လျှင် မျက်နှာလေးဝင်းသွားပြီး ပြုံးပြုံးကလေးဖြင့် အသံလာရာဘက်ဆီ စက်ဘီးနင်းသွားလိုက်ပေသည်။ မုန့်ကြက်ဥ ဝယ်ယူသူစိတ်ကြိုက်ရွေးချယ်ပေးလိုက်ပြီး ပိုက်ဆံကို လွယ်အိတ်ကလေးအတွင်း ထည့်လိုက်ပေသည်။ နောက် တစ်အိမ်၊ နောက်တစ်လမ်း နောက်တစ်ရပ်ကွက်မှသည် ရပ်ကွက်များစွာ မုန့်ကြက်ဥချိုချိုလေးဟုအော်ကာ ရောင်းနေလိုက်ပေသည်။

နေ့လည်ပိုင်းရောက်သည်နှင့် ပါလာသော မုန့်ကြက်ဥ အခု ၅၀၀ ခန့်ကုန်ခါနီး သွားပေသည်။ အရိပ်ကောင်း သောသစ်ပင်အောက်တွင် ပါလာသောထမင်းချိုင့်ကလေးကိုဖွင့်ကာ ထမင်းစားလိုက်ပေသည်။ ရေအိုးစင်ရှိသည့် နေရာကလေး ကွပ်ပျစ်ရှိသည့် နေရာကလေးဖြစ်သည့်အတွက် အေးဆေးစွာနားရင်း အားရပါးရစားလိုက်မိပေသည်။ ထမင်းစားပြီးသည်နှင့် ခဏစာဖတ်လိုက်ပေသည်။ စာဖတ်ပြီးသည်နှင့် မုန့်ကြက်ဥရောင်းခြင်းကို ပြန်လည်စတင်ပြီး မုန့်ကြက်ဥချိုချိုလေးဆိုသောအသံလေးက အမရပူရမြို့ ရပ်ကွက်အသီးသီးတွင် ကြားနေရပေသည်။ ညနေပိုင်းတွင် အိမ်အမြန်ပြန်ရောက်ရေးအတွက် စက်ဘီးကိုဒုန်းနင်းပေးရပေသည်။ မြတ်သော ငွေကလေးကို အမေ့ကိုပေးရအုံးမည်။ အမေက သားသမီးများပညာရေးအတွက် နေ့ပြန်တိုးယူထားသောငွေကလေးများကို နေ့ပြန်ဆပ်ရေး ထမင်းချက်ရေးအတွက် ခွဲဝေသုံးစွဲနေကျပင်ဖြစ်သည်။ အဖေလည်း လယ်လုပ်ငန်းကို အငှားလိုက်သလို၊ အမေလည်း လယ်ယာလုပ်ငန်း အငှားလိုက်ပေသည်။ ခြောက်ယောက်ဆိုသော သားသမီးများ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဘွဲ့ရပညာတတ်ဖြစ်ရေးအတွက် အဖေ၊ အမေနှင့်အတူ ကြိုးစားရုန်းကန်ပေးနေရသောကာလပင်ဖြစ်သည်။

ကြိုးစားရုန်းကန်နေဆဲကာလတွင် ညီငယ်တစ်ဦး တိုက်ဖိုက်ဖြစ်ကာ ဆေးရုံတက်ပြီး လရှည်ဆေးစားနေရသည့်အတွက် ကုန်ကျစရိတ်ပိုများလာခဲ့ပေသည်။ တစ်ပတ်နှစ်ရက် စနေ၊ တနင်္ဂနွေ ကျူရှင်တက်သည့် ဂုဏ်ထူးသရဖူ နေ့အထူးတန်းကိုပင် သွားရောက်မသင်နိုင်တော့ပေ။ ဆင်းရဲသည့်ဘဝတွင် တစ်ပတ်နှစ်ရက်ကျူရှင်တက်ကာ ဒသမတန်းကို အပြင်ဖြေဖြင့် ဖြေနေရပေသည်။ ဆေးဖိုးကုန်ကျမှုများသည့်လဖြစ်သည့်အတွက် ကျူရှင်လခမပေးနိုင်သည့် အခါ ကျူရှင်မသွားတော့ပေ။ နောက်တစ်လ ကျူရှင်လခပေးနိုင်သည့်အတွက် တစ်ပတ်နှစ်ရက် ကျူရှင်တက်ရန်အတွက် ဂုဏ်ထူးသရဖူ နေ့အထူးတန်းကျူရှင်ကိုသွားခဲ့ပေသည်။ ဆင်းရဲခြင်း၊ အဆင်မပြေခြင်းများကြောင့် လောကကြီးကိုဘာမဆိုင်ညာမဆိုင်စိတ်နာကာ ခေါင်းတုံးဖြင့် နေခဲ့ပေသည်။ သို့အတွက် ဆရာ၊ ဆရာမများက ခေါင်းတုံး(ကတုံး)ဟုသာ ခေါ်လေ့ရှိပေသည်။ အတန်းထဲစာသင်နေခိုက် ရူပဗေဒသင်သည့် ဆရာမ ဒေါ်ခင်မေဝင်းက မေးခွန်းတစ်ခုမေးလာပေသည်။ ကတုံး "နင်အရင်လက ဘာကြောင့် ကျူရှင်မလာတာလဲတဲ့။ ပွင့်လင်းစွာပင် ကျူရှင်လခမပေးနိုင်လို့မလာတာဟုပင် ပြောလိုက်ပေသည်။ ဆရာမမှ ထပ်မံပြီးမေးလာသော စကားကြောင့် မှင်တက်မိသွားပေသည်။ ခေါင်းတုံး (ကတုံး) နင်မုန့်ကြက်ဥရောင်းတယ်မဟုတ်လားတဲ့။ အံ့သြသွားပြီး ဟုတ်တယ်ဆရာမဟုဖြေလိုက်ပေသည်။ အေး. . . နင့် ကျူရှင်လခနဲ့ စာအုပ်စာတမ်းဖိုးတွေကို ငါပေးမယ်။ နင်ပုံမှန်ကျူရှင်လာတက်ပါတဲ့။ ဆယ်တန်းအောင်အောင်ကြိုးစားဟုဆိုလာပေသည်။ ဟုတ်ဆိုသော စကားတစ်ခွန်းသာပြောနိုင်ပြီး မျက်ရည်ကလေးများဝဲသွားပေသည်။" စာသင်ပြီးသည့်အခါ ဂုဏ်ထူးသရဖူ ကျူရှင်နှင့် မျက်စောင်းထိုး တမာတန်းနားက ဘုရားကလေးထဲသွားကာ ထမင်းချိုင့်ကလေးကိုဖွင့်စားပြီး အနာဂတ်ဆိုတာကိုပင် မပီမပြင်တွေးတော ငေးမောနေလိုက်မိပေသည်။

မုန့်ကြက်ဥရောင်းသည်၊ စာတွေကျက်သည်။ အတွေးကလေးများနှင့် မျှော်လင့်မိသည်။ အဆင်ပြေသွားသည့် အတွေးအိပ်မက်ကလေးများကိုပင် နေ့စဉ်တွေးနေမိပေသည်။ ထိုအတွေးကလေးများ၊ မျှော်လင့်ချက်ကလေးများအကြား လက်တွေ့ဆန်သော အော်သံကလေးများက နေ့စဉ်ထွက်ပေါ်လာမြဲပင်ဖြစ်သည်။ မုန့်ကြက်ဥချိုချိုလေးတဲ့။ စာမေးပွဲတို့ နီးလာခဲ့ပေသည်။ စာကျက်မှုကို ပိုမိုအားထည့်လာခဲ့ပေသည်။ ဒီနှစ် ဆယ်တန်းအောင်ရမည်ဆိုသော ရည်မှန်းချက်ဖြင့်ညပိုင်းစာကို အားထားကျက်နေမိပေသည်။ စာကျက်ပျင်းလာသည့်အခါတွင် စာရွက်ပေါ် မုန့်ကြက်ဥတောင်းနှင့် စက်ဘီးပုံကလေးကို ပုံဆွဲကာကပ်လိုက်ပေသည်။ ထို့နောက် စာကို ဖိကျက်လိုက်ပေသည်။ စာကျက်သည့် ကာလများတွင် ကြက်တောင်ပံခတ်သံနှင့်အတူ တွန်လာသောကြက်တွန်သံ ကလေးတွေက အဖော်ပင်ဖြစ်နေပေသည်။ ညပိုင်း ၁၀ နာရီတွင် တွန်သော ကြက်သံမှအစ ကြက်တွန်သံအမည်ကလေးများကိုပင် စိတ်ထဲမှ ပြောလိုက်မိပေသည်။ သူငယ်အိပ်ဆိတ်၊ သက်ကြီးခေါင်းချမှအစ ရွတ်ဆိုလိုက်မိပေသည်။

စာမေးပွဲဖြေဆိုသည့်ကာလသို့ ရောက်ရှိလာပေသည်။ ကျက်မှတ်ထားသည်များကို အားရပါးရ ဖြေဆိုခဲ့ပေသည်။ စာမေးပွဲပြီးသည့် အခါ ခေါင်းပေါ့သွားခဲ့ပေသည်။ အမှတ်မကောင်းပေမယ့် စာမေးပွဲအောင်နိုင်သည့် အခြေအနေကိုသိနေခဲ့ပြီလေ၊ စာမေးပွဲအောင်ခြင်း၏ နောက်ပိုင်းတွင် လူ့အသိုင်းအဝိုင်းအတွင်း ဝင်နိုင်စေရန် လုပ်ငန်းများစွာ သိရှိနားလည်စေရန်အတွက် ဆောက်လုပ်ရေး လုပ်ငန်းများနှင့် နယ်ပေါင်းစုံထွက်ကာ အလုပ်လုပ်နေလိုက်မိပေသည်။ ငွေကို ခြွေတာသုံးကာ အိမ်ကို ငွေအပြည့်အဝ အပ်နှံကာ မိသားစုဘဝ ပြေလည်စေရေးအတွက် မိဘနှင့်အတူ တွဲဖက်ရုန်းကန်နေရပြီလေ။ စာမေးပွဲအောင်စာရင်းထွက်သည့်နေ့တွင် အိမ်ပြန်ခဲ့ပေသည်။ ညတစ်ညလုံး အိပ်မပျော်ခဲ့ပါပေ။ စာမေးပွဲကျခဲ့လျှင်ဆိုသော အတွေးတို့ကို မတွေးရဲတော့ပေ။ ကြက်တွန်သံတွေကြားနေရပြီး ဘယ်လိုမှ အိပ်မပျော်ဘဲ အိပ်ရာထဲ ဟိုဘက်သည်ဘက်လှည့်ကာ နေလိုက်ပေသည်။ နံနက် သုံးနာရီ ထိုးသည်နှင့် စက်ဘီးဖြင့် ကျောင်းသို့ ပြေးခဲ့ပေသည်။ အောင်စာရင်းစတင်ကပ်နေပေသည်။ ကိုယ့်ရှေ့ရောက်သူလည်းရောက် ကာ နေရာမရှိတော့ပေ အောင်စာရင်းကပ်သည်နှင့် တိုးဝှေ့ကြည့်လိုက်ပေသည်။ ကြည့်စရာ နေရာမရှိသည့်အတွက် တံခါးပေါက်ကို ကာထားသည့် သံဘာဂျာတံခါးကို အားရပါးရဆွဲကာ သူများပခုံးထက်မှ အောင်စာရင်းကြည့်လိုက်ပေသည်။

တွေ့လိုက်ပါပြီ ကိုယ့်နာမည်။ မျက်လုံးပြာခနဲဖြစ်သွားသည်။ ထပ်ကြည့်သည်။ တွေ့သည်။ အဖေနာမည် ထပ်ကြည့်သည်။ မှန်ကန်သွားသည့်အတွက် သူများပခုံးထက်မှပင် အောင်ပြီ . . . အောင်ပြီ. . . အောင်ပြီကွဟု အော်ကာ အိမ်ကိုစက်ဘီးနှင့်အပြေးလာခဲ့ပေသည်။ ရွာထိပ်ရောက်သည်နှင့် မေးလာသမျှလူကို အောင်တယ်. . . အောင်တယ်. . . အောင်တယ်ဟုဆိုကာ အားရပါးရအော်ပြောပစ်လိုက်ပေသည်။ အိမ်ရောက်သည်နှင့် စာမေးပွဲအောင်သည့် သတင်းကြောင့် အဖေနဲ့ အမေပျော်လွန်းလို့ မျက်ရည်များပင်ကျနေပေသည်။ ညီငယ်၊ ညီမငယ်လေးတွေကို အဖေက နင့်အကိုကြီး အောင်တယ် လက်ခုပ်တီးပေးလိုက်အုံးဟု စလိုက်ရာ ကလေးများမှာ လက်ခုပ်တီးကာ ကသူက က နေလိုက်သည့်အတွက် ပျော်ရွှင်သွားခဲ့ကြပေသည်။

တစ်နှစ်ပြီး တစ်နှစ်ပြောင်းလာခဲ့ပါချေပြီ။ မိသားစုစားစရိတ်နှင့် ကျောင်းစရိတ်တို့ ကြီးမြင့်လာခဲ့ပါချေပြီ။ အဝေးသင်တက္ကသိုလ်တက်ရင်း၊ ကုမ္ပဏီတစ်ခုတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်ရင်း နေ့ဆိုင်း ညဆိုင်းနှစ်ဆိုင်းဆင်းကာ ကြိုးစားခဲ့ရပေသည်။ တစ်ဆိုင်းတွက်သည် အိမ်စားစရိတ်၊ တစ်ဆိုင်းတွက်သည် ညီ. . ညီမငယ်များ၏ ကျောင်းစရိတ်သာလျှင်။

ကာလတို့ပြောင်းလဲလာခဲ့ပါချေပြီ။ ညီကိုမောင်နှမအားလုံး ဘွဲ့ရသွားခဲ့ပါချေပြီ။ ဘွဲ့နှင်းသဘင်ကို အကြိမ်ကြိမ် အဖေနဲ့အမေ တက်နိုင်ခဲ့ပါချေပြီ။ ကိုယ်စီကိုယ်စီ အလုပ်ရသလို နံနက်ခင်း အလုပ်သွားခါနီးတိုင်း မိဘနှစ်ပါးကို မောင်နှမတစ်တွေ နေ့စဉ်ဦးချကန်တော့သည့် အလေ့အထလေးနှင့်အေးချမ်းပျော်ရွှင်သည့် မိသားစုကလေးကို ဖန်တီးနိုင်ခဲ့ပေသည်။ ငယ်စဉ်က ဆင်းရဲခဲ့သည့် အဖေနဲ့အမေ မရှိမရှားဘဝဖြင့် အဆင်ပြေစွာနေနိုင်လာခဲ့ပေသည်။ လကုန်ရက်တိုင်း လစာကလေးများကို စုပေါင်းအပ်ကာ ကန်တော့လိုက်ကြပေသည်။ ဘဏ်စာအုပ်ဖြင့် မိဘအတွက်ပါ ငွေစုပေးထားလိုက်ပေသည်။

ယခုလည်း မြို့ထဲသို့အသွား ဈေးရောင်းစဉ်က ထိုင်နေကျရေအိုးစင်ကလေးကို ကြည့်ရင်း ဝင်နားလိုက်ပေသည်။ ကလေးငယ်တစ်ဦးကို တွေ့လိုက်ရသည်။ မေးခွန်းလေးတွေ မေးလိုက်မိသည်။ အဖြေတစ်ခုကြားတိုင်း ရင်ထဲကို မြားတစ်စင်းဝင်လာသလို ခံစားလိုက်ရပေသည်။ နောက်ဆုံးပါလာသည့်မုန့်ကလေးကို ကလေးငယ်နှင့်အတူတူ စားသောက်ရင်း ကလေးငယ်ကို အားပေးလိုက်မိပေသည်။ စိတ်အတွေးမှာတော့ လွန်ခဲ့တဲ့နှစ်များဆီ ရောက်သွားသလို လက်အုပ်ချီမိုးကာ ကန်တော့ရင်း မုန့်ကြက်ဥသည်လေးကို ကျူရှင်ခမယူဘဲ ကူညီခဲ့သည့် ဆရာမဒေါ်ခင်မေဝင်းကို အာရုံထဲမှ မှန်းဆကာကန်တော့ရင်း မျက်ရည်တို့ကဝဲလျက် ဩော် . . . မျက်ရည်စစ်တမ်းမှာ အလွမ်းတွေ အလင်္ကာမြောက်သွားပါလား။


MPT
ရွှေ့သို့လှမ်းချီမြန်မာပြည်
2X
ဝယ်သလောက် အပိုရမယ့်
နှစ်ဆ
DATA PACK
အသက်သာဆုံး
2.5KS/MB
မှစတင်၍
MONTHLY PACK

| မူရင်း Data ပမာဏ | Data အပိုဆု | ဈေးနှုန်း (ကျပ်) | ဈေးနှုန်း / MB | USSD (သို့) ဖုန်းခေါ်ရန် | စာတိုပို့ရန် |
|---|---|---|---|---|---|
| 400MB | 400MB | ၂၈၀၀ | 3.5Ks/MB | *2002# | 400MB to 1332 |
| 1GB | 1GB | ၆၅၀၀ | 3.25Ks/MB | *2003# | 1GB to 1332 |
| 2GB | 2GB | ၁၂၀၀၀ | 3.0Ks/MB | *2004# | 2GB to 1332 |
| 5GB | 5GB | ၂၅၀၀၀ | 2.5Ks/MB | *2005# | 5GB to 1332 |

24 HR PACK
အစီအစဉ်သစ် 120MB ကို ၄၀၀ ကျပ် *2001# (သို့) 120MB to 1332
ဇူလိုင်လ(၁၃)ရက်မှ စတင်ဝယ်ယူနိုင်ပါသည်
24 HR PACK ကို ဝယ်ယူသည့်အချိန်မှစ၍ ၂၄နာရီအတွင်း အသုံးပြုနိုင်ပါသည်
MPT၏ ဆွေသဟာ အစီအစဉ် ရယူထားသော Prepaid,Postpaid GSM/WCDMA အသုံးပြုသူများအားလုံး ပါဝင်ခွင့်ရှိပါသည်
၂၀၁၆ ဧပြီလ(၁)ရက်မှစ၍ လက်ရှိနှုန်းထားများတွင် ကုန်သွယ်ခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free 24 hours everyday

# ပေး၍မကုန် လှူ၍မခန်း ဇောတိက ဝါဆိုသင်္ကန်း

| | | | | | |
|---|---|---|---|---|---|
| တရုတ်စိုင်စီဒွိစ့် L ဆိုဒ် (ရိုးရိုး) | ၉၅၀၀ | အင်ဒိုရိုင်ဖယ် L ဆိုဒ် (ဖြုတ်ခါးခွဲ) | ၂၀၀၀၀ | ဂျပန်လီနင်ဒွိစ့် (လိပ်ပြာ) L ဆိုဒ် (ဖြုတ်ခါးခွဲ) | ၃၅၀၀၀ |
| ကိုရီးယားစိုင်စီဒွိစ့် L ဆိုဒ် (ရိုးရိုး) | ၁၁၀၀၀ | ပဒုမ္မာချည်ပိုင် (ပိန့်) L ဆိုဒ် (ဖြုတ်ခါးခွဲ) | ၂၀၀၀၀ | သီရိရိုင်ဖယ်ဒွိစ့်(သေနတ်သုံးလက်) L ဆိုဒ် (ဖြုတ်ခါးခွဲ) | ၃၅၀၀၀ |
| ကိုရီးယားစိုင်စီဒွိစ့် L ဆိုဒ် (ဖြုတ်ခါးခွဲ) | ၁၃၀၀၀ | ဂျပန်စိုင်စီဒွိစ့် (ဘိုမ) L ဆိုဒ် (ဖြုတ်ခါးခွဲ) | ၂၇၀၀၀ | သီရိရိုင်ဖယ်ဒွိစ့်(ဘိုမ-၃၃၃) L ဆိုဒ် (ဖြုတ်ခါးခွဲ) | ၃၅၀၀၀ |
| စက်ကပူစိုင်စီဒွိစ့် L ဆိုဒ် (ဖြုတ်ခါးခွဲ) | ၁၅၀၀၀ | ဂျပန်စိုင်စီဒွိစ့် (ဘိုမ) LL ဆိုဒ် (ဖြုတ်ခါးခွဲ) | ၃၀၀၀၀ | ဂျပန်မာတင်ဒွိစ့် (ဘိုမ) L ဆိုဒ် (ဖြုတ်ခါးခွဲ) | ၃၅၀၀၀ |
| ယိုးဒယားစိုင်စီဒွိစ့် L ဆိုဒ် (ဖြုတ်ခါးခွဲ) | ၂၀၀၀၀ | အင်တာနက်ဒွိစ့် (ဘိုမ) L ဆိုဒ် (ဖြုတ်ခါးခွဲ) | ၃၀၀၀၀ | ဂျပန်မာတင်ဒွိစ့် (ဘိုမ) LL ဆိုဒ် (ဖြုတ်ခါးခွဲ) | ၃၈၀၀၀ |

"အဆင့်မြင့် အထူးစပါယ်ရှယ် ဝါဆိုသင်္ကန်းများ"

| | |
|---|---|
| စူပါကင်း CCC ကော်တွန်ချည်သား L ဆိုဒ် (၂ဖြုတ်ခါးခွဲ) | ၇၀၀၀၀ |
| စူပါကင်း GGG ကော်တွန်ချည်သား L ဆိုဒ် (၂ဖြုတ်ခါးခွဲ) | ၁၀၀၀၀၀ |
| စူပါကင်း AAA ကော်တွန်ချည်သား L ဆိုဒ် (၂ဖြုတ်ခါးခွဲ) | ၁၂၀၀၀၀ |
| စူပါကင်း SSS ကော်တွန်ချည်သား L ဆိုဒ် (၂ဖြုတ်ခါးခွဲ) | ၁၅၀၀၀၀ |
| ကြာရိုးချည်သင်္ကန်း(အင်းလေးကျောင်းခန်း)ဒွိစ့် | ၂,၀၀၀,၀၀၀ |

## ရန်ကုန်မြို့ပေါ်ရှိ ဇောတိကသင်္ကန်း ပင်ရင်းအရောင်းဆိုင်များ

www.zawtika.com

ဇောတိက (၁) အမှတ်(၃၅)၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၈၀၅၈၁
ဇောတိက (၂) အမှတ်(၉၇)အေ၊ ဘုန်းကြီးလမ်းအလယ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၁၂၁၅၉
ဇောတိက (၃) အမှတ်(၆၁၆၂)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၉၃၁၇၉၃၃၊ ၀၉-၃၂၀၇၁၃၄
ဇောတိက (၄) အမှတ်(၃၅)၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၈၀၅၇၇၊ ၀၁-၈၆၀၃၁၂
ဇောတိက (၅) ၁၅လမ်း၊ ညောင်ပင်လေးဈေးအနီး၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၂၆၉၂၈
ဇောတိက (၆) တာမွေလမ်းဆုံ၊ ရွှေဟိုရ်ရှင်ရုံရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁- ၇၀၇၂၅၉
ဇောတိက (၇) ပြည်လမ်း၊ ဂမုံ လမ်းဆုံ၊ ဗိုလ်မဘက်အနီး၊ မရမ်းကုန်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၆၅၃၁၃၇
ဇောတိက (၈) ပုဇွန်တောင်ဉယျာဉ်အိမ်ရာ၊ ပုဇွန်တောင်ဈေးအနီး၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၃၀၇၅၀၀၅
ဇောတိက (၉) AKK Shopping Mall အနီး၊ ကျိုက္ကဆံဘုရားမှတ်တိုင်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၅၆၀၇၉၃
ဇောတိက (၁၀) မြန်မာဘစ်ရှော့ဈေးဝယ်စင်တာ ၈၅၊ ရေတာရှည်လမ်းဟောင်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၅၅၂၉၂၅
ဇောတိက (၁၁) ဘစ်ရှော့ဈေးဝယ်စင်တာ၊ (၉၄၆)၊ သုမင်္ဂလာလမ်း၊ မ/ဥက္ကလာ၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၉၆၉၂၂၅၉
ဇောတိက (တ/ဥက္ကလာ) (၁၄၅/က)၊ ပါရမီလမ်း၊ ပါရမီအဝေးပြေးရှေ့၊ တ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၃၃၃၆၇
ဇောတိက (မ/ဥက္ကလာ) ဒေဝသီလမ်း၊ မ/ဥက္ကလာ(၅)ဈေးအနီး၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၃၃၁၆၆၄၂၉
ဇောတိက (ရွှေပြည်သာ) တိုက် (၁၇-အေ)၊ ပဒုမ္မာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၃၃၁၆၆၄၂၇
ဇောတိက (သိမ်ကြီးဈေး) ၅၇၊ ကုန်ဈေးတန်းလမ်း၊ သိမ်ကြီးဈေးအနီး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၇၉၃၅၃
ဇောတိက (အင်းစိန်) အမှတ်(၉)၊ လှိုင်မြစ်ကမ်းလမ်း၊ အင်းစိန်ဈေးကြီးရှေ့၊ အင်းစိန်မြို့နယ်၊ ဖုန်း ၀၉ ၃၃၅၄၅၂၁၂
